# ဦးအေးဖေ

# ကျွန်တော်သဘောပေါက်သော အနတ္တ

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ... ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ... ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ကျွန်တော်

သဘောပေါက်သော

# အနတ္တ

ဦးအေးမေ

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၃၀၃/၂၀၀၄ (၅) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၃၆၀/၂၀၀၄ (၆) |
| ပထမအကြိမ်ပုံနှိပ်ခြင်း | ၂၀၀၄-ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၅၀၀ိ/- |
| ကွန်ပျူတာစာစီ | ချမ်းသာကွန်ပျူတာ |
| ထုတ်ဝေသူ | ဦးရဲမြင့် (ယာယီ-၇၃၄)<br>ချမ်းသာစာပေ<br>အမှတ်-၂၉၉/၄၊<br>ပျဉ်းမမြိုင်လမ်း၊ သုဝဏ္ဏ။<br>သင်္ဃန်းကျွန်းမြို့နယ်။ |
| ပုံနှိပ်သူ (အတွင်း+အဖုံး) | ဦးရဲမြင့် (မြဲ-၀၆၁၀၃)၊<br>ချမ်းသာပုံနှိပ်လုပ်ငန်း<br>အမှတ်-၅၃/၆၊ ၅၅-လမ်း၊<br>ပုဇွန်တောင်မြို့နယ်။<br>ရန်ကုန်မြို့။ ဖုန်း-၂၀၃၅၁၄ |

# အမှာစာ
# သိမ်မွေ့နက်နဲလှသော အနတ္တာ

အမှာစာရေးပေးပါလို့ပြောလာလို့သာရေးရတာပါ၊ အမှာစာရေးရတာက တာဝန်ကြီးလေးလှပါတယ်။ အစ်ကိုကြီး ရေးချင်ရာသာ ရေးပါဆိုပေမယ့် အနတ္တကို ကျမ်းစာဖြစ် လာအောင်ရေးထားတဲ့ပုဂ္ဂိုလ်က ညီလေးတစ်ယောက်လိုလည်း ရင်းနှီးခင်မင်တယ်၊ နောက်ပြီးအတွေးအခေါ် ဉာဏ်ကလည်း ကြီးမားလှတဲ့ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပြန်တော့ အတော်လေးဂရုစိုက် ရေးရမှာဖြစ်တယ်လို့ သဘောပေါက်မိပါတယ်။ အဲ့ဒီထဲမှာ ကျမ်းစာရဲ့အမည်ကလည်း "ကျွန်တော်သဘောပေါက်သော အနတ္တာ"ဆိုသောအခါ သိမ်မွေ့နက်နဲလှသော အနတ္တာကို သူသဘောပေါက်သလိုရေးသားပြုစုထားတဲ့အတွက် စိတ်ဝင်တစားဖတ်သင့်တဲ့ စာတစ်အုပ်တော့ပေါ်ထွက်လာပြီလို့ ခံစားမိလိုက်ပါတယ်။ အဲ့ဒီ ဆောင်းပါးတွေကို ဓမ္မရသတွေကို အမြဲတမ်းဖော်ထုတ်ပေးနေတဲ့ 'မြတ်သတိဝါဒီ' မဂ္ဂဇင်းမှာ ရေးနေတာတွေဖတ်နေရစဉ်ကတည်းက အနတ္တကိုသင်္ခတနှင့် အသင်္ခတနယ်အသီးသီးတို့နဲ့ ယှဉ်ပြီး ရေးသားနေတာတွေလည်း တွေ့ရပါတယ်။

စာရေးသူဦးအေးဖေနှင့် ပတ်သက်ပြီး ထူးခြားတာတစ်ခုက ဓမ္မတရားတွေကို လေ့လာမှတ်သားတဲ့ နေရာမှာရော နက်နက်နဲနဲတွေးခေါ်တဲ့အခါမှာရော ဓမ္မကိုသိပ္ပံနဲ့ ယှဉ်တွဲစဉ်းစားလေ့ရှိ

တယ်၊ အဟာဘုတ်ခေါတ် ကြီးလေးပါးကိုတောင်မှ သူ့အမြင်က ဆန်းပြားလှပါတယ်။ သူရဲ့အနုတ္တစာအုပ်ကို ဖတ်တဲ့အခါ ထူးခြားတာကို စာဖတ်ပရိသတ်တွေ့ကြရမှာ ဖြစ်ပါတယ်။

ဒီအမှာစာမှာ ထည့်ရေးမပေးလို့မဖြစ်တဲ့ အကြောင်းအရာတစ်ခုကတော့ သူနဲ့ ကျွန်တော်ဆွေးနွေးကြဖူးတဲ့အကြောင်း တစ်ချို့ရှိပါတယ်။ ရုပ်နာမ်(၂)ပါးဖြစ်တဲ့ ခန္ဓာ(၅)ပါးသည် တစ်ခုပြီးမှတစ်ခု ဇယ်စက်သလို ဖြစ်တာလား၊ တစ်ပြိုင်နက်ဖြစ်တာလား၊ နောက်တစ်ခုက အရိယာသစ္စာ(၄)ပါးကို ပိုင်းခြားသိလိုက်ပြီဆိုတဲ့အခါ တစ်ပြိုင်နက်ပဲလား၊ ဒါမှမဟုတ် တစ်ခုပြီးတစ်ခုအစဉ်လိုက်သိရတာလား၊ အဲဒီဆွေးနွေးဖော်ထုတ်ချက်တွေကိုလည်း သူ့ရဲ့အနုတ္တကျမ်းစာအုပ်မှ တွေ့ကြရမှာ ဖြစ်ပါတယ်။

ဦးအေးဖေ(သဗ္ဗဓမ္မာ)အနုတ္တသည် ဤစာအုပ်ပြုစုရေးသားနေတာ အချိန်အတော်ကြာယူပြီး စဉ်းစားတွေးခေါ် ရေးသားတာဖြစ်ပါတယ်။ ဓမ္မာသာကစ္ဆာအဖွဲ့မှာလည်း အကြိမ်ကြိမ်ထပြီးဆွေးနွေးညှိနှိုင်းခဲ့တာပါ။ အဖွဲ့ဝင်တွေကလည်း ၎င်းရဲ့ဆွေးနွေးချက်များကို စိတ်ဝင်စားကြတာ ကိုယ်တိုင်တွေ့ရှိခဲ့ရပါတယ်။

နက်နဲပြီးသိမ်မွေ့လွန်းလှတဲ့ အနုတ္တကို သူသဘောပေါက်ထားတဲ့အမြင်ကို ဘက်စုံအောင်တင်ပြထားတဲ့ ဤစာအုပ် (သို့) ကျမ်းစာသည် ဖတ်ကြားလေ့လာသူများ၏ အတွေးအခေါ် ဉာဏ်အနိမ့်အမြင့်အလိုက် သဘောကျနှစ်သက်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ဦးကံညွန့်(ပါရမီ)

# အမှာစာ

ဦးအေးဖေကို မိတ်ဆက်ပေးရန် လိုပေလိမ့်မည်။

ဦးအေးဖေဟူသည့်ပုဂ္ဂိုလ်သည် လေအေးအေးဖြင့် စကားပြောတတ်သူဖြစ်သည်။ ဉပတိရုပ်ကောင်းပြီး အရုပ်အမောင်းထောင်ထောင်မောင်းမောင်းရှိ၍ မျက်နှာသွင်ပြင်ကို မြင်ရုံဖြင့် လေးစားထိုက်သူတစ်ဦးဖြစ်ကြောင်း သိသာထင်ရှားပါသည်။

သူသည် အင်ဂျင်နီယာတစ်ဦးဖြစ်၍ လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတွင် လုပ်ကိုင်ခဲ့ဘူးသူတစ်ဦးဖြစ်ပါသည်။ သူသည် ခေတ်ပညာဘက်တွင်သာ အောင်မြင်သူမဟုတ်၊ ဘာသာတရားနှင့် ပတ်သက်သော စာအုပ်စာပေများစွာကို လေ့လာဆည်းပူးဆန်းစစ်ခြင်း၊ ဘာသာရေးအတွေးအခေါ်ပိုင်းဆိုင်ရာ များစွာကို ဘာသာရေးလေ့လာသူများစွာတို့နှင့် လေးလေးနက်နက် ဆွေးနွေးတွေးခေါ်ခြင်း၊ ဘာသာရေးအသိများကို ဖလှယ်ခြင်း၊ ဘာသာရေးစာပေများကို ရေးသားခြင်းများပြုလုပ်လျက် မိမိ၏ ဘာသာရေးအသိများကို ကောင်းမြတ်သော စေတနာဖြင့် အခြားသောဘာသာရေးလိုက်စားသူများအား ဖြန့်ဝေခြင်းစသည် စသည်များကို ဆောင်ရွက်ခဲ့သော၊ ဆောင်ရွက်နေဆဲဖြစ်သော၊ နောင်တွင်လည်း ဆောင်ရွက်နေဦးမည်ဖြစ်သော ပညာရှင်တစ်ဦးလည်း ဖြစ်ပေသည်။

စကြာဝဠာခပ်သိမ်းနှင့် အရာခပ်သိမ်းတို့သည် မတည်မြဲသော တရားများဖြစ်ကြသည်။ လူသားကိုယ်တိုင်လည်း မတည်မြဲသောတရားဖြစ်သည်။ မတည်မြဲသော မပြီးပြည့်စုံသော အနိစ္စ

တရား တစ်ခုက ပြီးပြည့်စုံသော ထာဝရဒုက္ခကင်းဝေးမှုနှင့် ငြိမ်းချမ်းမှုကို မညွှန်ပြနိုင်ချေ။ ထို့ကြောင့် နိစ္စထာဝရ ပြီးပြည့်စုံသော တရားကို ရှာရမည်။ ယင်းတရားကသာလျှင် ထာဝရငြိမ်းချမ်းမှုကို ပြည့်စုံစွာ ညွှန်ပြနိုင်ပေမည်။ မိမိတို့ရှာဖွေသော တရားသည်ထာဝရ တည်မြဲသော မှန်ကန်မှု (နိစ္စသစ္စာ)ဖြစ်ရပေမည်။

တစ်ခါက သာစည်မှ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တစ်ဦးကို ဦးအေးဖေ၏ အတွေးမှ ထွက်ပေါ်လာသော ထူးဆန်းသည့် မေးခွန်း တစ်ခုကို မေးခဲ့ဘူးပါသည်။ "What is your Religion?" (သင်ကိုးကွယ်သော ဘာသာမှာ အဘယ်နည်း)။ ယင်းမေးခွန်းကို ထိုပုဂ္ဂိုလ်မြတ်က မေးခွန်းပြင့်ပင် လွယ်လွယ်ရှင်းရှင်းလေး ဖြေဆိုပြသွားပါ၏။ "Is there any Religion?" (ဘာသာဆိုတာကြီးကရော တကယ်ရှိလို့လား)။ ဤအမေးအဖြေကို ဦးအေးဖေသည် အလွန်နှစ်ခြိုက်ပြီး မကြာခဏပြောပြလေ့ရှိပါသည်။ ဤအမေးအတွက် ဤအဖြေမှာ တွေးကြည့်လေ အမှန်တရားကို ကွက်ကွက်ကွင်းကွင်းမြင်လေ ဖြစ်ပေလိမ့်မည်။

ကမ္ဘာဦးအစမှ ခေတ်အသီးသီး လူမျိုးအသီးသီးတိုင်းတွင် လူသားမျိုးနွယ်တို့အတွင်းမှ လူသားဘုရား(အချို့ဘာသာဝင်များက 'တမန်တော်'ဟု အမည်တပ်ခေါ်ဆိုကြသည်)အသီးသီးပွင့်ပေါ်ခဲ့သည်။ ထိုဘုရားရှင်များ၏ ညွှန်ကြားပြသဟောကြားသော တရားများကို လက်ခံယုံကြည်ကြ၍ ခေတ်အလိုက်သော်လည်းကောင်း၊ လူမျိုးအလိုက်သော်လည်းကောင်း၊ ဘုရားရှင်များ၏ အမည်နာမ အလိုက်သော်လည်းကောင်း လူသားများကပင် ဘာသာကို အမည် တပ်ပေးလေ့ရှိကြသည်။ ဥပမာ ယေရှုခရစ်(Jesus Christ) တရား

ပြသမှုကို လက်ခံယုံကြည်လိုက်နာသူများကို ခရစ်ယာန် (Christian) ဟုလည်းကောင်း၊ ဂျူး (Jews)လူမျိုးများ၏ ဘာသာကို ဂျူဒဇင်(မ်) (Judaism)ဟုလည်းကောင်း၊ မိုဟာမဒ် (Mohamad)၏ တရားပြသမှုကို လက်ခံယုံကြည်လိုက်နာ ကျင့်ကြံသူများကို မိုမဟာမဒင် (Mohamadin) သို့မဟုတ် အစ္စလာမ်ဘာသာဝင် (Islam)ဟု လည်းကောင်း၊ ဂေါတမဗုဒ္ဓ၏ တရားပြမှုများကို လက်ခံယုံကြည် လိုက်နာကျင့်ကြံသူများကို ဗုဒ္ဓဘာသာဝင်အစရှိသဖြင့် ပညတ်အားဖြင့် ဘာသာများ ကွဲပြားခြားနားနေသော်ငြားလည်း အမှန်တရား (ultimate reality)ကို ရှာဖွေနေကြခြင်းသာ ဖြစ်ပါသည်။

ဘာသာတိုင်း၌ ဥပုဒ်သီတင်း ဆောက်တည်ခြင်း၊ အလှူဒါနပေးခြင်း၊ ရှိခိုးဝတ်ပြုခြင်း၊ သီလစောင့်ထိန်းခြင်း၊ ပုတီးစိတ်ခြင်း၊ ဝိပဿနာရှုခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်း၊ တရားဖြန့်ဝေခြင်းများရှိကြသည်ကို လေ့လာသူများတွေ့မြင် သိရှိရပေမည်။ လူမျိုးကွာခြားခြင်း၊ အသားရောင်ကွာခြားခြင်း၊ အရပ်အမောင်း အမွှေးအမှင် အထူအပါး ပါရှိခြင်း၊ မျက်နှာသွင်ပြင် ကွာခြားခြင်းများရှိသော်လည်း အထက်ဖော်ပြပါ ကုသိုလ်ပြုမှုများ၊ တရားရှာဖွေမှုများမှာ တူညီကြကြောင်း အများသိရှိပြီးဖြစ်ပါလိမ့်မည်။ မည်သည့် ဘာသာဝင်က မှန်သည် သာသည်ဟု ယှဉ်ပြိုင်နေမည့်အစား၊ ဘာသာပေါင်းစုံကို သဘောထားကြီးကြီးဖြင့် လေ့လာခြင်းအားဖြင့် တရားစစ် တရားမှန် များနှင့် ပိုမိုနီးကပ်လာမည်မှာ မုချကေန်ဖြစ်ပါမည်။

တောင်ကုန်းတစ်ခု၏ ထိပ်သို့ရောက်ရန် မည်သည့်အရပ်မျက်နှာရှိ လှေခါးထစ်များမှ တက်တက်၊ ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့်

တက်ပါက တောင်ထိပ်သို့ ရောက်မည်မှာ သေချာပါသည်။ ထိုနည်းတူ မည်သည့်ဘာသာဝင် ဓမ္မခရီးသည်မဆို ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကျင့်ကြံအားထုတ်ပါက မိမိလိုရာပန်းတိုင်သို့ ရောက်မည်သာ ဖြစ်ပါသည်။

ဘာသာပေါင်းစုံကို အတွင်းကျကျ နိုက်နိုက်ချွတ်ချွတ် လေ့လာကြည့်ပါက တစ်နေရာတွင် ဆုံမှတ်တစ်ခုရှိသည်ကို တွေ့ရပေမည်။ သတိမမူ ဂူမမြင်ဆိုသော စကားကဲ့သို့ပင် သတိရှိက မြင်ရမည်သာဖြစ်ပါသည်။ ဤသည်ကို ဦးအေးဖေ အထူးသဘော ပေါက်နားလည်ပြီး "ဘာသာအားလုံး၏ ဆုံမှတ် (Converging Point) တစ်ခုရှိတယ်ဆိုတာ လက်ခံယုံကြည်တယ်"ဟု မကြာခဏ ပြောတတ်ပါသည်။

ဦးအေးဖေရေးသားသော "ကျွန်တော်သဘောပေါက်သောအနတ္တတရား"များမှာ အထူးပင်လေးနက်သိပ်သည်းမှုရှိကြောင်းကိုဓမ္မမိတ်ဆွေများ သတိထားမိပေလိမ့်မည်။ ဦးအေးဖေ၏ စေတနာမွန်ဖြင့် ဖြန့်ဝေသော ဓမ္မစာပေများသည် ဘာသာပေါင်းစုံမှ ဓမ္မမိတ်ဆွေများ အားလုံးအတွက် ကောင်းမြတ်သော အတွေးအခေါ်များပေးမည်မှာ အမှန်ပါဟု ဆိုပါရစေ။

အမှာစာရေးသူမှာ အစ္စလာမ်ဘာသာဝင်တစ်ဦးဖြစ်ပါသည်။

**ဒေါ်ရီရီသန်း M.Sc (Bot:)**
(ရုက္ခဗေဒဌာနမှ ဆရာမဟောင်းတစ်ဦး)

# ကံထွန်းသစ်၏
# အမှာစာ

ဆရာဦးအေးဖေကို လူထက်စာကို အလျှင်သိခဲ့ရပေသည်။ သူရေးသားသည့် 'ကျွန်တော်သဘောပေါက်သောအနတ္တ' စာမူဖိုင်ကြီး မဂ္ဂဇင်းတိုက်သို့ရောက်လာသောကြောင့်ပင်။ ထိုစာမူကို ယူလာသူက ဆရာဦးအောင်သင်း၊ ဖတ်ကြည့်ပြီး မဂ္ဂဇင်းတွင် ဖော်ပြရန်ကိုပါ ပြောလာသောကြောင့် တစ်ပုဒ်ခြင်း ဖတ်ကြည့်မိသောအခါ. . .

ဘာသာမတူသော နိုင်ငံခြားသားတစ်ဦး၏ နိဗ္ဗာန်နှင့် ပတ်သက်၍ အသေကြီးနှင့် အသေလေးကိစ္စ၊

'ဓာတုဗေဒပါမောက္ခတစ်ဦး၏ လူမှာ အဋ္ဌကလပ်ရုပ် (၈) ပါးမကဆိုသည့်ကိစ္စ၊ ဆရာတော်ကြီးတစ်ပါး၏ ကမ္မဇရုပ်နှင့် နှလုံးအစားထိုးကုသခြင်းကိစ္စ'

စသည့်. . . စသည့်. . . ခဲကပ်သော အကြောင်းအရာတို့ကို ချဉ်းကပ်သုံးသပ်တင်ပြထားပုံမှာ ဘဝင်ကျစရာ ကောင်းလှပါသည်။

ထို့ကြောင့် စာဖတ်သူများကိုလည်း ဓမ္မပီတိ၊ ဓမ္မရသ စသည်တို့လည်း ရစေ၊ အနတ္တဉာဏ်အမြင်လည်း ရင့်သန်စေလိုသောဆန္ဒဖြင့် မြတ်သတိဝါဒီမဂ္ဂဇင်းတွင် အခန်းဆက် ဖော်ပြပေးလိုက်ပါသည်။ ဖော်ပြရကျိုးနပ်သည်ဟု ဆိုရပါမည်။ ထိုစာမူနှင့်ပတ်သက်ပြီး စာဖတ်ပရိသတ်ထံမှ ပဲ့တင်သံများကို ကြားရသောကြောင့်ပင်၊ ပဲ့တင်သံအမျိုးမျိုးတို့တွင် ဉာဏ်ခံနက်သူတို့ထံမှ ပဲ့တင်သံကျယ်ပြီး၊ ဉာဏ်ခံမနက်သူတို့ထံမှ ပဲ့တင်သံ ငယ်သည်သာ ကွာကြသည်။ သဘောကျ နှစ်ခြိုက်မှုတို့ကား မခြားလှပေ။

ပရိသတ်အနည်းအများကို မရေတွက်သာပေမယ့် စောင့်ဖတ်သည့် ပရိသတ်ရှိသည်ကတော့အမှန်ပင်။ အကြောင်းကြောင်းကြောင့် လခြားသာထွက်နိုင်ခဲ့သော မဂ္ဂဇင်းကို စောင့်ဖတ်ခြင်းမှာ တော်ရုံနှစ်သက်မှုနှင့် မဖြစ်နိုင်ပေ။ ထို့အပြင် စောင့်ဖတ်သူများသည် ကိုယ်တိုင် ဝိပဿနာအလုပ်ကို နေ့၊ ညဥ့် ကျင့်ကြံနေကြသူများဟု သိရသောအခါ ဖော်ပြပေးရသည့်အတွက်လည်းကောင်း၊ ဆရာဦးအေးဖေ၏ အားထုတ်မှုကိုလည်းကောင်း၊ ကျေနပ်ဂုဏ်ယူမိသည်မှာအမှန်ပင်။

ထို့ပြင် စာပေနယ်တွင် ဗုဒ္ဓဒေသနာနှင့်ပတ်သက်၍ အကြောင်းအရာ အမျိုးမျိုးကို ရေးသားနေကြသည့်တိုင် အနတ္တနှင့် ပတ်သက်သော အကြောင်းအရာကိုမူ ခြေခြေမြစ်မြစ် (ဘုရားအလိုတော်ကျ-သိပ္ပံနည်းကျ) ရေးသားတင်ပြသူကားမရှိ

သလောက်ရှားလှပေသည်။ ထိုရှားပါးသူထဲတွင် ဆရာဦးအေးဖေလည်း တစ်ယောက်အပါအဝင်ဖြစ်သည်ဟု ဆိုလိုက်ချင်ပါသည်။ ထိုသို့ ရေးသူရှားပါးခြင်းကိုလည်း အပြစ်မဆိုသာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုသည့် လက္ခဏာရေးသုံးပါးတွင် 'အနတ္တ'၏ သဘောသဘာဝသည် သိမ်မွေ့ခဲကပ်လှရကား တော်ရုံဉာဏ်နှင့် မချဉ်းကပ်နိုင်ကြပေ။ ယခု ထိုအနတ္တကို ဆရာဦးအေးဖေက ခိုင်မြဲသောယုတ္တိများဖြင့် စူးစမ်းဆင်ခြင်ပြထားသည်မှာ ရှင်းလင်း ပြက်ထင်လှပါသည်။ စဉ်းစားဉာဏ်သုံးသူအတွက် ပို၍လွယ်ကူပြီး စဉ်းစားဉာဏ်မသုံးလိုသူတို့အတွက်လည်း အကြိမ်အနည်းငယ်ဖတ်ရုံနှင့် သဘော ပေါက်နိုင်ပေသည်။

လူသားမှန်သမျှ (ဘာသာရေး အဝတ်အရုံကိုခွာလျက်ကြည့်လျှင်)အလိုလားအပ်ဆုံးမှာ လွတ်မြောက်မှုချမ်းသာ ဝိမုတ္တိသုခပင် ဖြစ်ပေမည်။ ထိုသုခကိုရရန်လည်း အစွဲအနှောင်အဖွဲ့ဥပါဒါန်တို့မှ ကင်းရှင်းရပေမည်။ ထိုကင်းရှင်းရန်မှာလည်း ဘဝနှင့် လွတ်မြောက်မှုကို မြှေးယှက်နေသော အရှုပ်အထွေးတို့ကို လက္ခဏာရေးသုံးပါးကို သဘောပေါက်ခြင်းဖြင့် ပယ်ထွင်ပစ်ကြရပေသည်။ ယိုသို့ ပယ်ထွင်ရာတွင်လည်း 'အနတ္တ'ကို သဘောပေါက်ခြင်းသည် အားကြီးသောခွန်အားတစ်ရပ်ဖြစ်ချေသည်။ ထိုခွန်အားကို ရစေနိုင်ရန် ဆရာဦးအေးဖေ၏ ယခုဆောင်းပါးများက ကြီးစွာထောက်ကူပါလိမ့်မည်။ ဥပနိဿယပစ္စည်းတပ်မည်ဟု ဆိုလိုက်ချင်ပါသည်။

ထို့ပြင် ကျမ်းပြုဆရာဦးအေးဖေ၏ ထိုးထွင်ဉာဏ် ကြံဆသိ သုတ၊ မုတ၊ ဒိဋ္ဌတို့ဖြင့် နက်နဲသောအကြောင်းအရာကို ရှင်းလင်းလွယ်ကူစွာ တင်ပြပေးနိုင်ပုံကို ဖတ်လိုက်ရသောအခါ မျက်မှောက်ကာလ မြတ်ဗုဒ္ဓ၏ ဒေသနာတို့ကို ဟောပြောရေးသားဖြန့်ချိနေကြသော ပုဂ္ဂိုလ်တို့အားလည်း ထိုသို့ စွမ်းနိုင်ကြလျှင် ကောင်းလေစွဟု ပြင်းပြသော ဆန္ဒဖြစ်ပေါ်လိုက်မိပါသေးသည်။

ကံထွန်းသစ်

၁၄-၂-၂၀၀၄

မြတ်သတိပဋ္ဌာနဝိဒီမဂ္ဂဇင်း

# နိဒါန်း

## (၁)

အသက်လေးဆယ်နှစ်နှစ်သာ ရှိသေးသော မေမေဟာ (၁၉၄၇)ခုနှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ မကွယ်လွန်ခင်မှာ အကြီးအကျယ် မကျန်းမမာဖြစ်နေသောကြောင့် လမ်းပင်ကောင်းကောင်းမလျှောက်နိုင်ပဲ တုတ်ထောက်လျှောက်နေရပါသည်။ ထိုမျှမကျန်းမမာဖြစ်နေလျှက်ပင် မေမေ့မှာ ဆန္ဒတစ်ခု ပြင်းစွာ ဖြစ်ပေါ်လျက် ရှိနေလေသည်။ ထိုဆန္ဒကား ရဟန်းအစ်မဖြစ်လိုသော ဆန္ဒပင်ဖြစ်သည်။ ကျွန်တော်တို့မှာလည်း ငယ်နေသေးသောကြောင့် ရဟန်းဝတ်ရန် အသက်မမှီသေး၊ မေမေ့ဆန္ဒပြည့်ဝစေရန် ဖေဖေက ရဟန်းလောင်းရှာပေးရသည်။ ရဟန်းခံပွဲကျင်းပရာဘုန်းတော်ကြီးကျောင်းသို့ မေမေ့အား နေအိမ်မှ ထမ်းစင်ဖြင့် ခေါ်ဆောင်ခဲ့ရသည်။ ရဟန်းခံ ရေစက်ချတရားနာပြီးသောအချိန်တွင် မေမေ၏မျက်နှာ ဝင်းလက်ကြည်သာ၍ ဝေဒနာများပင် ပျောက်ကင်းသွားသည့်အလား ပီတိတွေ ဖြစ်နေလေသည်။ အမှန်မှာ သာသနာကို ချီးမြှင့်လိုသော သဒ္ဓါတရားက လွှမ်းဆော်နေသောကြောင့် ရဟန်းအစ်မဖြစ်လိုသောဆန္ဒ မေမေ့တွင်

ဖြစ်ပေါ်နေခြင်း ဖြစ်ပေလိမ့်မည်။ ရဟန်းခံအလှူပြီး၍ နှစ်လသုံးလ ခန့်အကြာတွင် မေမေကွယ်လွန်သွားခဲ့လေသည်။

(၂)

ကျွန်တော့်မှာ ပညာသင်ရ စီးပွားရှာရဖြင့် ကိစ္စများမြောင် လူတို့ဘောင်တွင် ကျင်လည်ကျက်စား ရုန်းကန်လှုပ်ရှားနေရသော ကြောင့် မေမေကွယ်လွန်မီက ရဟန်းခံပေးခဲ့သော ဦးပဥ္ဇင်းနှင့် လည်း မတွေ့ဆုံဖြစ်တော့ပါ။ ဦးပဥ္ဇင်းသည်လည်း ရဟန်းအလုပ်၊ ရဟန်းတာဝန်များဖြင့် ကျင်လည်ကျက်စား၍ နေပေလိမ့်မည်ဟု တွေးထင်ခဲ့သည်။ လွန်ခဲ့သော (၁၉၉၇)ခုနှစ်တွင် ဦးပဥ္ဇင်းနှင့် မရမ်းကုန်းမြို့နယ် ရှစ်မိုင်တွင်ရှိသော ဝေဠုဝန်ကျောင်းတွင် အမှတ်မထင် ပြန်လည်တွေ့ဆုံခဲ့ပါသည်။ ရဟန်းမယ်တော်ဖြစ် သော မေမေ့သား ကျွန်တော်နှင့် ဦးပဥ္ဇင်းတို့မှာ သာသနာနှင့် ပတ်သက်၍ ညီအစ်ကိုများဖြစ်သောကြောင့် ရင်းရင်းနှီးနှီး ပွင့်ပွင့် လင်းလင်း ပြောဆိုဆက်ဆံလေ့ရှိပါသည်။ တစ်နေ့တွင် "ဦးပဥ္ဇင်း တပည့်တော်ကို ဗုဒ္ဓဘာသာဝင်တွေဟာ နိဗ္ဗာန်ရရပါလို၏၊ နိဗ္ဗာန် ရောက်ရပါလို၏ဟု ဆုတောင်း၊ ဆုယူ၊ ဆုပေးလုပ်နေကြတာ သဘာဝမကျဘူးထင်တယ်။ နိဗ္ဗာန်ဟာ ရောက်အပ်ရအပ်တဲ့ တရားမှမဟုတ်ပဲ၊ မျက်မှောက်ပြုအပ်တဲ့ တရားသာပဲ"ဟု လျှောက်ထားမိပါသည်။ ဦးပဥ္ဇင်းက "မင်းကွ လူ့ပြည်မှာ လူချမ်း သာတွေကြည့်စမ်း၊ ကောင်းပေ့ဆိုတဲ့ တိုက်တွေ ကားတွေ ဇိမ်ခံ ပစ္စည်းတွေ၊ ကောင်းပေဆိုတဲ့ အစားအစာကိုစားပြီး လူချမ်းသာ စည်းစိမ်တွေ ခံစားနေကြတယ်။ လူ့ချမ်းသာထက် သာလွန်တဲ့ နတ်

ပြည်ရွာမှာဆိုရင်လည်း ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြားတွေ စီခြယ်ထားတဲ့ နတ်ဘုံနတ်နန်းတွေမှာ နတ်စည်းစိမ်ချမ်းသာကို ခံစားနေကြရတယ်။ နတ်ချမ်းသာထက် အဆအရာအထောင်သာလွန်တဲ့ နိဗ္ဗာန်ချမ်းသာ ခံစားရတဲ့သူတွေဆိုရင် ဘယ်လောက်ကြီးကြယ်ခမ်းနားတဲ့ ဘုံဗိမ္မာန်တွေနဲ့ ချမ်းသာနေကြမယ်ဆိုတာ မင်းစဉ်းစားကြည့်စမ်း၊ မင်းဒါတွေ မယုံရင် အဝီစိဇောက်ထိုးကျမဲ့အကောင်ပဲ" ဟု ပြောသွားပါသည်။ ကျွန်တော့်မှာ ဦးပဥ္စင်းအား နှုတ်မှ မည်သို့မျှ ပြန်မပြောရက်တော့ပဲ သြော် ဦးဇင်းရယ်ဟု စိတ်ထဲမှ ရေရွတ်ရင်းများစွာ ကရုဏာ သက်သွားမိပါတော့သည်။

## (၃)

နတ်ပြည်နတ်ဘုံဘဝ၊ ဗြဟ္မာ့ပြည် ဗြဟ္မာဘုံဘဝ (Planes of existence) များမှာ မြတ်စွာဘုရား၏ ဒိဗ္ဗစက္ခု အဘိညာဉ်၊ ဒိဗ္ဗစက္ခုဉာဏ် ဖြင့် ရှာဖွေတွေ့ရှိခဲ့သော ဘုံဘဝများဖြစ်ပါသည်။ လူသားများ၏ မံသစက္ခုဖြင့်သော်လည်းကောင်း၊ အသိဉာဏ်ဖြင့်သော်လည်းကောင်း တွေ့မြင်သိရှိနိုင်သော ဘုံဘဝများမဟုတ်ကြပေ။ နတ်ဗြဟ္မာများ၏ ဘဝဖြစ်တည်မှုသည် ကမ္မဇရုပ်ဖြင့်သာ ဖြစ်တည် ကြရသည်ဟု ဆိုပါသည်။ လူသားများကဲ့သို့ ဥတုဇရုပ်ဖြင့် ဖြစ်တည် ကြသည်မဟုတ်ပေ။ ထို့ကြောင့် နတ်ဗြဟ္မာများ စုတေစိတ်ကျသောအခါ မြေမြှုတ်မီးသင်္ဂြိုဟ်ရန် မလိုအပ်ခြင်းဖြစ်သည်။ ကမ္မဇရုပ်ဖြင့်သာ ဖြစ်တည်ရသောဘုံတွင် ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြားတည်းဟူသော ဥတုဇရုပ်များဖြင့် မွမ်းမံခြယ်သလျက် တည်ဆောက်ထားသော ဘုံဗိမ္မာန်များ မည်ကဲ့သို့

တည်ရှိနိုင်မည်ကို ဆင်ခြင်စဉ်းစားသင့်ပေသည်။ လူသားများ အနေဖြင့် တွေ့မြင်သိရှိနိုင်သော လူ့ဘုံနှင့် အနီးကပ်ဆုံး တိရစ္ဆာန်ဘုံဂါသာဖြစ်သည်။ တိရစ္ဆာန်ဘုံတွင်ပင် အလွန်သေးငယ်သော ပိုးမွှားများကို လူသား၏ သာမန်မျက်စိဖြင့် မတွေ့မြင်နိုင်ပေ။ ရေတစ်စက်ကို အနုကြည့်မှန်ပြောင်း (Microscope) အောက်တွင် ထား၍ကြည့်လျှင် ပိုးမွှားငယ်များ မြောက်မြားစွာ တွေ့ရှိရသည်။ နောက်ပို၍ အင်အားကောင်းသော မြင်ကွင်း (Field) သို့ ပြောင်းလဲ၍ ကြည့်လျှင် ထိုရေစက်အတွင်းမှာပင် အခြားတစ်မျိုးသော ပိုးမွှားမြောက်များစွာကို တွေ့ရှိရသည်။ နောက်ထပ်ပို၍ပို၍ အင်အားကောင်းသော မြင်ကွင်း (Field) သို့ ပြောင်းလဲ၍ ကြည့်သောအခါ ယခင်တွင် တွေ့မြင်ခဲ့သော ပိုးမွှားများနှင့်မတူသော အခြားအခြားသော ပိုးမွှားများကို တွေ့ရှိရသည်။ ရေတစ်စက်အတွင်းမှာပင် အမျိုးအမည်မတူသော ပိုးမွှားများသည် အလွှာလိုက် မရေမတွက်နိုင်အောင် တည်ရှိနေလျှင် ဤကမ္ဘာလောက၏ ရေ၊ မြေ၊ တော၊ တောင်များတွင် တိရစ္ဆာန်လောက တိရစ္ဆာန်ဘုံသားများ မည်မျှများပြားမည်ကို ခန့်မှန်း၍ပင် မရနိုင်ပေ။ လူသားများအနေဖြင့် အနီးစပ်ဆုံး ဘုံဘဝမှ တိရစ္ဆာန်များ ဖြစ်တည်နေမှုကိုပင် အကုန်အစင် မသိရှိနိုင်။ သိရှိနိုင်ဖို့ရာ များစွာ အလှမ်းကွာဝေးနေသေးသည်။ မြတ်စွာဘုရား၏ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ရှာဖွေတွေ့ရှိဟောကြား၍သာ သိရှိရသော်လည်း မည်သို့မည်ပုံ ရုပ်နာမ်ဖြစ်တည်နေကြသည်ကိုကား သာမန်လူသားများ၏ဉာဏ်ဖြင့် တွေးခေါ်၍ ရမည်မထင်ပါ။ ကမ္ဘဇရုပ်ဖြင့်သာ ဖြစ်တည်နေသော နတ်ပြည်၊ ဗြဟ္မာ့ပြည်များတွင် ဥတုဇရုပ်ဖြစ်သော ရွှေ၊ ငွေ၊

ကျောက်သံဇတ္တမြားစီခြယ်ထားသော ဘုံဗိမ္မာန်များရှိနိုင်ခြေ ရှိ မရှိ များစွာ စဉ်းစားသင့်ပေသည်။ ကံ၊ စိတ်၊ ဥတု၊ အဟာရ အကြောင်းတရားတို့ကြောင့် ဖွဲ့စည်းဖြစ်ပေါ်ခြင်းမရှိသော အသင်္ခတ ဓာတ် နိဗ္ဗာန်ပရမတ်တွင်ကား မည်သည့်ဘုံဗိမ္မာန် အမျိုးအစားမျှ မရှိသည်မှာ သေချာသည်။ ဤသဘောတရား၊ ဤအချက်အလက်များကို အစ်ကိုတော် ဦးပဥ္စင်းအား သိစေလို၊ သဘောပေါက်စေလိုသော ဆန္ဒများစွာ ရှိသော်လည်း ဘုန်းကြီးစာချ ဖြစ်နေမည်စိုးသောကြောင့် မလျှောက်ထားဖြစ်ခဲ့ပါ။

## (၄)

ကျွန်တော်အရွယ်မရောက် လူလားမမြောက်ခင် ကွယ်လွန်သွားခဲ့သော မေမေ့အပေါ်တွင် ပြုစုကျွေးမွေးခြင်းလည်း မပြုလုပ်ခဲ့ရ၊ မေမေ့လုပ်ငန်းကိစ္စအဝဝကိုလည်း မဆောင်ရွက်ခဲ့ရပေ။ အမျှတော့ ဝေနိုင်ခဲ့ပါသည်။ ဦးပဥ္စင်းနှင့် အနှစ်ငါးဆယ်ခန့် ကွဲကွာပြီးနောက် ပြန်လည်တွေ့ဆုံရသောအခါ မေမေ့အား အထူးသတိရလာပါသည်။ ကွယ်လွန်အံ့မူးမူးတွင် ဖြစ်ပေါ်လာသော မေမေ့သဒ္ဓါတရားကိုလည်း အထူးအောက်မေ့လာပါသည်။ မေမေ လက်လှမ်းမီသောအသိ၊ တတ်စွမ်းသောအင်အားဖြင့် ဦးပဥ္စင်းအား ရဟန်းဘောင်သို့အရောက် ချီးမြှောက်ခဲ့သည်။ မေမေ၏ သာသနာကို ချီးမြှောက်လိုသော သဒ္ဓါတရားကို အမွေဆက်ခံလိုသော သဒ္ဓါတရား ကျွန်တော့်တွင် ဖြစ်ပေါ်လာခဲ့ပါသည်။ သားသမီးဝတ္တရားတစ်ပါးမှ မကြေခဲ့သော ကျွန်တော်သည် မေမေ့သဒ္ဓါတရား အမွေဆက်ခံခြင်းဖြင့် မွေးကျေးဇူးဆပ်သင့်သည်မဟုတ်ပါလော။ သို့သော် . . . . .

## (၁)

### The Traveller

The wood is lovely, dark and deep
But I have promises to keep
And miles to go before I sleep
·Rabert Frotz.

အထက်ပါ အင်္ဂလိပ်ကဗျာကလေးကို အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာနေရူး၏ စားပွဲမှန်အောက်တွင် အမြဲတွေ့ရှိသည်။ ၁၉၄၇ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့သော အိန္ဒိယနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်အဖြစ် အသက် (၅၂)တွင် စတင်ထမ်းဆောင်ခဲ့ပါသည်။ အသက် (၅၂)နှစ်၏ သက်တမ်းတစ်ဝက် (၂၆)နှစ်လောက် ထောင်ထဲမှာ ဝင်ချီထွက်ချီနေခဲ့ရသည်။ အိန္ဒိယနိုင်ငံလွတ်လပ်ရေးအတွက် ခေါင်းဆောင်ကျိုးပမ်းမှုများကြောင့် ဗြိတိသျှအစိုးရက ထောင်သွင်း အကျဉ်းချထားခြင်း ဖြစ်ပါသည်။ ထောင်တွင်းစားပွဲပေါ်တွင်လည်း အထက်ပါ ကဗျာလေးကို တွေ့ရပါသည်။ အပေါ်ယံအားဖြင့် ကဗျာ၏အဓိပ္ပာယ်မှာ ခရီးသွားယောကျ်ားတစ်ယောက် နေဝင်ဖြိုးဖျအချိန်တွင် တောအုပ်တစ်ခုအနီး ရောက်လာသည်။ တောအုပ်ကိုကြည့်၍ တောအုပ်ကနက်လည်းနက်၊ ကျယ်လည်းကျယ်တယ်၊ သားရဲ တိရစ္ဆာန် ခိုးသားဓါးပြတွေရဲ့ ဘေးအန္တရာယ်လည်း ရှိနိုင်တယ်။ ဒါပေမဲ့ ပေးထားတဲ့ ကတိအတိုင်း ငါညမအိပ်ပဲ အရောက်သွားရတော့မှာဘဲဟု ဖြစ်သည်။

ကဗျာ၏အနှစ်သာရက အလွန်လေးနက်တဲ့ အဓိပ္ပါယ်ဆောင်နေတဲ့အတွက် မစ္စတာနေရူး အမြဲသိမ်းဆည်းထားပြီး အမြဲရေရွတ်နေမယ်ထင်ပါသည်။ မစ္စတာနေရူးဟာ အိန္ဒိယနိုင်ငံလွတ်လပ်ရေးအတွက် ဦးဆောင်လှုပ်ရှားရာမှာ တွေ့ကြုံနေရသော

အကြပ်အတည်း အခက်အခဲများ၊ ဘေးအန္တရာယ်အသွယ်သွယ်၊ ဆင်းရဲဒုက္ခအဖုံဖုံကို ကြံ့ကြံ့ခံ၍ အိန္ဒိယနိုင်ငံ လွတ်လပ်ရေး မရရအောင် ကြိုးစားမည့်ဆိုတဲ့ သန္နိဋ္ဌာန်ဖြင့် ဆောင်ရွက်နေသော အချိန်နဲ့ ကဗျာလေးရဲ့ အနှစ်သာရက တူညီနေသည် မဟုတ်ပါလား၊ ထိုကဗျာလေးကို ကျွန်တော် အလွန်သဘောကျသောကြောင့် မြန်မာမှုပြု၍ ဗုဒ္ဓဘာသာတွေး တွေးကာ အဓိပ္ပါယ် ပြန်ဆိုကြည့်မိပါသည်။

## ခရီးသည်

ကန္တာရခရီး၊ ရှုမငြီးအောင်
နက်မှောင်ကျယ်ပြော၊ ရွှံ့ဘွယ်နှောလည်း
မမောမပန်း၊ သည်စခန်းမှ
လွတ်လမ်းကိုဖွေ၊ ငါမနေဟု
ဆိုပြုသစ္စာ၊ များတွက်တာကြောင့်
ဆက်ခါခရီး ချီတော့မည်။

နောက် ထူးထူးခြားခြား တွေ့မြင်ရသောအရာမှာ ဗုဒ္ဓရုပ်ပုံတော်ဖြစ်ပါသည်။ ထောင်ထဲမှာသော်လည်းကောင်း၊ ကွန်ဂရက်ပါတီရုံး၊ စားပွဲပေါ်မှာသော်လည်းကောင်း၊ ဝန်ကြီးချုပ်ရုံး စားပွဲပေါ်မှာသော်လည်းကောင်း မြတ်စွာဘုရား၏ ရုပ်ပုံတော်ကားချပ်တစ်ခု အမြဲတွေ့ရှိရပါသည်။ မိရိုးဖလာအားဖြင့် ဟိန္ဒူဘာသာဝင်ဖြစ်တဲ့ မစ္စတာနေရူးဟာ မြတ်စွာဘုရားပုံတော်ကို စားပွဲပေါ်မှာ အမြဲတင်ထားခြင်းဟာ ကိုးကွယ်ဆီးကပ်လို့တဲ့ သဘောထက် အာဂမသဒ္ဓါကူးစက်လိုတဲ့ သဘောပါသည်ဟု ယူဆရပါသည်။ ဘုရားလောင်းသည် သာမန်လူများပြုနိုင်ခဲ့သည့် ထီးနန်းစည်းစိမ် သားမယား

စွန့်လွှတ်၍ တောထွက်ခဲ့ခြင်းများ၊ အလွန်ပင်ပန်းဆင်းရဲပြီး သာမန်လူများကျင့်နိုင်ခဲ့တဲ့ ဒုက္ကရစရိယာ ကျင့်ကြံခဲ့သည်များမှာ အလွန်မြင့်မားသော ရည်မှန်းချက်ပန်းတိုင်တစ်ခုအတွက် ဖြစ်ပါသည်။ ရည်မှန်းချက်ပန်းတိုင်အထိ အောင်မြင်ပေါက်ရောက်အောင် စိတ်ကို ထိန်းသိမ်းစောင့်ရှောက်သွားတဲ့ သဒ္ဓါဓါတ်သည် အာဂမသဒ္ဓါဓါတ်ဖြစ်ပါသည်။ မိမိတွေ့ကြုံခံစားနေရတဲ့ ပင်ပန်းဆင်းရဲအကြပ်အတည်း ဘေးဒုက္ခများသည် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးတည်းဟူသော ရည်မှန်းချက်ပန်းတိုင်အတွက်ဆိုသည်ကို မစ္စတာနေရူး အမြဲနှလုံးမူနေခဲ့မည်ဖြစ်သည်။ ရည်မှန်းချက်ပန်းတိုင်အရောက် စိတ်ကို ထိန်းသိမ်းထားနိုင်ရေးအတွက် မြတ်စွာဘုရားအလောင်းတော်ဘဝမှ သဒ္ဓါဓါတ်မျိုးကိန်းအောင်း ကူးစက်နိုင်ရေးအတွက် မိမိစားပွဲရှေ့မှာ မြတ်စွာဘုရားပုံတော်ကို အမြဲတမ်းထားခြင်းဖြစ်ပါလိမ့်မည်။ နောက်တစ်ချက် ဖြစ်နိုင်ချေမှာ ပသာဒသဒ္ဓါဓါတ်ဖြစ်ပါသည်။ မြတ်စွာဘုရား၏ တည်ငြိမ်အေးဆေးပြီးမေတ္တာကရုဏာဓာတ် ပြည့်လျှမ်းနေသော မျက်နှာတော်ကိုတစိမ့်စိမ့်ကြည့်နေခြင်းဖြင့် တွေ့ကြုံခံစားနေရသော စိတ်သောကများ ငြိမ်းအေးမှုပေးနိုင်သော အားဆေးတစ်ခွက်သဖွယ် ဖြစ်ပေလိမ့်မည်။ ရည်မှန်းချက်၊ ရည်ရွယ်ချက်ကြီးမားလေ၊ တွေ့ကြုံခံစားရသော ...က်အခဲ အကြပ်အတည်း ဆင်းရဲဒုက္ခများလေဖြစ်ရာ အာဂမ သဒ္ဓါဓာတ် မွေးမြူပျိုးထောင်ရေးမှာ အထူးလိုအပ်ချက်တစ်ရပ်ဖြစ်သည်ကို မစ္စတာနေရူး၏ အထုပ္ပတ္တိကို ဖတ်ရင်းသဘောပေါက်လိုက်မိပါသည်။

(၆)

ဤစာအုပ်မှာ မြတ်သတိဝါဒီသဒ္ဓမ္မမဂ္ဂဇင်းတွင် ရေးသားခဲ့သော ဆောင်းပါး (၁၁)ပုဒ်ကို စုပေါင်း၍ စာအုပ်အဖြစ် ထုတ်ဝေခြင်းဖြစ်ပါသည်။ ဆောင်းပါးတိုင်းတွင် "ကျွန်တော်သဘောပေါက်သော" ဆိုသော နာမဝိသေသန ရှိခဲ့ပါသည်။ ဘာသာရေးနှင့်ပတ်သက်၍ ရေးသားရာ၌ အလွန်သတိထားရမည်ကို ကျွန်တော်သဘောပေါက်သောကြောင့် သတိကြီးစွာထား၍ ရေးသားခဲ့ရပါသည်။ သဘောပေါက်သည်ကို စည်းလွတ်ဝါးလွတ် မရေးသားမိရန်များစွာ ဆင်ခြင်ရပါသည်။ ရေးသားခဲ့သော ဆောင်းပါးများကိုလက်လှမ်းမီသမျှ စာတတ်ပေတတ် ဆရာတော်များ၊ လူပုဂ္ဂိုလ်များထံ တင်ပြ၍ စိစစ်စေခဲ့ပါသည်။ ကျွန်တော့်မှာ စာပေကျမ်းဂန်မနှံ့စပ်သောကြောင့် ဆောင်းပါးများကို သဘာဝယုတ္တိများဖြင့်သာတင်ပြခဲ့ပါသည်။ ရေးသားရာ၌ သဘောပေါက်သောအရာကိုသဘောပေါက်၍ လောကီဥပမာပေး၍ တင်ပြခဲ့သလို သဘောမပေါက်သော အရာများကို လုံးဝမတို့မထိပဲ ချန်ထားခဲ့ပါသည်။ လောကီဥပမာပေး၍ တင်ပြသော အချို့အချက်အလက်များကိုပြန်လည်လေ့လာဆင်ခြင်သောအခါ သဘာဝယုတ္တိများမှာ အာဂမယုတ္တိနှင့်လည်း နီးစပ်နေသည်ကို တွေ့ရပါသည်။ ကံနှင့်ပတ်သက်၍ ကျွန်တော်သဘောပေါက်သည်ကို ကိန်းနေသောအရာ (Latent Property) နှင့် နှိုင်းယှဉ် ရှင်းပြခဲ့ပါသည်။ ရေခဲသည် လိုအပ်သောအပူချိန်ပမာဏ ရမှသာ အခဲအဖြစ်မှ အရည်အဖြစ် ပြောင်းလဲနိုင်သကဲ့သို့ ကောင်းမှုကံ၊ မကောင်းမှုကံများ သည်လည်းလိုအပ်သော ကောင်းမှု မကောင်းမှု ပမာဏ ပြည့်စုံမှသာ

ကောင်းကျိုး မကောင်းကျိုး ပေးနိုင်ကြောင်း တင်ပြခဲ့ပါသည်။ ဤတင်ပြချက်မှာ စာပေတွင် တွေ့ရှိရသော ပထမဇော အကျိုးပေးပုံ၊ သတ္တမဇော အကျိုးပေးပုံနှင့် သွား၍ တိုက်ဆိုင် နီးစပ်နေပါသည်။ ပထမဇောသည် ပစ္စက္ခဘဝတွင် အကျိုးပေးပုံမှာ လိုအပ်သော ကောင်းမှုမကောင်းမှုကို ပမာဏ ပြည့်စုံသောကြောင့် ဖြစ်ရန် သတ္တမဇောသည် ဒုတိယ ဘဝတွင်မှ လိုအပ်သော ကောင်းမှု မကောင်းမှု ပမာဏပြည့်စုံ သောကြောင့်ဟု ဆိုနိုင်ပါသည်။ ဆောင်းပါးတစ်ခုတွင် ခန္ဓာနှင့် ပတ်သက်၍ သဘောပေါက်သလို ဥပမာပေး၍ တင်ပြရာ၌ ရေမျက်နှာပြင်တည်းဟူသော အကြည်ဓာတ်နှင့် လေပြေလေညင်း တည်းဟူသော ဗဟိဒ္ဓဓါတ်ကို ထိတွေ့မှုကြောင့် လှိုင်းကြက်ခွပ်များ တဖြုတ်ဖြုတ် ဖြစ်ပေါ်နေပုံနှင့် ဥပမာပေး၍ တင်ပြခဲ့ပါသည်။ စာပေတွင် အခါတစ်ပါး မြတ်စွာဘုရားသည် နောက်ပါ ရဟန်း ငါးရာအား ဂင်္ဂါမြစ်ရေပြင်ပေါ်တွင် မိုးပေါက်မိုးစက်ကျ၍ တစီစီ ဖြစ်ပေါ်နေသော ရေပူစီပေါင်းများနှင့် ခန္ဓာငါးပါး ဖြစ်ပေါ်နေပုံ ဥပမာတင်စား၍ ဟောကြားခဲ့ပုံနှင့် နီးစပ်နေပါသည်။ အချို့သောသဘောပေါက်ပုံ တင်ပြသော အချက်များမှာ စာပေနှင့် မကိုက်ညီ၊ စပေ၌လည်း မတွေ့ရသည်လည်း ရှိပါသည်။ ဟဒယစက် ကွင်းဟူသော ဝေါဟာရသုံး၍ သံလိုက်စက်ကွင်းနှင့်တင်စားသော ဥပမာမှာ ဟဒယ စက်ကွင်းသည် အာရုံကို ဆွဲဆောင်တတ်ကြောင်း ပထမတွင် ဟဒယစက်ကွင်း တုန်လှုပ်ပုံပျက်သွားကြောင်းနှင့် အားကောင်းအောင် လေ့ကျင့်ပြုပြင်၍ရကြောင်း တင်ပြချက်များမှာ စာပေတွင် မတွေ့ရှိရသော်လည်း ယုတ္တိတန်သော တင်ပြချက်များဟု ယူဆပါ

သည်။ ယနေ့ခေတ် သိပ္ပံပညာရှင်များသည် အနုမြူအောက် အမှုံများကို လေ့လာရာ၌ လှုပ်ရှားနေသော အမှုံများတွင် ဒြပ်ဆွဲအား (gravitional tield) ရှိကြောင်း တွေ့ရှိနေကြသည်၊ လူနှလုံးသည် အသက်ရှင်နေသမျှ မရပ်မနား လှုပ်ရှားနေရသောကြောင့် ဟဒယ စက်ကွင်းရှိနေသည်ဟု ယူဆသည်မှာ မမှားတန်ရာ။

ရေးချင်တာတွေ၊ ရေးစရာတွေ များသောကြောင့် စိတ်ရှိတိုင်းသာ ရေးနေလျှင် နိဒါန်းသည်ပင် စာအုပ်လောက်ရှည်သွားနိုင်ပါသည်။ ဤမျှရှည်လျားသွားလျှင်လည်း မသင့်တော်သောကြောင့် နိဒါန်းကို နိဂုံးချုပ်ပါတော့မည်။ ဗုဒ္ဓဘာသာစာပေများတွင် ကမ္ဘာ့သက်တမ်းနှင့် ပတ်သက်၍ အကျင်သူတစ်ယောက်သည် အလွန်နူးညံ့သော ဝါဂွမ်းစဖြင့် အလျား တစ်ဂါဝုတ်၊ အနံတစ်ဂါဝုတ်၊ ဇောက်တစ်ဂါဝုတ်ရှိသော၊ ကျောက်တုံးကို အနှစ်တစ်ရာလျှင် တစ်ကြိမ်ပွတ်တိုက်ခြင်းဖြင့် ကျောက်တုံးသည်သာ ပွန်းပဲ့ပျက်စီးသွားရာ၏။ ကမ္ဘာ့သက်တမ်းက မကုန်ဆုံးသေချေဟူ၍ လည်းကောင်း တစ်ဖန် ကမ္ဘာတစ်ခုဖြစ်တည်ရာ၌ သံဝဋ္ဋကပ်၊ ပျက်စီးယိုယွင်းနေသာကာလ (deteriorating period) သံဝဋ္ဋ ဌာယီကပ် (destroyed period) ပျက်စီးနေသောကာလ။ ဝိဝဋ္ဋကပ် ဖွံ့စည်းဖြစ်ပေါ်နေသောကာလ (evolution period)၊ ဝိဝဋ္ဋဌာယီကပ်၊ ဖြစ်တည်နေသောကာလ(existing period)ဟု ကာလကြီးလေးခု ရှိသည်ဟု ဖော်ပြထား၍ ယင်းကပ်ကြီးလေးပါး စုပေါင်း၍ မဟာ ကပ်တစ်ကပ်ဟု ဆိုပါသည်။ တဖန် အန္တရကပ် (၆၄)ကပ်ကို ကပ်တစ်ကပ်ဟု ဆိုပါသည်။ မဟာကပ်တစ်ကပ်တွင် ပါဝင်သော ကပ်ကြီးလေးကပ်ကို အညီအမျှဖွဲ့သော် ကပ်တစ်ကပ်တွင် အန္တရကပ် (၆၄)ကပ်

ရှိ၍ နှစ်အားဖြင့် သန်းပေါင်း (၆၄၀၀၀) ရှိပါမည်။ ယခု ကျွန်တော်တို့ဖြစ်တည် နေသောကာမှာ သံဝဋ္ဋကပ်၊ ပျက်စီး ယိုယွင်းနေသော ကာလ သို့မဟုတ် ဆုတ်ကပ်ဟု ဆိုပါသည်။ သံဝဋ္ဋဌာယီကပ် ကုန်ဆုံးသောအခါ ဝိဝဋ္ဋကပ် တစ်ကျော့ပြန် လည်၍ တစ်ဖန် ကမ္ဘာတစ်ခု ဇာတ်လမ်းစပြန်သည်ဟု ဆိုပါသည်။ ကမ္ဘာများ၏ ဖွံ့စည်းဖြစ်ပေါ် ယိုယွင်း၊ ပျက်စီး၊ ဖွံ့စည်း၊ ဖြစ်ပေါ်၊ ယိုယွင်းပျက်စီးအစဉ်သည် မရပ်မနား ထရစပ်သွားနေသည်ဟု ဆိုပါသည်။ ကျွန်တော်တို့သည်လည်း ဤမျှရှည်လျားသော အစဉ်တွင် ဖွံ့စည်းဖြစ်ပေါ်ယိုယွင်း၊ ပျက်စီးနှင့် မည်မျှကြာအောင် မျောပါခဲ့ကြ၍ မည်မျှကြာအောင် ဆက်လက်မျောပါနေကြဦး မည်ကို မသိနိုင်ပေ။ ဘာအတွက် ဖွံ့စည်းဖြစ်ပေးလာရသလဲ (What for) ဟူသော မေးခွန်းကို ကျွန်တော်တို့ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်၍ဖွံ့စည်းဖြစ်ပေါ်ခိုက်တွင် အကျိုးရှိစွာ အသုံးချ နိုင်ရန်၊ လိုပေလိမ့်မည်။ အမှတ်မထင် ဖွံ့စည်း၊ ဖြစ်ပေါ်၊ ယိုယွင်း၊ ပျက်စီးသွားခြင်းဖြင့် လူ့ဘဝမှ ကွယ်ပျောက်မသွားသင့်ပေ။ ကျွန်တော့်အတွက်မှာမူ ဦးပုည၏ "သိလျက်ကယ်၊ ဝိပါတ်ရယ်ကြမ္မာ ငင်လို့၊ ရွှေဉာဏ်ရှင် မဝေခွဲနိုင်ဘူး၊ ပွဲတွေ့အများ" ဆိုတဲ့ တေးကပ်ကလေးမှ စာရုံကို ယူ၍ "သိလျက်ကယ်၊ ဆိုခဲ့တယ်သစ္စာ စကားရယ်ကြောင့်၊ ဆက်ခါပင် ဝဋ္ဋမှာသွားရာဟော့မယ်၊ သြော် မှားလေရော့လား"ဟု ရေးစပ်နေမိပါတော့သည်။

# ကျွန်တော် သဘောပေါက်သော သစ္စာနှင့် အသစ္စာ

၁။ ကျွန်တော့်ကို အစ်ကိုတစ်ယောက်က မေးပါတယ် "ဘာလဲကွ မောင်အေးဖေ၊ လျှပ်စစ်ဓာတ်အားမှာ ဗို့အားတို့၊ အင်ပီယာတို့ဆိုတာ" ကျွန်တော်က မဆိုင်းမတွပင် ဖြေလိုက်ပါတယ်။ "It is a phenomenon" အဓိပ္ပါယ်ကတော့ ဖြစ်စဉ်တစ်ရပ်ပါပဲလို့၊ လျှပ်စစ်သံလိုက် စက်ကွင်း (Magneticfield)အတွင်းမှာ ကြေးကြိုးခွေလှည့်ပတ် ရွေ့လျားတဲ့အခါ လျှပ်စစ်ဓာတ်အားဖြစ်ပေါ်တယ်။ ရွေ့လျားမှုအရှိန် မြန်သလောက် ကြေးကြိုးခွေအရေအတွက် များသလောက် သံလိုက်စက်ကွင်းအား ကောင်းသလောက် ဗို့အားအရှိန်မြင့်မားတယ်။ အင်ပီယာ ဆိုတာကတော့ သုံးစွဲတဲ့ဗို့အားအပေါ်မှာတည်ပြီး အီလက်ထရွန်များ စီးဆင်းတဲ့သဘောပဲ။ အဲဒီအချက်တွေ အားလုံးဟာ လူတို့၏လုံ့လ၊ ပယောဂကြောင့်အကြောင်း ပေါင်းဆုံပြီး ရုပ်သဘာဝနိယာမတရားတွေကို ပြုပြင်စီရင်ဖော်ထုတ်တဲ့ သင်္ခါရိကဖြစ်စဉ်တွေပါ။(Processed Phenomenon)

၂။ အာကာသအဇ္ဈာ တခွင်မှာ မိုးတွင်းအခါ မိုးသားတိမ်တိုက်တွေ အလျှာလိုက် ဖြစ်ပေါ်လေ့ရှိပါတယ်။ ဥတုနိယာမအရ အပေါ်ယံ

အလွှာမှာ လျှပ်စစ်အဖိုဓာတ်လွှန်ကဲပြီး အောက်အလွှာမှာ လျှပ်စစ် အမဓာတ်လွှန်ကဲစွာဖြစ်ပေါ်လာတဲ့အခါ လျှပ်စစ်အဖိုဓာတ်နှင့် လျှပ်စစ် အမဓာတ် အရှိန်ပြင်းစွာ ယှက်ကူးပေါင်းစပ်ရာက အလင်းရောင်နှင့် အသံမြည်ဟီးပြီး မိုးကြိုးဓာတ်အား ဖြစ်ပေါ်ပါတယ်။ ဒါက လူရဲ့ လုံ့လ ပယောဂမပါဘဲ ဖြစ်ပေါ်လာတဲ့ ဥတုနိယာမဖြစ်ပါတယ်။ တနည်း ပြောရလျှင်ကာလ၊ ဒေသအပိုင်းအခြားအတွင်းမှာ ဖြစ်ပေါ်တဲ့ သဘ်တ နိယာမပါပဲ။ (It is a natural phenomenon within timeand space)

၃။. စပါးစေ့၊ သရက်စေ့၊ ဗူးစေ့မျိုးစေ့တွေမှာ အပင်ဖြစ် ပေါ်လာ နိုင်သော သတ္တိရှိနေပါတယ်။ မြေဆီဩဇာဓာတ်၊ ရေဓာတ်၊ နေရောင်နှင့် အခြားလိုအပ်သော ဓာတ်သဘာဝတွေ ပေါင်းဆုံမိတဲ့အခါ စပါးစေ့က စပါးပင်ပေါက်လာပါတယ်။ သရက်စေ့က သရက်ပင်ပေါက်လာပါတယ်။ ဗူးစေ့က ဗူးပင် ပေါက်လာပါတယ်။ ဖွံ့စည်းဖြစ်ပေါ်မှုအတွက် လိုအပ်တဲ့ အကြောင်းများပေါင်းဆုံညီညွတ်တဲ့အခါ ဖွံ့စည်းဖြစ်ပေါ်တဲ့ ဗီဇနိယာမ ပါပဲ။ ဒီဗီဇနိယာမဟာလည်း ကာလ၊ ဒေသအပိုင်းအခြားတွေမှာ ဖွံ့စည်းဖြစ်ပေါ်တဲ့ သင်္ခတနိယာမပါပဲ။ (It is a phenomenon of Origin within time and space)

၄။ **သင်္ခတနိယာမ** သင်္ခတတရားဆိုသည်မှာ အကြောင်းတရား များ အညီအညွတ်ပြုပြင်စီရင်ထားသောတရား၊ ပစ္စယေဟိ အကြောင်း တရားတို့သည် သံ-သမံ၊ အညီအညွတ်၊ ကတော-ပြုပြင်အပ်သော ဓမ္မော-တရား၊ အကြောင်းတရားတွေ အညီအညွတ်ပေါင်းစု၍ ပြုပြင်သော တရားကို သင်္ခတဟု ခေါ်ပါသည်။ ဖွံ့စည်းဖြစ်ပေါ်စေသော အကြောင်း တရားတွေဟာလည်း သင်္ခတတွေပါပဲ။ ဖွံ့စည်းဖြစ်ပေါ်တဲ့ အကျိုး တရားဟာ လည်း သင်္ခတပါပဲ။ ဒီ အကြောင်း အကျိုးသင်္ခတတွေမှာ

လက္ခဏာသုံးရပ်ရှိ ပါတယ်။ ဒီလက္ခဏာတွေကတော့ (၁) ဥပ္ပါဒ၊ (၂) အညထတ္တ၊ (၃) ဝယ၊ ဥပ္ပါဒ၊ က+ထင်ရှားစွာဖွဲ့စည်းဖြစ်ပေါ် လာတာ၊ အညထတ္တက ဖွဲ့စည်းဖြစ်ပေါ်လာတဲ့ တရားတို့ သည် နဂိုတိုင်းမနေပဲ ပြောင်းလဲနေတယ်။ ဝယကတော့ ဖွဲ့စည်းဖြစ်ပေါ်တဲ့တရားဟာ နောက်ဆုံး ပျက်သုဉ်းသွားတာပဲ၊ (Formed into being change and decay) သင်္ခတနယ်ကဖြစ်စဉ်တွေအားလုံးဟာ ဒီသဘာဝက လွန်မြောက် လို့မရဘူး၊ ကျော်လွှားလို့ မရပါဘူး။ ဒီသင်္ခတနိယာမကို ဖြစ်စဉ်တစ်ခု၊ အကြောင်းအကျိုး၊ ဖြစ်စဉ်မျှသာဟု သဘောပေါက်ရန်လိုပါတယ်။ အကြောင်းမကင်းရင်၊ အကျိုးဖြစ်မယ်၊ အကြောင်းရောအကျိုးပါ ဥပ္ပါဒ၊ အညထတ္တ၊ ဝယ ဒီဖြစ်စဉ်အတိုင်းပဲ သွားနေမှာပဲ။

၅။ ဆက်လက်၍ သက်ရှိလောကကို (The world of sentient being) လေ့လာတဲ့အခါ အထူးသဖြင့် လူကို လေ့လာသောအခါ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသဆိုတဲ့ ဓာတ်ကြီးငါးပါးနဲ့ အထူးဝိသေသအားဖြင့် ဝိညာဏဓာတ်တစ်ပါးပါ ပေါင်းလိုက်လျှင် ဓာတ်ခြောက်ပါး ရှိတယ်။ ဒီဓာတ်ခြောက်ပါး ညီညွတ်ပေါင်းစပ်ဖွဲ့စည်းမှု ကြောင့် ဖွဲ့စည်းဖြစ်ပေါ်တဲ့အကျိုးတရား တစ်ခုမျှသာ ဖြစ်ပါ တယ်။ ဤကဲ့သို့ ဓာတ်ခြောက်ပါးအညီအညွတ်ပေါင်းစုံ ကြသည်မှာလည်း အကြောင်းမဲ့တော့ မဟုတ်ပါဘူး။ နောက်ခံ အကြောင်းတရားပေါင်းစုံတွေ ရှိပြန်ပါသေးတယ်။ဓာတ်ခြောက်ပါးပေါင်းစပ် ဖွဲ့စည်းဖြစ်ပေါ်တဲ့ လူမှာ အထူးဝိသေသအနေနှင့် ဝိညာဏဓာတ်ဟာ (အကြည်ဓာတ်) မျက်စေ့မှာ ရှိပါတယ်။ နားမှာရှိတယ်။ နှာခေါင်းမှာ ရှိတယ်။ လျှာမှာ ရှိတယ်။ ကိုယ်ကာယမှာရှိပါတယ်။ ဟဒယဝတ္ထုမှာ ရှိပါတယ်။ ပထမဦးစွာ လူရဲ့ မြင်သိစိတ်ဖြစ် ပေါ်ပုံကို လေ့လာကြည့်လျှင်-

၁။မြင်စရာအဆင်း ရုပ်အာရုံ

၇။ ကျွန်တော်သဘောပေါက်သော သင်္ခတတရားနှင့် ပတ်သက်ပြီး ဤမျှနှင့် ခေတ္တရပ်နား၍အသင်္ခတတရားကို ဆက်လက်တင်ပြလိုပါတယ်။ အသင်္ခတတရားကို အကျဉ်းဆုံးဖော်ပြရလျှင် အကြောင်းတရားတွေ ကင်းပြီးတော့ ပြုပြင်စီရင်ခြင်းကြောင့် ဖွဲ့စည်းဖြစ်ပေါ်မှု မရှိတဲ့ သဘာဝအရှိတရားဟာ အသင်္ခတတရားဖြစ်ပါတယ်။ အသင်္ခတတရား အကြောင်းကင်းတဲ့တရား၊ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရား မဟုတ်ဘူး။ အကြောင်းတရားတို့ ပေါင်းစုံညီညွတ်မှုကြောင့် ဖြစ်လာတဲ့ အကျိုးတရားလဲမဟုတ်ဘူး။ အကြောင်းတရားများစွာညီညွတ်လို့ ဖွဲ့စည်းဖြစ်ပေါ်လာတဲ့ အကျိုတရားလည်း မဟုတ်ဘူး။ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးမဟုတ်ခြင်း ကြောင့် ဥပ္ပါဒ၊ အညထတ္တ၊ ဝယ၊ အသင်္ခတ တရားမှာ မရှိပါဘူး။ ဒီ ဥပ္ပါဒ၊ အညထတ္တ၊ ဝယမရှိတဲ့ သဘောက အသင်္ခတရဲ့ လက္ခဏာတွေပါ။ အသင်္ခတဓာတ်(နိဗ္ဗာနဓာတ်) ကတော့ သဘာဝအရှိတရားကြီးပါ။ သ-ဆိုတာက ထင်ရှားရှိသော ဘာဝက တရား သဘာဝရဲ့ အဓိပ္ပါယ်က ထင်ရှားရှိသော အရှိတရားပါပဲ။ ပရမတ္ထတရား လေးပါးမှာ သင်္ခတနယ် က အရှိတရားဆိုတာက ထင်ရှားရှိတဲ့ သဘာဝ၊ စိတ်၊ စေတသိတ်၊ ရုပ်၊ အသင်္ခတနယ်က အရှိတရားက နိဗ္ဗာန်၊ ပရမတ္ထတရားဆိုတာ ထင်ရှားရှိတဲ့ တရားလို့ဆိုလိုပါတယ်။ သတ္တလောက တစ်ခုလုံးကို ခြုံငုံပြီးတော့ တစ်ကယ်အရှိတရားကို ရှာလိုက်တော့ မြတ်စွာဘုရားဟာ စိတ်၊ စေတသိတ်၊ ရုပ်ဆိုတဲ့ သဘာဝတရားတွေကို တွေ့ရှိခဲ့ပါတယ်။ ကျန်ရှိတဲ့ ပရမတ္ထတရားက သင်္ခတတရားတွေရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အသင်္ခတတရားက နိဗ္ဗာန်ပါ။ နိဗ္ဗာနဓာတ်၊ အသင်္ခတဓာတ် သဘာဝကြီးဟာ ထင်ထင်ရှားရှားကို ရှိနေပါတယ်။ နိဗ္ဗာန ဓာတ်၊ အသင်္ခတဓာတ်ဟာ သဘာဝကြီးဖြစ်ပါတယ်။ ဘယ်အချိန်မှာ ရှိတယ်။ ဘယ်နေရာမှာရှိတယ်လို့ ပြောလို့မရပါဘူး။ ကာလဝိမုတ္တိ၊ ဒေသဝိမုတ္တိ (Beyond time and space) ဖြစ်ပါတယ်။ အသင်္ခတ

ဓာတ်သဘာဝကြီးကို (နိဗ္ဗာနဓာတ်) တရားဘာဝနာမှန်ကန် ကျနစွာ ပွားများအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေသာ ထင်ထင်ရှားရှား မျက်မှောက် ပြုနိုင်ပါတယ်။ မျက်မှောက်ပြုတယ်ဆိုတာ စိတ်အာရုံမှာ ထင်ထင် ရှားရှားထိတွေ့လိုက်ခြင်းပါပဲ။ ဒီလို ထင်ထင်ရှားရှား ထိတွေ့လိုက်ရတဲ့ သဘောကို လောကီ ဥပမာနဲ့ ပြောရမယ်ဆိုလျှင် ရေမျက်နှာပြင်တစ်ခု၊ ယင်းရေ မျက်နှာပြင်ပေါ်တွင် ရေညှိဆယ်လွှာ ဖုံးအုပ်လျက်ရှိတယ် ဆိုပါစို့။ အကြွင်းသုံ့တစ်ယောက်သည် ၎င်းရေညှိများကို တုတ် တစ်ချောင်းဖြင့် တဖြေးဖြေးခြစ်နေလျှင် ရေညှိလွှာတွေဟာ တစ်လွှာ ပြီးတစ်လွှာ ပါးပါးပြီး ပေါက်ပေါက်သွားပါလိမ့်မယ်။ နောက်ဆုံးရေညှိလွှာ လည်း ပေါက်သွားရော ရေမျက်နှာပြင်ကို ဘွားကနဲ မြင်တွေ့လိုက် တော့တာပါပဲ။ ရေမျက်နှာပြင်ကို တွေ့မြင့်ပြီးသည်နှင့် တစ်ပြိုင်နက် ရေညှိ ဆယ်လွှာအနက် ရှစ်လွှာက ရေမျက်နှာပြင်ကို ပြန်ဖုံးသွားပြီး ကျန်နှစ် လွှာကတော့ လုံးဝပေါက်ပြဲ သွားသလိုပါပဲ။ တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ရေညှိဆယ်လွှာနဲ့ ဥပမာတူတဲ့ ကိလေသာဆယ်ပါး တဖြည်းဖြည်းပါးပါးသွားပြီးတော့ နောက်ဆုံးကိလေသာ ဆယ်ပါးလုံး ကင်းစင်သွားတဲ့အခါ လောကီဥပမာ ရေမျက်နှာပြင်နှင့်တူတဲ့ အသခ်တ ဓာတ် (နိဗ္ဗာနဓာတ်) သဘာဝကြီးကို ထင်ထင်ရှားရှား မျက်မှောက် ပြုပါလိမ့်မယ်။

ဒီနေရာမှာ အထူးဖော်ပြလိုတာက ကိလေသာမြူ အညစ် အကြေးစိုးစိမျှ ကျန်ရှိနေသေးသမျှနိဗ္ဗာနဓာတ်ကို မျက်မှောက်မပြုနိုင် ပါဘူး။ မျက်မှောက်ပြုပြီးသည်နှင့် ကိလေသာဆယ်ပါးအနက် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာ နှစ်ပါးဟာ အနုသယနှင့်တကွ ကင်းကွာသွားပြီး ကျန်ရှစ်ပါးက စိတ်ရဲ့ အညစ်အကြေးအဖြစ် ပြန်လည်ဖုံးလွှမ်းသွားတဲ့ သဘောရှိပါတယ်။

၈။ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုတာ တစ်ကြိမ်မှာ စိတ်အာရုံ တစ်ခုနှင့်သာ မျက်မှောက်ပြုပါတယ်။ မြတ်စွာ ဘုရားလက်ထက်တော်က အသက်ခုနစ်နှစ်အရွယ်မှာသော တာပန် (နိဗ္ဗာနဓာတ်) ကို တစ်ကြိမ် မျက်မှောက်ပြုပြီးတဲ့ ဝိသာခါဥပါသိကာမဆိုတာ အနာထပိဏ်သူဌေးတို့ ရှိခဲ့ဖူးပါတယ်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာတွေသာ ပယ်နိုင်ခဲ့ပြီး ကျန်တဲ့ ကိလေသာရှစ်ပါးနှင့် ကာမဂုဏ်ခံစားပြီး အသက်ထက်ဆုံးနေ သွားပါ တယ်။ အလွန်ပါရမီရင့်သန်တဲ့ ဗာဟိယ ဒါရုစီယလို ပုဂ္ဂိုလ်မျိုး တွေလည်း ရှိသေးတယ်။ တစ်ထိုင်တည်းမှာပဲ စိတ်အာရုံ လေးကြိမ်နှင့် နိဗ္ဗာန ဓာတ်ကြီးကို မျက်မှောက်ပြုပြီးတော့ အရဟတ္တမဂ်ရရှိသွားတဲ့ ပုဂ္ဂိုလ် မျိုးတွေလည်း ရှိပါသေးတယ်။

၉။ အသင်္ခတဓာတ် (နိဗ္ဗာန) ဓာတ်ဟာ သဘာဝအရှိတရား၊ နိယာမတရားလို့ ပြောခဲ့ပါတယ်။ အသင်္ခတ လက္ခဏာတွေမှာ ဥပ္ပါဒ၊ အညထတ္တ၊ ဝယ တရားတွေ မရှိတာလည်း ပြောခဲ့ပါတယ်။ အကြောင်း ပေါင်းဆုံ၍ ဖွဲ့စည်းဖြစ်ပေါ် ပြောင်းလဲ ပျက်စီးခြင်းမရှိတဲ့ လက္ခဏာ တွေပါပဲ။ အသင်္ခတဓာတ် (နိဗ္ဗာနဓာတ်) မှာ ဂုဏ် သတ္တိတွေလည်း ရှိပါသေးတယ်။ သဘာဝ အရှိတရားမို့လို့ ဂုဏ်သတ္တိတွေရှိနိုင်တာပါ။ ဒီဂုဏ် သတ္တိတွေဟာ (၂၇) မျိုးတောင်ရှိတယ်လို့ စာပေကျမ်းဂန်တွေ မှာရှိပါတယ်။ ဒီ (၂၇) မျိုးလုံးကို အလွန်ထက်မြက်လျင်မြန်တဲ့ ဉာဏ်ရှိသူမှသာ စိတ်အာရုံတစ်ကြိမ်ထဲမှာ ထိတွေ့ခံစားနိုင်ပါလိမ့်မယ်။ သာမန်ဉာဏ်ထက်မြက်တဲ့ ပုဂ္ဂိုလ်အနေနဲ့ကတော့ နိဗ္ဗာနဓာတ်ရဲ့ အလွန်ငြိမ်းအေးချမ်းသာတဲ့ သန္တိသုခဂုဏ် (မည်သည့်လောကီချမ်းသာ နှင့်မျှ နှိုင်းယှဉ်ဖော်ပြ၍ မရနိုင်ပါ) အလွန်ကြည်လင်တောက်ပတဲ့ သဗ္ဗတောပဘာဂုဏ်(သဗ္ဗတောပဘာဂုဏ်ကို သံလျင်တောရဆရာတော်က နိဗ္ဗာန်ဟာ နေရောင်၊ လရောင်တို့ထက် အဆများစွာ ထွန်းလင်း

အမှတ် ....၂၁....

တောက်ပတဲ့ ဂုဏ်ရှိတယ်လို့ ဆိုပါတယ်။ (မဟာစည်ဆရာတော်ဘုရား ကတော့၊ ကိလေသာအညစ်အကြေး ကင်းစင်နေတဲ့အတွက် ကြည်လင် သန့်ရှင်းနေတဲ့ သဘောလို့ပြောပါတယ်) အလွန်ကြည်လင်အေးမြတဲ့ မှန်သားရဲ့ အကြည်ဓာတ်၊ အလင်းဓာတ်နှင့် လောကီဥပမာ တင်စားလျှင် နီးစပ်မယ်ထင်ပါတယ်။ မှန်သားပကတိကဲ့သို့ ကြည်လင်အေးမြ တောက်ပနေ သော်လည်း လောကီဥပမာ အားဖြင့် တင်စားလျှင် အကြိမ် ကြိမ်ဖန်ပြီးသော ဝါဂွမ်းထက် 'အဆအရာ၊ အထောင်မက နူးညံ့သော ဂုဏ်သတ္တိကိုလည်း စိတ်အာရုံမှာ ထင်ရှားစွာ တွေ့ထိခံစားနိုင်ပါ လိမ့်မည်။ အနိ မိတ္တဂုဏ်၊ ဒီဂုဏ်နဲ့ပတ်သက် ပြီးတော့ သပိတ်အိုင်ဆရာ တော် အရှင်ဉာဏိဿရက နိဗ္ဗာန်မှာ ရုပ်၊ နာမ်အာရုံ နိမိတ်မရှိတဲ့ အတွက် အနိမိတ္တဂုဏ်ရှိတယ်လို့ ယူဆပါတယ်။ အလွန်ငြိမ်းအေးတဲ့ နိဗ္ဗာနဓာတ်ကြီးထဲသို့ စိတ်အာရုံနစ်ဝင်သွား တဲ့အခါ ထိုဓာတ်သဘာဝ ကြီးရဲ့ အဆုံးအစမရှိတဲ့ သဘောကို အနိမိတ္တဂုဏ်လို့ သဘောပေါက်နိုင်ပါ တယ်။ ကျန်တဲ့ဂုဏ်တွေ ကိုတော့ ကျွန်တော်သဘောမပေါက်ပါဘူး။

၁၀။ နိဗ္ဗာန်နဲ့ ပတ်သက်ပြီးတော့ စာပေကျမ်းဂန်တွေမှာ သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်၊ အသင်္ခတဓာတ် နိဗ္ဗာန် စသည်ဖြင့် ရေးသားဖော်ပြနေကြပါတယ်။ ကျွန်တော်သဘောပေါက် သလောက်ဖော်ပြရလျှင် ဘုရား၊ ပစ္စေကဗုဒ္ဓ၊ ရဟန္တာစသည့် ပုဂ္ဂိုလ်မြတ် တွေ အသက်ရှင်နေဆဲမှာ ခန္ဓာအကြွင်းရှိသော်လည်း ကိလေသာအကြွင်း မရှိတော့တဲ့ သဘောကို သဉပါဒိသေသနိဗ္ဗာန်ရရှိနေတဲ့သဘောလို့ သဘောပေါက်ပါတယ်။ ထိုဘုရားပစ္စေကဗုဒ္ဓ၊ ရဟန္တာပုဂ္ဂိုလ်မြတ်များ ပစ္ဆိမဘဝတွင် စုတိစိတ်ကျပြီးသောအခါ ဘဝသစ်ကို ဖွဲ့စည်းဖြစ်ပေါ် စေတတ်တဲ့ ကိလေသာအားလုံး အနုသယနှင့်တကွ ပယ်သတ်ပြီး သောကြောင့် ဘဝသစ်တဖန်ပြန်လည် ဖြစ်ပေါ်ခြင်းမရှိတဲ့ သဘောကို

အနုပါဒိသေသနိဗ္ဗာန်၊ တနည်း ပရိနိဗ္ဗာန်စံဝင်တဲ့သဘောလို့ သဘော ပေါက်ပါတယ်။ အထက်တစ်နေရာတွင် သဘောနှင့်သဘာဝကို သေချာစွာသဘောပေါက်ရန် လိုအပ်တယ်လို့ ပြောခဲ့ပါတယ်။ အသင်္ခတ ဓာတ် (နိဗ္ဗာနဓာတ်) ကြီးကတော့ သဘာဝဟာရား ဖြစ်ပါတယ်။ သ- ထင်ရှားရှိ သော၊ ဘာဝ- အရှိတရား၊ ထင်ရှားရှိသော အရှိတရားဖြစ်ပါ တယ်။ ဒီထင်ရှားရှိသော အရှိတရားကြီးကို တစ်ကြိမ် မျက်မှောက် ပြုဖူးသူကို သောတာပန်လို့ ခေါ်ပါတယ်။ သက်ဆိုင်ရာ ကိလေသာ များဖြစ်တဲ့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အနုသယ နှင့်တကွ ပယ်သတ်ပြီး ဖြစ်ပါ တယ်။ လေးကြိမ်မျက် မှောက် ပြုပြီးလျှင် ကိလေသာအားလုံး ပယ်သတ်ပြီးတဲ့ ရဟန္တာပုဂ္ဂိုလ် လို့ ခေါ်ပါတယ်။ ထိုရဟန္တာ ပုဂ္ဂိုလ်များ စုတိစိတ်မချုပ်သေးသမျှ သဉပါဒိသေသ၊ သဘော နိဗ္ဗာန် ရရှိနေသူများ ဖြစ်ပါတယ်။ စုတိစိတ်ကျပြီး သော် ဘဝတစ်ဖန်ပြန်လည်ဖြစ်ပေါ်ခြင်း မရှိတဲ့ သဘော (ပရိနိဗ္ဗာန်စံဝင်တဲ့သဘော)ကို အနုပါဒိသေသနိဗ္ဗာန်စံဝင် ခြင်း သဘောဖြစ်ပါတယ်။ သဘာဝအရှိတရားဖြစ်တဲ့ အသင်္ခတ ဓာတ်၊ နိဗ္ဗာနဓာတ်ကတော့ ထင်ထင်ရှားရှား မျက်မှောက်ပြုနိုင်တဲ့ သဘာဝတရား ကြီးဖြစ်ပါတယ်။ ကမ္ဘာ့ အသင်္ချေ၊ ဘုရားလောင်း၊ ပစ္စေကဗုဒ္ဓလောင်း၊ ရဟန္တာလောင်း အဆူဆူ၊ အရိယာလောင်း အသီးသီးမျက်မှောက်ပြုခဲ့တဲ့ မျက်မှောက်ပြုနိုင်တဲ့ မျက်မှောက်ပြုလေဦးမည့် သဘာဝတရား ကြီးဖြစ်ပါတယ်။ (It is an omnipresent phenomenon, beyond time and space and imagination)

## ကျွန်တော်သဘောပေါက်သော(အနတ္တ)

၁။ ဗုဒ္ဓဘာသာလောကတွင် အတော်အတန်အသက် အရွယ်ရလာသောအခါ သင်္ခတသဘာဝ၏ လက္ခဏာရေးသုံးပါး ဖြစ်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးပါးကို အချို့သောသူများက မိရိုးဖလာ ကြားဖူးနားဝသဘောအရ ရွတ်ဆို လေ့ရှိကြသည်။ အချို့ဘာသာရေးလိုက်စားသူများ၊ စာပေ ပရိယတ္တိကျွမ်းကျင် သူများက အနည်းငယ်လေးနက်စွာ အနိစ္စဆိုတာ မမြဲတဲ့သဘောပဲ၊ အရာရာဟာ ဖြစ်ပြီးပျက်စီးရတဲ့သဘောရှိတယ်။ ထိုမမြဲတဲ့သဘော၊ ပျက်စီးရတဲ့ သဘောသည်ပင် ဒုက္ခပဲ၊ မပျက်စီးချင်ပဲ ပျက်စီးရတယ်၊ ဒုက္ခမရောက်ချင်ပဲ ဒုက္ခရောက်ရတယ်။ အဲဒါ ကိုယ်မပိုင်လို့ပဲ၊ အနတ္တသဘောပဲလို့ပြောဆိုလေ့ ရှိကြတယ်၊ တရားဘာဝနာပွားများ ကြတဲ့ယောဂီများကြတော့ ဒီထက်ပို၍ လေးနက်စွာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို ပြောဆိုလာကြတယ်။ စက္ခုအကြည်ဓာတ်နှင့် ရူပါရုံ အဆင်းထိတွေ့တဲ့အခါ ဒါနဝိညာဏ်စိတ်ဖြစ်တယ်။ ဃာန အကြည်ဓာတ်နှင့် ဂန္ဓာရုံအနံ့ထိတွေ့သောအခါ ဃာနဝိညာဏ်

စိတ်ဖြစ်တယ်။ ဒီလိုအာရုံဒွါရထိ တွေ့တိုင်း နာမ်ရုပ်အစဉ်ဟာ တရစပ်ဖြစ်ပျက်နေတယ်။ အကြောင်းအကျိုးမျှ ပဲဖြစ်တယ်။ မမြဲလို့ ဆင်းရဲတဲ့သဘောရှိတယ်၊ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော တွေဟာ ကိုယ်မပိုင်တဲ့သဘော ကိုယ်မပိုင်လို့ပဲ၊ အဲဒါ အနတ္တ သဘောပဲဟု ပြောလေ့ရှိကြပါတယ်။

၂။ တရားဘာဝနာလေ့လာလိုက်စားတဲ့အခါ၊ သုတမယဉာဏ်၊ စိန္တာမယ ဉာဏ်နှင့် ဘာဝနာမယဉာဏ်ရယ်လို့ အဆင့်သုံးဆင့်ရှိပါတယ်၊ တစ်ခါ ဘာဝနာ မယဉာဏ်မှာ အနု ဗောဓဉာဏ်နှင့်၊ ပဋိဝေဒဉာဏ်ရယ်လို့ နှစ်ဆင့်ရှိပြန်ပါတယ်။ သုတမယဉာဏ်ကတော့ အားလုံးဓမ္မမိတ်ဆွေများ သိကြတဲ့အတိုင်း၊ ဆရာတော်ကြီးများဟောပြောဆုံးမတဲ့တရားတွေ၊ စာပေဗဟု သုတအရ၊ သိရှိရတာတွေ၊ ဓမ္မမိတ်ဆွေများနှင့် ဆွေးနွေးလို့ သိရတာတွေဟာ သုတမယဉာဏ်တွေပါပဲ၊ စိန္တာမယဉာဏ်ဆိုတာ ကတော့ သုတမယဉာဏ်အရ သိရှိရတဲ့ အသိဉာဏ်တွေအပေါ်မှာ မိမိရဲ့ဉာဏ်မှီသလောက် ဆင်ခြင်တွေးတောသဘောပေါက်တဲ့ ဉာဏ်ပါပဲ၊ ပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦးပါရမီဉာဏ်ရင့်သန်မှု မတူတဲ့ အတွက် သဘောပေါက် ပုံခြင်းလည်း မတူနိုင်ပါဘူး၊ ဒီနေရာမှ အလျဉ်းသင့်၍ ဗုဒ္ဓဘာသာ အမည်မခံတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး တစ်ယောက်ရဲ့ အလွန်အဆင့်မြင့်တဲ့ စိန္တာမယဉာဏ်ကို ဖော်ပြလို ပါတယ်။ သူရဲ့ အတွေးအခေါ်က "Nature of being is transitory, momentory, changing and impermanent. Nature of not being is not changing, not momentory not transitory and permanent" လို့ တွေးခေါ်ထားပါတယ်။

မြန်မာလို ဘာသာပြန်လိုက်ရင်တော့ "ဖွဲ့စည်းဖြစ်ပေါ်မှု သဘော သဘာဝအားလုံးဟာ၊ ပြောင်းလဲမှုအစဉ်သာ ဖြစ်တယ်၊ ယာယီမျှသာဖြစ်တယ်၊ ပြောင်းလဲနေတယ်၊ မမြဲဘူး၊ မဖြစ်မပျက်တဲ့ သဘာဝ အရှိတရားကြီးကတော့ မပြောင်းလဲဘူး၊ ယာယီမဟုတ်ဘူး၊ အမြဲတည် ရှိနေတယ်" ဘယ်လောက်အဆင့်မြင့်တဲ့ စိန္တာမယဉာဏ် ဆိုတာ ကြက်သီးထ အံ့ဩလောက်တယ် "Nature of being" ဖွဲ့စည်းဖြစ်ပေါ်တဲ့ သဘာဝကိုတော့ တော်ရုံတန်ရုံ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ တွေးခေါ်လို့ရနိုင်ပေမယ့် "Nature of not being" မဖြစ်မပျက်တဲ့သဘာဝ အရှိတရားကိုတော့ တော်ရုံတန်ရုံ အတွေးအခေါ်နှင့် မသိရှိနိုင်ပါဘူး။

၃။ ဘာဝနာမယဉာဏ်မှာ၊ အနုဗောဓဉာဏ်နှင့် ပဋိဝေဓ ဉာဏ်အဆင့် နှစ်ဆင့်ရှိကြောင်းဖော်ပြခဲ့ပါတယ်။ အနုဗောဓ ဉာဏ်ကို တရားအားထုတ်ဆဲသော ပုဂ္ဂိုလ်တွေအနေနှင့် "သမ္မာသန ဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ နာမရူပ ပရိစ္ဆေဒဉာဏ် စသည်ဖြင့်ကို အနုဗောဓဉာဏ်လို့ ခေါ်နိုင်မယ်ထင်ပါတယ်။ နာမ်ရုပ်ကိုလည်း ခွဲခြားသိနေတယ်။ မမြဲဆင်းရဲတဲ့ နမ်ရုပ်ပေါ်မှာ ကြောက်ရွံ့တဲ့ဉာဏ်တွေလည်းဖြစ်နေတယ်၊ သူ့သဘောသူဆောင်ပြီးတော့ ဖြစ်ဖြစ်ပြီး ပျက်နေတာတွေပါလားဆိုပြီးတော့ အနတ္တသဘော ကိုလည်း သိနေတဲ့ဉာဏ် ဖြစ် နေတယ်၊ ဒီနေရာမှာ အလွန်အရေး ကြီးတဲ့ အချက်ကို တင်ပြလိုပါတယ်။ မြတ်စွာဘုရားဟာ သတ္တလောက သင်္ခါရလောကနှင့် ဩကာသလောကဆိုတဲ့ လောက သုံးပါးကို အကြွင်းမဲ့ သိတော်မူတဲ့အတွက် လောကဝိဒူဆိုတဲ့

ဂုဏ်တော်ကြီး ရရှိတော်မူပါတယ်။ သတ္တလောကကြီး တစ်ခုလုံး ခြုံငုံပြီးတော့ "Generalise"သုံး သပ်လိုက်တဲ့အခါမှာ "စိတ်၊ စေတသိတ်၊ ရုပ်" ဒီတရားသုံးပါပဲရှိတယ်လို့ ထိုးထွင်းသိမြင်တော်မူပါတယ်၊ ဒီစိတ်၊ စေတသိတ်၊ ရုပ်ဆိုတဲ့အရှိတရားတွေကို သင်္ခတနယ်က ပရမတ္ထတရားတွေ အကြောင်းအကျိုး နိယာမကြောင့်၊ ဖွဲ့စည်းဖြစ်ပေါ်၊ ပြောင်းလဲပျက်စီးနေတဲ့တရားတွေ၊ တစ်နည်း၊ သင်္ခတနိယာမတွေလို့ ဟောခဲ့ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်ကဘုန်းတော်ကြီးကျောင်းမှာ နေခဲ့ရ တော့ ပရမတ္ထာတရား လေးပါးမှာ "စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်"ဆိုပြီးတော့ အလွတ်ကျက်မှတ်ခဲ့ရပါတယ်။ စိတ်၊ စေတသိတ်၊ ရုပ်ဆိုတဲ့ သင်္ခတနယ်က ပရမတ္ထတရားတွေကို တကယ်တန်းထိုးထွင်း သိမြင်ရင်တော့ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်ပြဟ္မာ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတဲ့ သက္ကာယဒိဋ္ဌိကို ထိုးထွင်းသိမြင်သဘော ပေါက်တဲ့အခါ အနုမောဉာဏ်အဆင့်မှာ အနတ္တရဲ့ သဘောကို သဘောပေါက်နိုင်ပါတယ်။ သို့ရာတွင် ပရမတ္ထတရားကို တကယ် ထိုးထွင်းသိမြင်တဲ့အချိန်က နိဗ္ဗာန်ဆိုတဲ့ အသင်္ခတနယ်က ပရမတ္ထ တရား၊ အရှိတရားကြီးကို မျက်မှောက်ပြုမှသာ သင်္ခတနယ်က ပရမတ္ထ တရားသုံးပါးကို ထိုးထွင်သိမြင်သဘော ပေါက်နိုင်ပါတယ်။-

၄။ "သဗ္ဗေဓမ္မာအနတ္တာ"လို့ မြတ်စွာဘုရားဟောခဲ့ပါတယ်။ စိတ်၊ စေတသိတ်၊ ရုပ်ဆိုတဲ့ သင်္ခတနယ်က ပရမတ္ထရားတရား တွေရော၊ နိဗ္ဗာန်ဆိုတဲ့ အသင်္ခတနယ်က ပရမတ္ထတရားရောဟာ အနတ္တလို့ အမိပ္ပါယ်ရပါတယ်။ မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားတဲ့ သမ္မာပရိဗာဇနိယ သုတ္တန်တရား တော်မှာ နိဗ္ဗာန်ကို

နိယာမလို့ ဟောကြားထားပါတယ်။ ကျမ်းအကိုးအကားတွေ အစုံအလင်နဲ့ပါ။ ဒီအမြဲရှိနေတဲ့ အရှိတရားကြီးဟာ အကြောင်း အကျိုးနယ်က လွန်မြောက်သော၊ ကာလ၊ ဒေသခေါ်တဲ့ "Time and Space"က လွန်မြောက်တယ်။ ဘယ်မှာရှိတယ်၊ ဘယ်အချိန်မှာ ရှိတယ်လို့ ပြောလို့မရဘူး။ "Omni-presence" "အမြဲတမ်းရှိနေတဲ့ ဓာတ်သဘာဝကြီးပဲ၊ ဒီအသခ်တ နိယာမခေါ်တဲ့ ပရမတ္ထတရားကြီး၊ ဓာတ်သဘာဝကြီးကတော့ အကြောင်းအကျိုးကို လွန်မြောက်တဲ့ နိယာမ၊ သူ့သဘောသူဆောင်ပြီးတော့ရှိနေတဲ့ အနတ္တတရားကြီး၊ စိတ်၊ စေတသိတ်၊ ရုပ်ဆိုတဲ့အကြောင်း အကျိုးကြောင့် ဖွဲ့စည်း ဖြစ်ပေါ် ပျက်စီးနေတဲ့ နိယာမတရားကြီး အနတ္တတရားတွေပဲ။ အဲဒီတော့ ပရမတ္ထတရား လေးပါးလုံးဟာ အရှိတရားတွေဖြစ် တယ်။ နိယာမတရားတွေဖြစ်တယ်၊ သူ့သဘောသူဆောင်တဲ့ အနတ္တ တရားတွေဖြစ်တယ်ဆိုတာ သေသေချာချာထိုး ထွင်းသိမြင် သဘောပေါက်ဖို့က နိဗ္ဗာန်ကို ကိုယ်တိုင်မျက်မှောက်ပြုဖူးမှသာ အနတ္တသဘောတရား အစစ်အမှန်ကို သဘောပေါက်နိုင်ပါ လိမ့်မယ်။ အဲဒီအခါမှာ ပဋိဝေဓဉာဏ် ဖြစ်ပေါ်လာပါလိမ့်မယ်။

ဓမ္မမိတ်ဆွေများ၊ အနတ္တစစ်၊ တရားနှစ်

ထိုးထွင်းဖွင့်လှစ်နိုင်ကြပါစေ။

သစ္စာခမ္မာ၊ အနတ္တာ

## ကျွန်တော်သဘောပေါက်သော အနတ္တ(၂)

၁။ ကျွန်တော်ဤစာကိုရေးရန် ကြံစည်စိတ်ကူးနေသည်မှာ အတော်ကြာခဲ့ပါပြီ၊ ရေးလျှင် မည်သို့အကျိုးရှိမည်၊ မည်သို့ အပြစ်ဖြစ်မည်၊ မရေးလျှင် မည်သို့ အကျိုးယုတ်မည် စသည်ဖြင့် အပြန်ပြန် အလှန်လှန် စဉ်းစားနေခဲ့ပါသည်။ အထူးသဖြင့် ကျွန်တော်၏ စိတ်စေတနာကို ကျွန်တော် ဝေဖန်ဆန်းစစ်နေခဲ့ပါသည်။ ပုတ်ခတ်စွပ်စွဲလိုသော စေတနာလား၊ အဂါရဝ မရှိမသေ မလေးမစားလိုသော စေတနာလား၊ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာ သာသနာတွင် နေလိုလလို ထင်ရှားသော ဆရာတော်ကြီး တစ်ပါးကို မလွဲမသွေ ရည်ညွှန်းရေးသားရမည် ဖြစ်သောကြောင့် ကျွန်တော်အလွန် တုံ့ဆိုင်းနေမိပါသည်။

၂။ ထေရဝါဒဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် အထူးခွဲ လုံ့လ၊ ဝီရိယစိုက်ထုတ်တော်မူခဲ့သော၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ဆရာတော်ကြီးအပေါ်တွင် ပြစ်မှားလိုစိတ် မရှိမသေမလေးမစားသော အဂါရဝစိတ်ထား လုံးဝမပါရလေအောင် မိမိစိတ်ကို မိမိပြုပြင်ပြီးပြီဟု ယူဆသောကြောင့် ဤစာကို ရေးသားရပါတော့သည်။ အထူးသဖြင့် မြတ်စွာဘုရား၏ တရားတော်များသည် မည်သည့်ရှုထောင့်က

ကြည့်ကြည့် သိပ္ပံပညာမည်မျှတိုးတက် တိုးတက်မှန်ကန်မြဲ မှန်ကန်နေသည်ကို ရေးသားဖော်ပြလိုသော စေတနာ၏ တိုက်တွန်းလှုံ့ဆော်မှုကြောင့်ဟု ဆိုနိုင်ပါသည်။

၃။ ကျွန်တော်မှတ်မိသလောက် ကျွန်တော်တို့ကျောင်းသားဘဝ ၁၉၅၆-၅၇ ခုနှစ်လောက်က ထင်ပါသည်။ တောင်အာဖရိကနိုင်ငံတွင် ဒေါက်တာဘားနတ်နှင့် ဆေးပညာရှင်အဖွဲ့ နှလုံးရောဂါဝေဒနာရှင်တစ်ဦးကို ရုတ်တရက် သေဆုံးသောလူတစ်ဦးထံမှ နှလုံးကိုထုတ်ယူ၍ အောင်မြင်စွာ နှလုံးအစားထိုးကုသနိုင်ခဲ့၍ ကမ္ဘာတွင် အထူးကျော်ကြားသွားခဲ့ပါသည်။ သို့ရာတွင် ထိုနှလုံးအစားထိုးကုသခဲ့သော ဝေဒနာရှင်မှာ ရက်သတ္တပါတ်မျှသာ အသက်ရှင်၍ သေဆုံးသွားခဲ့ပါသည်။ ထို့နောက်တွင် ဆေးသိပ္ပံပညာအလွန်ထွန်း ကားတိုးတက်သော နိုင်ငံများတွင် နှလုံးအစားထိုး ကုသမှုများ အထူးခေတ်စားလာခဲ့ပါသည်။ ထိုမျှသာမက၊ မျက်စိ မမြင်သူများအား မျက်စိအစားထိုးကုသမှု၊ ကျောက်ကပ် ချို့ယွင်း ပျက်စီးနေသူများအား ကျောက်ကပ်အစားထိုးကုသမှု စသည်ဖြင့် လူ့ခန္ဓာ ကိုယ်အစိတ်အပိုင်း တော်တော်များများကို အောင်မြင်စွာ အစားထိုးကုသနေကြပါပြီ။ ယခုအခါ မျက်လုံးဘဏ်၊ ကျောက်ကပ် ဘဏ်၊ သွေးလှူဘဏ် စသည်ဖြင့် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများကို သင့်တော်သလို သိုလှောင်ထားပြီး လိုအပ်သောလူနာအတွက် လိုအပ်သောအခါ အစားထိုးကုသပေးလျက် ရှိနေပါသည်။ ဤနေရာတွင် အထူးဖော်ပြန်ရန်မှာ နှလုံးအစားထိုး ကုသနိုင်အောင်လည်း နှလုံးဘဏ်ဟူ၍ မရှိသောအချက်ဖြစ်ပါသည်။ လူ၏ ဟဒယ

နှလုံးသည် ဆေးသိပ္ပံပညာအမြင်အရ လူခန္ဓာကိုယ်အတွက် အလုပ်လုပ်ရသော တာဝန်က တစ်ကဏ္ဍ၊ ဗုဒ္ဓအမြင်က တစ်ကဏ္ဍ ဖြစ်ပါသည်။ အသက်ရှင်နေသူတစ်ယောက်၏ နှလုံးသည် တဖျတ်ဖျတ်တုန်လှုပ်နေ၍ သံလိုက်စက်ကွင်း (Magnatic field) ကဲ့သို့ နှလုံးပတ်ဝန်းကျင်တွင် ဟဒယစက်ကွင်း ဖြစ်ပေါ်နေပါသည်။ ထိုဟဒယစက်ကွင်းသည် နှလုံးရောဂါကြောင့် သေဆုံးသူ မဟုတ်သောသူများ သေဆုံးသွားသော်လည်း ဟဒယနှလုံးစက်ကွင်းသည် နာရီအတော်ကြာအောင် ရှင်သန်နေသေးသည်။ ထိုဟဒယစက်ကွင်း ရှင်သန်နေသော နှလုံးကိုသာလျှင် အစားထိုးကုသရာ၌ အသုံးချ၍ရသည်။ ဟဒယစက်ကွင်းသေသွားပြီးသော နှလုံးကို နှလုံးအစားထိုး ကုသရာ၌ အသုံးချ၍မရတော့ချေ။ (ဆေးသိပ္ပံအလိုအရ Cell များ ရှင်သန်ဆဲကာလဟု ဆိုပါသည်။) ဟဒယနှလုံးအစားထိုးကုသမှုနှင့် ပတ်သက်၍ လွန်ခဲ့သောဆယ်နှစ်ခန့်က၊ ဆရာတော်ကြီးတစ်ပါး၏ တရားတိတ်ခွေနားထောင်နေစဉ် တစ်နေရာ၌ ဆရာတော်ကြီးက တောင်အာဖရိကမှ ဒေါက်တာဘားနတ်တို့ နှလုံးအစားထိုးကုသသောအကြောင်း ရောက်သွားခဲ့ပါသည်။ လူ၏ ဟဒယနှလုံးသည် ကံကြောင့်ဖြစ်သောအရာဖြစ်သောကြောင့် အစားထိုး၍မရနိုင်ကြောင်း ဘုန်းကြီးကတော့ ဘုတ်ဝင်သည်ဟုယူဆကြောင်း မှတ်ချက်ပေးသွားခဲ့ပါသည်။ ထိုစဉ်က ဆရာတော်ကြီး၏ မှတ်ချက်ကိုလည်း မပယ်ရဲ၊ ဆေးပညာကလည်း တစ်စထက်တစ်စ တိုးတက်လာ၍ နှလုံးအစားထိုးကုသမှုများ အောင်မြင်ခေတ်စားလာသောအခါ ကျွန်တော်လေးလေးနက်နက် တွေးတောရှာဖွေနေမိပါသည်။ မြတ်စွာဘုရား၏တရားတော်သည် မည်သည့်နည်းနှင့်မျှ မမှားနိုင်၊

တရားတော်၏ အတိမ်အနက်ကို ယူဆရာတွင် မပြည့်စုံမလုံလောက်မှုသာ ဖြစ်ရမည်ဟု ယူဆခဲ့ပါသည်။ နှလုံးအစားထိုး ကုသမှုများက လက်တွေ့အောင်မြင်နေသည်။ ဗုဒ္ဓတရားတော်အရ ကံကြောင့်ဖြစ်သော ဟဒယနှလုံးကို အစားထိုး၍မရနိုင်ဟု ယူဆနေခဲ့သည်။

၄။ ကျွန်တော် အပတ်တကုတ် လေးလေးနက်နက် တွေး တောကြံဆရှာဖွေခဲ့ရာတွင် ပဋ္ဌိစ္စသမုဒ်ပ္ပာဒ် တရားတော်၏ အင်္ဂါ (၁၂)ပါးတွင် ဆယ်ခုမြောက်ဖြစ်သော "ဘဝပစ္စယာဇာတိ" ဟူ၍ တွေ့ရပါသည်။ ဘဝ၏ (ကမ္မဘဝ) အမှန်အဓိပ္ပါယ်မှာ ဇာတိကို ရရှိစေတတ်သောသတ္တိ၊ တနည်း "ကံ"ပင်ဖြစ်သည်။ ဘဝ(ကံ)၏ သတ္တိကြောင့်၊ လူ့ဇာတိ၊ နတ်ဇာတိ၊ တိရစ္ဆာန်ဇာတိကို ရရှိခြင်းဖြစ်ပေသည်။ ကံကြောင့် လူ့ဇာတိ၊ နတ်ဇာတိ၊ တိရစ္ဆာန်ဇာတိ ရရှိပြီးသောအခါ လူ့သဏ္ဍာန်၊ နတ်သဏ္ဍာန်၊ တိရစ္ဆာန်သဏ္ဍာန်သည် အလိုအလျောက်ပေါ်ပေါက်လာရပေတော့မည်။ လူ့ဇာတိသည် ဗုဒ္ဓဘာသာတရားတော်အလိုအရ ဖခင်လောင်း၏ သုက်သွေးနှင့် မိခင်လောင်း၏ ရာသီပန်းပွင့်ချိန် ရောစပ်ပေါင်းဖက်ရာမှ အမြုပ်သဘောမှ စတင်သည်ဟု ဆိုပါသည်။ ဆေးသိပ္ပံအလိုအရ ဖခင်လောင်း၏ သုက်သွေးနှင့် မိခင်လောင်း၏ သားဥ (Sperm and Overy) ပေါင်းစပ်ရာမှ လူသန္ဓေလောင်း (Foetus) ဖြစ်ပေါ်သည်ဟု ဆိုပါသည်။ ဘဝကြောင့် (ကံကြောင့်) ဇာတိကို ရရှိပြီးသောအခါ ဒရာ၊ မရဏာသည် အလိုအလျောက်ဖြစ်စဉ် (Natural Process) သာ ဖြစ်သည်ဟု သဘောပေါက်ပါသည်။ လူ့ဇာတိကို ရရှိပြီးသောသူမှာ လူ၏ အင်္ဂါအစိတ်အပိုင်းများ အလိုအလျောက် ဖြစ်ပေါ်လာရပေမည်။ တိရစ္ဆာန်ဇာတိကိုရသော သတ္တဝါမှာ တိရစ္ဆာန်၏ အင်္ဂါ

အစိတ်အပိုင်း ဖြစ်လာရပေသည်။ ဥပမာ- နွားဇာတိကို ရသော သတ္တဝါမှာ ဦးချို၊ အမြီး အစာချေဖျက်တတ်သာဇလုပ် (Munching organ) အလိုအလျောက် ဖြစ်ပေါ်လာရပေမည်။ ဤအင်္ဂါ အစိတ်အပိုင်းများ ဖြစ်ပေါ်ရာ၌ ကံ၏သတ္တိမကင်းဟုယူဆပါသည်။

၅။ ကျွန်တော်တို့ ကံနှင့်ပတ်သက်၍ ယူဆရာတွင်သော်လည်းကောင်း၊ ဘဝနှင့်ပတ်သက်၍ ယူဆရာတွင်လည်းကောင်း၊ အပေါ်ယံယူဆနေမိကြပါသည်။ ဘဝ(ကံ)သည် လူ့ဇာတိ၊ နတ်ဇာတိ၊ တိရစ္ဆာန်ဇာတိ၊ အပါယ်ဇာတိကို ရရှိစေတတ်သော သတ္တိမျှသာဖြစ်သည်။ လူ့ဇာတိကို ရရှိပြီးသောသူ၌ မျက်စိ၊ နား၊ လျှာ၊ နှာခေါင်း၊ သည်းခြေ၊ အဆုတ်၊ နှလုံးစသော အင်္ဂါအစိတ်အပိုင်းများ အလို အလျောက် ဖြစ်ပေါ်လာတော့သည်။ မြတ်စွာဘုရား၏ တရားတော် အလိုအရ (၃၂)ကောဋ္ဌာသဖြင့် ဖွဲ့စည်းထားသော အရာမျှသာ ဖြစ်သည်ဟု လူကို အဓိပ္ပါယ်ဖော်ထားပါသည်။ ဤသို့ လူတစ် ယောက် ဖွဲ့စည်းဖြစ်ပေါ်တည်မြဲနေရန်အတွက် ကံ၊ စိတ်၊ ဥတု၊ အဟာရစသည့် အကြောင်းတရာများ ပြည့်စုံလုံလောက်ရန် လိုပြန်ပါသည်။ ထိုကံ၊ စိတ်၊ ဥတု၊ အဟာရ အကြောင်းတရာများ ပြည့်စုံလောက်နေသမျှသာ လူတစ်ယောက် အသက်ရှင်တည်တံ့နိုင်ပေသည်။ ထိုအကြောင်းတရားများ ပြည့်စုံလုံလောက်မှု မရှိပါက လူတစ်ယောက် အသက်ရှင် မနေနိုင်တော့ပေ။

၆။ မြတ်စွာဘုရား၏ အလိုအတော်အရ လူတစ်ယောက်ကို ခွဲခြမ်းစိတ်ဖြာရာတွင် လူဆိုသည်မှာ ခေတ်ခြောက်ပါး ပေါင်းစပ်

ဖွဲ့စည်းထားသော အရာသာဖြစ်ကြောင်း ပက္ကုပသာတိမင်းကြီး အား ဟောကြားတော်မူသော ဓာတုဝိဘင်္ဂသုတ်တွင် အတိအလင်း ဟောကြားထားပါသည်။ မူလဘူတ ဓါတ်ငါးပါးဖြစ်သော ပထဝီ၊ တေဇော၊ အာပေါ။ ဝါယော၊ အာကာသ စသည့်ဓာတ်များသည် ရုပ်ဓာတ်များသာဖြစ်ပါသည်။ ဤဓာတ်များသည် သက်ရှိလောက မှာရော၊ သက်မဲ့လောကဖြစ်သော ရေ၊ မြေ၊ တော၊ တောင်စသည့် ဩကာသလောကတစ်ခုလုံးတွင် ပါဝင်ဖွဲ့စည်းနေပါသည်။ ဗုဒ္ဓ တရားတော်အလိုအရ သက်ရှိနှင့်သက်မဲ့ ကွာခြားချက်မှာ ဝိဉာဏ ဓာတ်သာဖြစ်သည်။ ကျန်ရှိသော ရုပ်ဓာတ်ငါးပါးမှာ အတူတူသာ ဖြစ်သည်။ ဥပမာ သေဆုံးသူ တစ်ယောက်ကို သေသေချာချာ ကြည့်ရှုသုံးသပ်လျှင် အသက်ရှင်နေစဉ်ကနှင့် ဘာမှ မကွာခြား သလို တွေ့ရပေမည်။ အဓိကကွာခြားချက်က ဝိဉာဏဓာတ် (အကြည်ဓာတ်)များ ချုပ်ငြိမ်းသွားခြင်းပင်ဖြစ်သည်။ ယင်းလူသေ အလောင်းတွင် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော၊ အာကာသ ဓာတ်ငါးပါးပေါင်းစပ်ဖွဲ့စည်းလျက် ရှိနေပေသေးသည်။ ဤရုပ် တရားများဖြစ်သော ဓာတ်ငါးပါးသည် လူတစ်ယောက်အတွက်သာ မဟုတ်ပဲ ဩကာသလောကကြီးတစ်ခုလုံးနှင့် သက်ဆိုင်ပေသည်။ အကြောင်းအားလျော်စွာ သဏ္ဌာန်အမျိုးမျိုး ဖြစ်ပေါ်သော်လည်း ဤဓာတ်ငါးပါးမှာ ပေါင်းစုံလိုက်၊ ပြိုကွဲလိုက်၊ ဖွဲ့စည်းဖြစ်ပေါ်လိုက် အစဉ်ဖြင့် သက်ရှိလောကမှာရော၊ သက်မဲ့လောကမှာပါ ဖွဲ့စည်း ဖြစ်ပေါ်ပြောင်းလဲ ပြိုကွဲနေပါသည်။ ဤဘူတရုပ်ကြီးငါးပါးသည်။ ပျက်စီးခြင်း၊ လျော့နည်းသွားခြင်းလည်းမရှိ၊ တိုးပွားလာခြင်းလည်း မရှိပဲ ဩကာသလောက၏ (Constant) မပြောင်းမလွဲတည်ရှိနေ

သော ခတ်များဟု သဘောပေါက်ရန် အထူးအရေးကြီးပါသည်။ အကြောင်းအားလျော်စွာ ဖွဲ့စည်းဖြစ်ပေါ်သော ခတ်ခြောက်ပါး အစုအဝေးဖြစ်သော လူသေဆုံးသွားခြင်းမှာ ဝိညာဏခတ် ချုပ်ငြိမ်းသွားခြင်းဖြစ်၍ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ခတ်များမှာ လူသဏ္ဍာန်ဖွဲ့စည်းနေရာမှ ပြိုကွဲ၍ အခြားသော ဖွဲ့စည်းဖြစ်ပေါ်မှုတွင် သွားရောက်အထောက် အကူပြုမည် ဖြစ်ပေသည်။ ထို့ကြောင့် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော အာကာသတည်းဟူသော ဘူတရုပ်များသည် လျော့နည်းလည်း မသွား၊ တိုး၍လည်းမလာ (Constant Factors) များသာဟု သဘောပေါက်မှသာလျှင် မြတ်စွာဘုရားအလိုတော်အရ (ခတု ဝိဘင်္ဂသုတ်အရ) သဘောပေါက်ရာကြပေမည်။ ထိုအခါတွင် ခတ်ခြောက်ပါးအပေါင်းအစုမျှ သာဖြစ်သောအရာ၌ ငါ၊ ငါ့ဥစ္စာ၊ ငါ့ခန္ဓာဟု စွဲလန်းနေသော၊ သက္ကာ ယဒိဋ္ဌိကင်းစင်သွားပေမည်။ သက္ကာယဒိဋ္ဌိကိုမှီ၍ ဖြစ်သောသဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ သည် လည်း အနုဗောဓဉာဏ်အဆင့်၌ ကင်းစင်သွားပေမည်။

၇။ ဤနေရာတွင် အကြောင်းတိုက်ဆိုင်သောကြောင့် ကိုယ် ကာယနှင့်ခန္ဓာကို ကွဲကွဲပြားပြားသိရန် ဖော်ပြလိုပေသည်။ မြတ်စွာ ဘုရားဟောကြားတော်မူသော ဓာတုဝိဘင်္ဂသုတ်အရ လူ တစ်ယောက်သည် ခတ်ခြောက်ပါးအဖွဲ့အစည်းမျှသာ ဖြစ်သည်ဟု ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ခတ်ခြောက်ပါးတွင် ခတ်ငါးပါးဖြစ်သော ရုပ်တရားများသည် ကြွကာသလောကတစ်ခုလုံးနှင့် သက်ဆိုင် ကြောင်းကိုလည်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဝိညာဏခတ် (အကြည်

ဓာတ်ရုပ်)သည် လူ၏ မျက်စိတွင်ရှိသည်၊ နားတွင်ရှိသည်၊ နှာခေါင်းတွင်ရှိသည်၊ လျှာတွင်ရှိသည်၊ ကိုယ်ကာယတွင်ရှိသည်၊ ဟဒယတွင်ရှိသည်။ ထိုအစ္ဈတ္တဖြစ်သော အကြည်ဓာတ်ရုပ်များနှင့် ဗဟိဒ္ဓဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ ဓမ္မရုံများ ထိတွေ့သောအခါ သက်ဆိုင်ရာ စိတ်များ ဖြစ်ပေါ်သည်။ ဥပမာ-စက္ခုအကြည်ဓာတ်နှင့် အဆင်းရုပ်ထိတွေ့သောအခါ စက္ခုဝိဉာဏ်စိတ်ဖြစ်ပေါ်သည်။ ဝိဉာဏ်စိတ်တစ်ခု ဖြစ်ပေါ်ခြင်းသည် ခန္ဓာငါးပါးတစ်ခု ဖြစ်ပေါ်ခြင်းပင်ဖြစ်သည်။ ခန္ဓာသည် ကိုယ်ကာယမဟုတ်၊ ကိုယ်ကာယသည်လည်း ခန္ဓာမဟုတ်ပေ။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာစသော ရုပ်အကြည်ဓာတ်တည်ရာများနှင့် ဗဟိဒ္ဓဖြစ်သော သက်ဆိုင်ရာ ရုပ်တရားများ တရစပ်ထိတွေ့နေသောကြောင့် ခန္ဓာအစဉ်သည် တရစပ် ဖြစ်ပေါ် ပျက်စီးချုပ်ငြိမ်းနေပေသည်။ ကိုယ်ကာယနှင့် ခန္ဓာကို လောကီဥပမာဖြင့် တင်စားဖော်ပြရလျှင် ရေမျက်နှာပြင်ပေါ်၌ တဖျတ်ဖျတ် ဖြစ်ပေါ်နေသော လှိုင်းကြက်ခွပ်များနှင့်ရေထု၊ ဥပမာပြုလျှင် နီးစပ်မည်ထင်ပါသည်။ ရေမျက်နှာပြင်တည်းဟူသော အကြည်ဓာတ်သည် လေပြေလေညှင်းတည်းဟူသော ဗဟိဒ္ဓရုပ်နှင့် ထိတွေ့သောအခါ လှိုင်းကြက်ခွပ်ကလေးများဖြစ်ပေါ်လာသည်။ ထိုလှိုင်းကြက်ခွပ်များသည် ရေထုနှင့် မကင်းသော်လည်း ရေထုမဟုတ်ပေ။ ရေမျက်နှာပြင်တည်းဟူသော အကြည်ဓာတ်နှင့် လေပြေလေညှင်းတည်းဟူသော ဗဟိဒ္ဓရုပ်များ ထိတွေ့မှုကြောင့် တရစပ် ဖြစ်ပေါ်ပျက်စီးနေသော အရာများသာဖြစ်ပေသည်။ အလားတူပင် ခန္ဓာငါးပါးသည်လည်း အဇ္ဈတ္တအကြည်ဓာတ်ရုပ်များနှင့် ဗဟိဒ္ဓရုပ်များ တွေ့ဆုံမှုကြောင့် တရစပ်

ဖြစ်ပေါ်ပျက်စီးနေသော အရာမျှသာဖြစ်သည်။ ကိုယ်ကာယကို မှီ၍ဖြစ်သော အကြည်ဓာတ်ကြောင့် တရစပ်ဖြစ်ပေါ်နေသော်လည်း ကိုယ်ကာယကား မဟုတ်ချေ။ ကိုယ်ကာယနှင့် ခန္ဓာခွဲခြား၍ သဘောပေါက်ရန် အထူးအရေးကြီးပါသည်။

၈။ ပက္ကုသာတိမင်းကြီးအား မြတ်စွာဘုရားဟောကြားသော ဓာတုဝိဘင်္ဂသုတ်တွင် လူဆိုသည်မှာ ဓာတ်ခြောက်ပါးအစုအဝေး မျှသာဖြစ်သည်။ ယင်းဓာတ်ခြောက်ပါးမှာ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော၊ အာကာသ၊ ဝိညာဏ်ဓာတ်ဟူ၍ဖြစ်သည်။ တနည်းအားဖြင့် ရုပ်တရားများသာ ဖြစ်ပေသည်။ ရုပ်တရားများ ဖြစ်သောကြောင့် "ရူပံ ဘိက္ခဝေ အနတ္တာ" ဟု ဟောကြားတော်မူခဲ့သော အနတ္တလက္ခဏာသုတ်တရားတော်အရ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်သော ရုပ်သည်၊ ဝါ အအေးဓာတ်၊ အပူဓာတ် စသော ဝိရောဓိ သဘော တရားများကြောင့် ဖောက်ပြန်ပျက်စီးတတ်ပေ၏။ ဝါ၊ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရ၊ သန္တိက အစရှိသော အားဖြင့်ပြားသော ရုပ်သည် အနတ္တကိုယ်မဟုတ်၊ ဝါ အနှစ်မရှိ၊ ငါ အလိုသို့မလိုက်တတ်၊ ဝါအတ္တ မှဆိတ်၏ဟု အတိအလင်းဟောကြားထားပေသည်။ အထူးသဖြင့် ရုပ်သည် အဇ္ဈတ္တ ဗဟိဒ္ဓများ ဖြစ်သောကြောင့် လူတစ်ဦးမှ လူတစ်ဦးသို့ အစားထိုးနိုင်ခြင်းဖြစ်သည်ဟု သဘောပေါက်မိပါသည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အနတ္တလက္ခဏာသုတ် တရားတော်သည် ယနေ့တိုးတက်လျက်ရှိသော ဆေးသိပ္ပံထက်

နှစ်ပေါင်းနှစ်ထောင်ငါးရားကျော်ကပင် အခြေခံသဘောတရား (Basic Primciple) ကို ဖော်ညွှန်းခဲ့နိုင်တော်မူပါပေသည်ဟု သဗ္ဗညုတဉာဏ်တော်ကို အလေးအနက် ကြည်ညိုမြတ်နိုး ရှိခိုးပူဇော်မိပါတော့သည်။

*သဗ္ဗေဓမ္မာအနတ္တာ*

## ကျွန်တော်သဘောပေါက်သော အနန္တ (၃)

၁။ လွန်ခဲ့သောအပတ် (၂၄-၈-၉၇)တနင်္ဂနွေနေ့ တရားဆွေးနွေးပွဲတွင်၊ ဓမ္မမိတ်ဆွေတစ်ဦးက ၎င်းတွေ့ကြုံနေရသော အခက်အခဲကို ဓမ္မမိတ်ဆွေများအား တင်ပြအကူအညီတောင်းခံခဲ့သည်ကို အမှတ်ရမိပါသည်။ ထိုအခက်အခဲမှာ ၎င်း၏မိတ်ဆွေ နိုင်ငံခြားသား၊ ဘာသာကွဲတစ်ဦးက မေးမြန်းသောကြောင့် ထိုမိတ်ဆွေသဘောပေါက်သမျှ ရှင်းပြရာတွင် နိုင်ငံခြားသားက၊ "ခင်ဗျားတို့ဟာက အသေကြီးသေတာနဲ့ အသေကလေးသေတာပဲ ကွာတယ်ဟု မှတ်ချက်ချသွားသည်" ဟု ပြောပြသွားပါသည်။

၂။ ဤအကြောင်းအရာကို ကြားရသောအခါ၊ ကျွန်တော် အလွန်လေးစားကြည်ညိုသော ဆရာကြီးတစ်ဦးက ကျွန်တော့်အား မေးသော မေးခွန်းကို သွား၍ သတိရမိပါသည်။ ဆရာကြီးက "ကိုအေးဖေ Infinity အနှုတ် Infinity ဘာရသလဲ" ဟု မေးရာ၊ ကျွန်တော်က မဆိုင်းမတွပင် Infinity ပါ ဆရာကြီးဟု ဖြေကြားခဲ့သော အဖြေကို အခါခါ ပြန်လည်တွေးတောဆင်ခြင်ခဲ့ပါသည်။ သတ္တဝါအနန္တ၊ ကျွတ်တန်းဝင်သူလည်း အနန္တရှိခဲ့ရာ၊ သတ္တဝါများ လျော့နည်းသွားခြင်း မရှိသည့် သဘောကို မေးလိုခြင်း ဖြစ်သည်ဟု

သဘောပေါက်မိပါသည်။

၃။ ဗုဒ္ဓ၏ တရားစစ်တရားမှန်များကို နားလည်သဘောပေါက်ရန် အလွန်ခက်ခဲပါသည်။ အမှန်တရား။ သစ္စာတရားနှစ်ပါးကို သေချာစွာ သဘောပေါက်ရန် လိုမည်ထင်ပါသည်။ သမုတိသစ္စာနယ်တွင် ယောကျ်ား၊ မိန်းမ၊ အမေ၊ အဖေ၊ လူ၊ နတ်၊ တိရစ္ဆာန်ရှိသည်မှာ အမှန်ပင်ဖြစ်သည်။ အကြောင်းအကျိုးနိယာမအရ ဖွဲ့စည်း၊ ဖြစ်ပေါ်၊ ပျက်စီး၊ ဖွဲ့စည်း၊ ဖြစ်ပေါ်၊ ပျက်စီးအစဉ်သည် တရစပ် မရပ်မနား သွားနေကြသည်။ ဤဖွဲ့စည်းဖြစ်ပေါ်မှုအစဉ်သည် သမုတိသစ္စာအဖြစ် သီးခြားတစ်ခုစီ၊ တစ်ယောက်စီ၊ တစ်ကောင်စီ၊ တစ်ပါးစီဟု ခံယူရန် မှန်လည်းမှန်ကန်ပေသည်။

၄။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်က သတ္တလောကကြီးတစ်ခုလုံးကို ခြုံငုံ၍ သုံးသပ်ပြီးလျှင် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမမဟုတ်၊ အသက်ဇီဝလိပ်ပြာမဟုတ်၊ ဝိညာဏ်၊ နာမ်ရုပ်၊ (သုတ္တန်အလို) စိတ်၊ စေတသိတ်၊ ရုပ်၊ (အဘိဓမ္မာအလို) တရားများသာ ဖြစ်သည်ဟု ပရမတ္ထ သစ္စာအလိုအရ ဟောကြားခဲ့ပါသည်။ ဝိညာဏ်၊ နာမ်၊ ရုပ်၊ စိတ်၊ စေတသိတ်ရုပ်ဟူသော တရားများကို တစ်ခု၊ တစ်ကောင်၊ တစ်ယောက်၊ တစ်ပိဿာ၊ နှစ်ပိဿာ၊ တစ်မိုင်၊ နှစ်မိုင်ဟု ရေတွက်၍မရကောင်းပေ။ မရမတ္ထသစ္စာအမြင် မရှင်းသမျှ၊ တစ်နည်း သက္ကာယဒိဋ္ဌိ မကင်းသမျှ အသေကြီးသေခြင်းနှင့် အသေကလေးသေခြင်းသည် ရှင်းလိမ့်မည်မဟုတ်ပေ။

ဝိညာဏ်၊ နာမ်ရုပ်၊ စိတ်၊ စေတသိတ်၊ ရုပ်တရားတို့ကို

တစ်ခု၊ တစ်ကောင်၊ တစ်ယောက်ဟု ယူဆ၍ မရသည်ကို ကျွန်တော် သဘောပေါက်သော လောကီဥပမာနှင့် တင်စား၍ ရှင်းပြရလျှင် မိဘနှစ်ပါးတွင် သားဦးရတနာတစ်ယောက် မွေးဖွားလာပြီဆိုပါစို့၊ ထိုမိဘနှစ်ပါး၏ သားဦးလေးအပေါ်တွင် ဖြစ်ပေါ်သော မေတ္တာ တရားသည် အလွန်ကြီးမားပေလိမ့်မည်။ တစ်ဖန် ဒုတိယသား၊ တတိယသား၊ စတုတ္ထသား စသည်ဖြင့် သားများ များလာသောအခါ ထိုမိဘနှစ်ပါး၏ ပထမသားအပေါ် ဖြစ်ပေါ်သော မေတ္တာတရား သည် လျော့နည်း၍မသွားပေ၊ သားလေးယောက်ရှိသည့်အနက် သားတစ်ယောက် သေဆုံးသွားသောအခါ ကျန်သားသုံးယောက် အပေါ်တွင် မေတ္တာတရားသည် ပိုမိုများပြား၍လာခြင်း မရှိပေ။ မေတ္တာတရားသည် ရေတွက်၍ရကောင်းသော ချိန်တွယ်၍ ရကောင်းသော၊ တိုင်းတာ၍ရကောင်းသော အရာမဟုတ်ပေ။ ဤ သဘောတရားအတိုင်းပင် ဝိညာဏ်၊ နာမ်၊ ရုပ်၊ စေတသိတ်၊ ရုပ် တရားများသည် ရေတွက်၍ရကောင်းသော၊ ချိန်တွယ်၍ရကောင်း သော၊ တိုင်းတာ၍ရကောင်းသော အရာများမဟုတ်ကြပေ။ ထို့ကြောင့် အဘယ်မှာလျှင် လျော့နည်းသွားသည်၊ များပြားလာ သည် ဟူ၍ နိုင်ပါမည်နည်း။

၅။ ဤနေရာတွင် ခန္ဓာနှင့်ကိုယ်ကာယ အတ္တဘောကို ခွဲခြားသဘောပေါက်ရန် အထူးအရေးကြီးပါသည်။ ရှင်တော်မြတ် ဘုရား ဟောကြားခဲ့သော ဓာတုဝိဘင်္ဂသုတ်တွင် လူဆိုသည်မှာ ဓာတ်ခြောက်ပါးအစုအဝေးမျှသာဖြစ်ကြောင်း "အယံပုရိသော ဆဓာတုယော" အစချီ၍ ဟောကြားခဲ့ပါသည်။ လူသည် ပထဝီ၊

အာပေါ၊ ဂါယော၊ တေဇော၊ အာကာသ ဝိညာဏတည်းဟူသော ဓာတ်ခြောက်ပါးအပေါင်းအစုများသာဖြစ်ကြောင်း ငါ၊ သူတပါး။ ယောကျ်ား၊ မိန်းမ မဟုတ်ကြောင်း ရှင်းလင်းဟောကြားတော်မူခဲ့ပေသည်။ ယခု ကျွန်တော်တို့ ရရှိတွေ့မြင်နေရသော သဏ္ဌာန်မှာ ဓာတ်ခြောက်ပါးအစုအဝေးဖြစ်သော ကိုယ်ကာယကြီးမျှသာ ဖြစ်ပေသည်။ ခန္ဓာငါးပါး၊ ဖြစ်ပေါ်ချုပ်ငြိမ်းပျက်စီး နေသည်မှာ ဝိညာဏဓာတ် (အကြည်ဓာတ်)ကို အခြေခံ၍ တရစပ် ဖြစ်ပေါ်နေသော တရားမျှသာဖြစ်သည်။ စက္ခုအကြည်ဓာတ် ကြောင့် သောတအကြည်ဓာတ်ကြောင့်၊ ဃာနအကြည်ဓာတ်ကြောင့် ခန္ဓာငါးပါးသည် တရစပ်ဖြစ်ပေါ်ပျက်စီးနေပေသည်။ လူတွင် ဝိညာဏဓာတ် (အကြည်ဓာတ်) ချုပ်ငြိမ်းသွားသောအခါ သေသည်ဟု သမုတ်၍ ဤဘဝ ဤကိုယ်ကာယကိုမှီ၍ ခန္ဓာငါးပါးမဖြစ်တော့ပေ။ ဤကိုယ်ကာယ အပေါင်းအစုကို ဖွဲ့စည်းတည်ဆောက်ထားသော ဓာတ်ခြောက်ပါး အပေါင်းအစုသည်လည်း ပြိုကွဲပျက်စီးသွားတော့သည်။ ဤသို့ ပြိုကွဲပျက်စီးသွားသော်လည်း ဓာတ်ခြောက်ပါးသည် လျော့နည်း၍မသွားပေ။

၆။ ဤနေရာတွင် တဖန် ဓာတ်၏သဘော။ ဗုဒ္ဓဆိုလိုတော်မူသော ဓာတ်၏သဘောကို သဘောပေါက်ရန် အထူးအရေးကြီးပြန်ပါသည်။ များသောအားဖြင့် ပထဝီဆိုတာ၊ မြေဓာတ်ပဲ၊ စမ်းကြည့်၍ မာတာတွေ့လျှင် အဲဒါ ပထဝီသဘောပဲ၊ အာပေါဆိုတာ ယိုစီးတဲ့သဘော ရေဓာတ်ပဲ၊ ဝါယောဆိုတာ လှုပ်ရှားတဲ့သဘော လေဓာတ်ပဲ၊ တေဇောဆိုတာ ပူတဲ့အေးတဲ့သဘော မီးဓာတ်ပဲဟု ရေးသား

ဟောပြောနေကြပါသည်။ အမှန်မှာ ပထဝီဓာတ်သည် မာနေသော အချင်းအရာမဟုတ်ပေ။ ခက်မာတောင့်တင်းစေတတ်သော သတ္တိမျှသာ ဖြစ်ပေသည်။ အလားတူပင် အာပေါဓာတ်မှာ ယိုစီးနေသော အချင်းအရာမဟုတ်ပေ၊ ယိုစီးတတ်သော သတ္တိမျှသာ ဖြစ်သည်။ အာကာသဓာတ်မှာ ဟင်းလင်းပြင် Space ဖြစ်၍ ခပ်သိမ်းသော အရာဝတ္ထုများတွင် ပါရှိနေပါသည်။ ဥပမာ- အရာဝတ္ထုများ၏ အသေးငယ်ဆုံးသော အစိတ်အပိုင်းဖြစ်သည့် အက်တမ် (Atom) တစ်ခုတွင်ပင် အာကာသဓာတ် ပါရှိနေပါသည်။ အကယ်၍ အက်တမ်တစ်ခုကို အဆပေါင်းများစွာ ချဲ့၍ ဘောလုံးကွင်း တစ်ကွင်းစာမျှ ကြီးမားလာပါက ဝတ်ဆံ (Nucleous) ကို အရှိန်ပြင်းစွာ လှဲ့ပတ်လှုပ်ရှားနေသော အီလက်ထရွန်း၏ ပမာဏမှာ ပင်ပေါင်ဘောလုံးမျှသာရှိသည်ဟု အနုမြူသိပ္ပံရှင်များက ဖော်ညွှန်းကြပါသည်။ ဤတွင် အာကာသ၏ ပမာဏကို မှန်းဆ၍ရနိုင်ပေသည်။ ဝိညာဏဓာတ်ဆိုသည်မှာ အာရုံကို သိရှိနိုင်သော သတ္တိမျှသာ ဖြစ်ပေသည်။ ဝိညာဏဓာတ်ရှိနေသောကြောင့် စက္ခု ဝိညာဏ်စိတ် (ခန္ဓါငါးပါးတစ်စု) သောတဝိညာဏ်စိတ် (ခန္ဓါငါးပါး တစ်ခု) ဃာဏဝိညာဏ်စိတ် (ခန္ဓါငါးပါးတစ်စု) စသည်ဖြင့် ခန္ဓာအစဉ်သည် တစ်လှည့်စီ တရစပ် ဖြစ်ပေါ်ပျက်စီးလျှက် ရှိနေပေသည်။ ဝိညာဏဓာတ် ချုပ်ဆုံးသွားသောအခါ ခန္ဓာအစဉ် တစ်ဘဝအတွက် ပြတ်၍ ခန္ဓာစဲ၍ သေပွဲဝင်သည်ဟု ပြောဆိုလေ့ရှိကြပါသည်။

၇။ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော၊ အာကာသ၊ ဝိညာဏ၊ ဓာတ်ခြောက်ပါးအနက် ရေ၊ မြေ၊ တော၊ တောင်၊ သစ်ပင်၊ ကျောက်

တုံးစသည့် အဝိဉာဏက အရာဝတ္ထုများတွင် ဓာတ်ငါးပါးပါရှိ၍ ဝိဉာဏဓာတ်မူကား မပါရှိပေ၊ သက်ရှိသတ္တဝါများတွင်သာ ဝိဉာဏဓာတ်ပါရှိပေသည်။ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော၊ အာကာသဓာတ်များ၏ သတ္တိကြောင့် အဆိုင်အခဲအစုအဝေး ဖြစ်လာသည်ကို သမူဟ ပညတ်ဟုနားလည်၍ အဆိုင်အခဲပေါ်မူတည်၍ လူ့သဏ္ဌာန်၊ ခွေးသဏ္ဌာန်၊ နွားသဏ္ဌာန်၊ ဝက်သဏ္ဌာန် စသည့်ဖြင့် ဖြစ်ပေါ်နေသည်ကို သဏ္ဌာနပညတ်ဟု သဘောပေါက်၍ လူပဲ၊ ခွေးပဲ၊ နွားပဲ၊ ဝက်ပဲဟု သမုတ်ခေါ်ဝေါ်နေသည်ကို နာမပညတ်ဟု သဘောပေါက်လျှင် အဘယ်မှာလျှင် မရမတ္ထ သဘောအားဖြင့် တစ်ခု၊ တစ်ကောင်၊ တစ်ယောက် ရှိတော့အံ့နည်း၊ တစ်ခု၊ တစ်ကောင်၊ တစ်ယောက်မရှိတော့လျှင် အရေအတွက်အားဖြင့် နည်း၍သွားသည်၊ များ၍သွားသည်ဆိုသည်မှာလည်း မရှိနိုင်တော့ပေ။

၈။ ဤနေရာတွင် အဂ္ဂိဝစ္ဆသုတ်သည် ဆီလျော်သောကြောင့် အကျဉ်းမျှ ဖော်ပြလိုပေသည်။ အဂ္ဂိဝစ္ဆပုဏ္ဏားက မြတ်စွာဘုရားအား အရှင်ဂေါတမ၊ ဘုရား၊ ပစ္စေကဗုဒ္ဓ၊ ရဟန္တာများ သေလျှင် ဘာဖြစ်သွားသလဲဟု မေးပါသည်။ မြတ်စွာဘုရားက အနီးအနားတွင် တောက်လောင်နေသော မီးပုံကိုညွှန်ပြ၍ အသင်ပုဏ္ဏား၊ ထိုမီးပုံငြိမ်းသွားသောအခါ ဘာဖြစ်သလဲဟုမေးရာ၊ မှန်လှပါ ရှင်ဂေါတမ၊ လောင်စာများကုန်ဆုံးသွားသောအခါ၊ မီးငြိမ်းသွားခြင်းမျှသာဖြစ်၍ မီးတောက်မီးလျှံ ပျောက်ကွယ်သွားခြင်းမျှသာ ဖြစ်ပါသည်။ မီးတောက်မီးလျှံသည် မည်သည့်နေရာဒေသသို့မျှ ရောက်ရှိသွား

ခြင်းမရှိဟု ဖြေကြားခဲ့ပါသည်။ မြတ်စွာဘုရားက၊ ကိလေသာတည်းဟူသော လောင်စာများ ကုန်ဆုံးခဲ့ပြီးဖြစ်သော ဘုရား၊ ပစ္စေကဗုဒ္ဓ၊ ရဟန္တာတို့သည် လောင်စာကုန်ဆုံးခဲ့သော မီးတောက်ကဲ့သို့ ကိလေသာလောင်စာသိမ်း၍ ဘဝဇာတ်ငြိမ်းသွားခြင်းမျှသာ ဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပေသည်။ ဤသဘောတရားသည် အနုပါဒိသေသနိဗ္ဗာန်၏ သဘောမျှသာဖြစ်၍ ဘဝသစ်ကို ဖွဲ့စည်းခြင်း ဖြစ်ပေါ်စေတတ်သော ကိလေသာတည်းဟူသော လောင်စာတို့ ကုန်ဆုံးစေတတ်သော အသင်္ခတဓာတ်၊ နိဗ္ဗာနဓာတ်၊ နိဿရဏဓာတ်ဟု အမည်အမျိုးမျိုးရသော အသင်္ခတသဘာဝ မဟုတ်ကြောင်းကိုပါ ခံယူထားရန် အထူးအရေးကြီးပါသည်။

## ကျွန်တော်သဘောပေါက်သော အနတ္တ (၄)

၁။ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်နေ့တွင် မင်္ဂလာဗျူဟာဓမ္မရုံ၌ ဓမ္မသာကစ္ဆာအဖွဲ့ ဆွေးနွေးပွဲတက်ရောက်ခဲ့ပါတယ်။ ထိုဆွေးနွေးပွဲ၌ "ကျွန်တော်သဘောပေါက်သော အနတ္တ (၃)" ကို ဆွေးနွေးရာတွင် အဓိကအချက်မှာ ပရမတ္ထသဘောအရ တစ်ခု၊ တစ်ကောင်၊ တစ်ယောက်၊ တစ်ပိသာ၊ နှစ်ပိသာ၊ နှစ်မိုင်၊ ယောက်ျား၊ မိန်းမ၊ လူ၊ နတ်ဟူ၍ မရှိကြောင်း၊ သေဆုံးသွားခြင်း၊ မွေးဖွားလာခြင်းတို့ကြောင့် တိုးပွားလာခြင်း၊ လျော့နည်းသွားခြင်းမရှိ၊ ဝိညာဉ်၊ နာမ်၊ ရုပ် (သုတ္တန်အလို) စိတ်၊ စေတသိက်၊ ရုပ် (အဘိဓမ္မာ အလို) တရားများသည်လည်း ရေတွက်၍ ရကောင်းသော၊ ချိန်တွယ်၍ရကောင်းသော၊ တိုင်းတာ၍ရကောင်းသောတရားများ မဟုတ်ကြောင်းများကို အကျယ်တဝင့် ဆွေးနွေးတင်ပြခဲ့ပါသည်။

၂။ ထိုဆွေးနွေးပွဲမှအပြန်တွင် ဆရာဝန်သူငယ်ချင်းတစ်ယောက်အိမ်၌ အစ္စလာမ်ဟာဂျီဆရာတစ်ဦးနှင့် ဘာသာရေးဆွေးနွေးမှု ဆက်မလက်ပြုလုပ်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲတွင် ဟာဂျီဆရာက ၎င်းမက္ကာသို့ ဟဂ်ျပြုရန်သွားစဉ်က တွေ့ကြုံခဲ့ရသော အတွေ့အကြုံတစ်ရပ်ကို အလွန်စိတ်ဝင်စားဖွယ် ပြောပြသွားပါသည်။ မက္ကာသို့ အစ္စလာမ်ဘာသာဝင်များ နှစ်စဉ် ဟဂ်ျပြုရန် တစ်ကြိမ်တည်းတွင် လူသုံးသန်းခန့်လာရောက်ကြောင်း၊ ကျင့်စဉ်များအနက်တစ်ရက်မှာ အစ္စလာမ်ဘာသာဝင်များ အထွတ်အမြတ်ထားရာ ကမ္ဘာဦးကျောင်းတော် ကအ်ဗာကို ဟဂ်ျပြုသူများလှည့်ပတ်၍ ရွတ်ဖတ်သရဇ္ဈာယ် ဆင်ခြင်းနှလုံးသွင်း ရကြောင်း၊ ကအ်ဗာအဆောက်အဦး၏ ပတ်ပတ်လည်တွင် ကျောင်းဆောင်များ ခဲ့ထွင်ထားကြောင်း၊ လူအလွန်များ၍ ကအ်ဗာအဆောက်အဦးပတ်လည် မြေကွက်လပ်တွင် မဆန့်သောကြောင့် လူအများ ကျောင်းဆောင်ပေါ်မှာပင် လှည့်ပတ်ကြရကြောင်း၊ ကျောင်းဆောင်များပေါ်တွင်လည်း လူများလွန်း၍ တစ်ဦးကို တစ်ဦးတိုး၍သွားနေရကြောင်း၊ ၎င်းဆရာမှာ (၇) ပတ်လှည့်ပတ်ရာတွင် နောက်ဆုံးအပတ်၌ အလွန်မောပန်းနွမ်းနယ်ကာ ဆက်လက်၍ လှည့်ပတ်ဝတ်ပြုရန် ခွန်အားအရှိတော့ကြောင်း၊ ထိုအခါ ၎င်းဆရာယုံကြည်ကိုးကွယ်သော အလ္လာဟ် အရှင်မြတ်အား တိုင်တည်၍ အမိန့်ခွင့်တောင်းမကြောင်း၊ အလွန်အံ့သြဖွယ်ရာကောင်း လောက်အောင်၎င်းသည် လှည့်ပတ်နေကြသော လူများထက်မှ ပျံလွှားကာ အပတ်စေ့အောင်ပတ်၍ ဝတ်ပြုနိုင်ခဲ့ကြောင်း၊ အပတ်စေ့၍ ကအ်ဗာ အဆောက်အဦးနားတွင် ဝတ်ပြုရန် သွားသောအခါ

ထပ်မံ၊ အံ့သြရသည်မှာ လူများအလယ်တွင် ၎င်းတစ်ယောက် စာနေရာရှိနေကြောင်း ပြောပြသွားပါသည်။ ထိုဆရာကမူ ယင်းအတွေ့အကြုံမှာ မှန်ကန်သောရည်စူးချက်နှင့် လုပ်ရပ် အတွက် အလ္လာဟ်အရှင် မြတ်ဘက်မှ ကရုဏာဖြင့် ပေးသနားမှု ဟုပြောပြပါသည်။ ဟဂ်ျကာလ၌ အခြားကျင့်စဉ်နှင့် အတွေ့အကြုံ များလည်းရှိကြောင်း ပြောပါသည်။ အစ္စလာမ် ဘာသာဝင်များမှာ အထူးအားကျစရာကောင်း လောက်အောင် ဘာသာတရား ကြည်ညိုသူများဖြစ်ကြပါသည်။

၃။ ဤဟာဂျီဆရာပြောပြသောအကြောင်းအရာကို ဝေဖန် စမ်းစစ်သော် ဈာန်အဘိညာဉ်ဟု ယူဆမိပါသည်။ လောကီဈာန် အဘိညာဉ်တရားများသည် ဂေါတမမြတ်စွာဘုရားမပွင့်မီကသော် လည်းကောင်း၊ ပွင့်ဆဲကာလတွင်သော်လည်းကောင်း၊ ပွင့်ပြီးသော ကာလများတွင်လည်းကောင်း၊ နည်းမှန်လမ်းမှန်ကျင့်ကြံအားထုတ် လျှင် ရရှိနိုင်သောတရားများ ဖြစ်ပေသည်။ လောကီဈာန်၊ အဘိ ညာဉ်တရားများ ရရှိရေးအတွက် ဘာသာအပိုင်းအခြား မရှိဟု ထင်မြင်မိပါသည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဒေဝဒတ်သည် မြတ်စွာဘုရားနှင့် ရဟန်းတော်များအား နည်းမျိုးစုံ ဖြင့် ဆန့်ကျင်ရန်ပြုခဲ့သော ရဟန်းတစ်ပါးဖြစ်သော်လည်း ဒေဝဒတ် သည် လောကီဈာန်အဘိညာဉ် ရရှိသူဖြစ်သည်ဟု လေ့လာမှတ် ထားမိပါသည်။ ဤသို့ဖြစ်ရသည်ကို ဆင်ခြင်တွေးတောသောအခါ တရား သဘောတွင် ဘာသာအပိုင်းအခြားမရှိကြောင်း၊ လုံ့လဝီရိယ ဖြင့် ကျင့်ကြံလျှင် ဆီလျော်သော အောင်မြင်မှုရရှိနိုင်ကြောင်း

ယူဆလျှင် မှားမည်မထင်ပါ။ သို့ရာတွင် အနတ္တလက္ခဏာကိုမူကား ဟောဖော် ညွှန်ပြသူမရှိပဲ၊ ထိုးထွင်းသိမြင်ဉာဏ်အမြင်ပေါက်ရန် အလွန်ခက်ခဲလှသည်။ အနတ္တလက္ခဏာတရားသည် မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်သော တရားဖြစ်ပေသည်။ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော အနတ္တသဘောတရား၊ အနတ္တလက္ခဏာတရားများသည်ပင် အနတ္တတရားများဖြစ် ကြပေသည်။ ထို့ကြောင့် သဗ္ဗေဓမ္မာ အနတ္တာဟု ဟောကြားတော် မူခဲ့လေသည်။

၄။ ဂေါတမမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များသည် မြတ်စွာဘုရား၏ ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ထိုး ထွင်းသိမြင်သော သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက တည်းဟူသော လောကသုံးပါးအတွက် မှန်ကန်သော တရားများ (Universal Truths) ဖြစ်ကြပေသည်။ မြတ်စွာဘုရား ဟော၍ မှန်သည်မဟုတ်ပါ၊ သူ့သဘောသူဆောင်၍ တည်ရှိနေသော အမှန်တရားများကို မြတ်စွာဘုရားက ရှာဖွေတွေ့ရှိ ဖော်ထုတ်ဟောကြားခဲ့သော တရားများသာဖြစ်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားဟောကြားခဲ့သော တရားများသည် ဗုဒ္ဓဘာသာဝင်များအတွက်သာ မှန်သောတရားများမဟုတ်ကြဘဲ၊ လောကသုံးပါးလုံးအတွက် မှန်သောတရားများဖြစ်ကြလေသည်။

၅။ သဗ္ဗညုတဉာဏ်ရှင် ဒိဋ္ဌိတရားနှင့်ပတ်သက်၍ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က အရှင်သာရိပုတ္တရာအား မေးမြန်းတော်မူသော

"သာရိပုတ္တရာ၊ သဒ္ဓိန္ဒြေကို ပွားများသော်၊ အကြိမ်များစွာ အလေ့အကျင့်ပြုသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်သည်သာလျှင်၊ အဆုံးရှိ၏ဟူသော စကားကို သင်ယုံကြည်ပါသလော" ဟု မေးမြန်းတော်မူခဲ့ပါသည်။ အလားတူပင်၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေငါးပါးကို အကြောင်းပြု၍ ပြဿနာကိုမေးတော်မူပါသည်။ ဤနေရာတွင် အရှင်သာရိပုတ္တရာ ဖြေကြားတော်မူသော တရားစကားသည် အနတ္တသဘောကို အထူးဖော်ညွှန်းလိုက်သော တရားစကားဖြစ်ပေသည်။ အရှင်သာရိပုတ္တရာက "အရှင်ဘုရား သဒ္ဓိန္ဒြေကိုပွားများသော်၊ အကြိမ်များစွာ အလေ့အကျင့် ပြုသော် နိဗ္ဗာန်သည်သာလျှင် အဆုံးရှိ၏ဟူသော စကားကို တပည့်တော်သည် အရှင်ဘုရားအား ယုံကြည်၍ ဆည်းကပ်သည် မဟုတ်ပါ . . . အရှင်ဘုရား၊ သဒ္ဓိန္ဒြေကို ပွားများသော် အကြိမ်များစွာ လေ့ကျင့်သော် နိဗ္ဗာန်သို့သက်ဝင်၏၊ နိဗ္ဗာန်သည်သာ အဆုံးရှိ၏ ဟူသော နိယာမကို ဉာဏ်ဖြင့် ဧကန်မသိသူ၊ မရှုမြင်နိုင်သေးသူ၊ ထိုးထွင်း၍မသိသူ၊ မျက်မှောက် မပြုနိုင်သေးသူသာလျှင် သူတစ်ပါး အားယုံကြည်၍သာ ဆည်းကပ် ကြပါသည်" ဟု လျှောက်ထားတော် မူခဲ့ပါသည်။ ထိုအခါ ကိုယ်တိုင်ထိုးထွင်း၍ ဉာဏ်ဖြင့်မသိသေးသော ရဟန်းများက ရှင်သာရိပုတ္တရာသည် မိစ္ဆာအယူကို မစွန့်သေး၊ ယနေ့ ထက်တိုင် အောင်ပင် ဘုရားရှင်ကို မယုံကြည်သေးဟု စကားအတင်း ဆိုကြပါ သည်။ ထိုအခါ ဘုရားရှင်က သာရိပုတ္တရာသည် ကုသိုလ် ကောင်းမှု ၏အကျိုးဝိပါက်ကိုလည်းကောင်း၊ ရတနာသုံးပါး၏ ကျေးဇူးကို သော်လည်းကောင်း မယုံကြည်သည်မဟုတ်ပေ၊ မိမိရရှိထားသော ဈာန်တရား

မဂ်ဖိုလ်တရားတို့၌ သူတစ်ပါးအား ယုံကြည်၍ ဆည်းကပ်နေသူ မဟုတ်ပေ၊ မိမိကိုယ်တိုင် ထိုးထွင်းသိမြင်ထားသူ ဖြစ်၍သာ ဤသို့လျှောက်ထားခြင်းဖြစ်ပေသည်ဟု မိန့်ကြားတော်မူ ပါသည်။

၆။ သဒ္ဓိန္ဒြေ၊ ဝိရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေဟု ဆိုအပ်သော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတည်းဟူသော ဣန္ဒြေငါးပါးတရားတော်များသည် မြတ်စွာဘုရားဟောကြား၍ မှန်ကန်သောတရားမဟုတ်ကြပေ၊ သူ့သဘောသူဆောင်၍ ရှိနေကြသော တရားများသာဖြစ်ပေသည်။ တစ်နည်းအနတ္တတရားများဖြစ်ကြပေသည်။ အနတ္တတရားဆိုသည်မှာ တစ်စုံတစ်ယောက်သော တန်ခိုးရှင်က ပြုပြင်စီရင်ဖန်ဆင်းသော တရားမဟုတ်ဘဲ၊ သူ့သဘော သူဆောင်၍ ရှိနေသော တရားဖြစ်သောကြောင့် ဤတရား၏ မှန်ကန်မှု၊ အကျိုးသက်ရောက်မှုတွင် ဘာသာအပိုင်းအခြား ကန့်သတ်ချက်မရှိပေ။

၇။ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်များသည် သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ထိုးထွင်းသိမြင်သော၊ သူ့သဘောသူဆောင်၍ ရှိနေသော အနတ္တသဘောတရားများ ဖြစ်ပေသည်။ တစ်စုံတစ်ယောက်သော တန်ခိုးရှင်က ပြုပြင်စီရင်ဖန်တီးထားသော တရားများမဟုတ်ပေ။ မြတ်စွာဘုရားရှင်က စိတ်ကူးကြံ ဆ၍ ဟောကြားထားသောတရားများလည်း မဟုတ်ကြပေ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ်ကာလအားလုံးအတွက် မှန်ကန်နေသော၊ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလော

ကတည်းဟူသော လောကအားလုံးအတွက် မှန်ကန်သော နိယာမ တရားများသာ ဖြစ်ပေသည်။ နိယာမတရားများ၏ မှန်ကန်မှုတွင် ဘာသာတည်းဟူသော ကျဉ်းမြောင်းသည့် ဘောင်ခတ်ထား၍ မရသော အမှန်တရား (Universal Truths) များသာဖြစ်ကြပေ သည်။ ဤနိယာမ တရားများမှာလည်း သူ့သဘောသူဆောင်၍ အစဉ်ထာဝရတည်ရှိ နေသော အနတ္တတရားများဖြစ်တော့သည်။ ယခင်ကလည်းရှိခဲ့သည်၊ ယခုလည်းရှိနေသည်၊ နောင်လည်းရှိနေ ပေလိမ့်မည်။

သဗ္ဗေဓမ္မာအနတ္တာ

## ကျွန်တော်သဘောပေါက်သော အနတ္တ (၅)

၁။ တစ်နေ့သောနံနက်ပိုင်းတွင် ကျွန်တော်အလွန်လေးစားသော ဓမ္မမိတ်ဆွေအစ်ကိုကြီး တစ်ယောက်နှင့်အတူ အလွန်ထင်ရှားကျော်ကြားသော စာရေးဆရာ၊ အနုပညာဆရာကြီး တစ်ဦးထံ ရောက်ရှိသွားပါသည်။ ကျွန်တော် တို့ရောက်သွားသော အချိန်တွင်ဆရာကြီးအား ကန်တော့ရန်ရောက်နှင့်နေသော လူရွယ်တစ်ဦးနှင့် လူငယ်လေးတစ်ယောက်တို့ ဆရာကြီးနှင့် စကားလက်ဆုံ ကြနေကြပါသည်။ အမှန်မှာ ဆရာကြီးက ဆုံးမဩဝါဒပေး၍ ကန်တော့သူများက ဩဝါဒခံယူနေခြင်း ဖြစ်ပါသည်။ ထိုသို့ဆုံးမဩဝါဒပေးရာတွင် သစ္စာလေးပါး တရားအကြောင်း တစ်စွန်းတစ်စကြားမိလိုက်ပါသည်။

၂။ ဆရာကြီးထံမှ ဧည့်သည်များပြန်သွားသောအခါ ကျွန်တော်နှင့်ဓမ္မ မိတ်ဆွေအစ်ကိုကြီးတို့ ဆရာကြီးနှင့် ဆက်လက်ဆွေးနွေးကြပါသည်။ အစ်ကိုကြီးက သစ္စာလေးချက် တစ်ပြိုင်နက်

ဖြစ်သည်ဆိုသည်ကို သဘောမကြကြောင်း၊ တစ်ပြိုင်နက်ကဲ့သို့ တစ်ခုပြီးမှတစ်ခုဖြစ်သည်ဟု ယူဆကြောင်းတင်ပြဆွေးနွေးပါသည်။ ထိုအခါဆရာကြီးက သစ္စာလေးချက်တစ်ခုပြီးမှတစ်ခု တစ်ပြိုင်နက် ကဲ့သို့ ဖြစ်သည်ကို ကလေးဘဝအတွေ့အကြုံနှင့် ထင်ဟပ်ပြောပြပါသည်။ ဆရာကြီးက "ကျွန်တော်တို့ ငယ်ငယ်က ငှက်ပျောလက်ကို ဓားဖြင့်ထစ်၍ သေနတ်လုပ်တန်းကစားရာတွင် ငှက်ပျောဖက်များကို လက်ဖြင့်သပ်လိုက်သောအခါ ဖြစ်ပေါ်လာသော အသံမှာ တစ်ပြိုင်နက်ကဲ့သို့ ထင်ရသော်လည်း တစ်ခုပြီးမှ တစ်ခုမည်လာခြင်းသာဖြစ်ကြောင်း" ပြောပြသွားပါသည်။ ကျွန်တော်အလွန် လေးစားသော ဓမ္မမိတ်ဆွေအစ်ကိုကြီးမှာ ငှင်းယူဆထားသည်နှင့် ဆရာကြီး၏ အယူအဆတူညီနေသော ကြောင့် အလွန်သဘောကျသွားပါသည်။

၃။ သစ္စလေးပါးတရားတော်ကို မြတ်စွာဘုရား တရားဦး အဖြစ်ဟော ကြားတော်မူသော ဓမ္မစကြာတရားတော်တွင် နာကြားရပါသည်။ ဓမ္မစကြာ တရားတော်အစတွင်၊ ဒွေမေဘိက္ခဝေ အန္တာပဗ္ဗဇိတေန သေဝိတဗ္ဗာ အစချီ၍ ဟောကြားရာတွင်၊ အစွန်တရားနှစ်ပါးဖြစ်သည့် ကာမသုခလ္လိကာနုယောဂအစွန်း ဖြစ်သော ဆန္ဒရာဂတည်း ဟူသော ကိလေသာကာမနှင့် ယှဉ်သော ချမ်းသာကို အဖန်တလဲလဲခံစားခြင်း၊ အတ္တကိလမထန ယောဂ အစွန်းဖြစ်သော မိမိကိုယ်ကို ပင်ပန်းအောင် ဆူးငြောင့်မှီ၍ အိပ်ခြင်း၊ အလွန်ပူသောနေရောင်အောက်တွင် ဝတ်လစ်စလစ် အပူခံခြင်း၊ အလွန်ချမ်းအေးသောရေတွင် ကိုယ်ကိုစိမ်ထားခြင်း

စသည့်အကျင့်ကို ကျင့်ခြင်းဖြင့် သံသရာမှ လွတ်မြောက်နိုင်သည်ဟု ယုံကြည်၍ ကျင့်ကြံခြင်း၊ ဤအစွန်းတရားနှစ်ပါးကို စတင် ဟောကြားရသော အကြောင်းရင်း အကြောင်းခံဟု ယူဆရသည်မှာ မြတ်စွာဘုရားပွင့်တော်မူသောခေတ်အခါက အိန္ဒိယနိုင်ငံတွင် တစ်ဘဝစံဝါဒ၊ ယခုဘဝတွင် ကိလေသာကာမဂုဏ်အာရုံများ ကို အစွမ်းကုန်ခံစား၍ သေသည့်အခါ အခြားမဲ့၌ ဘာမှဖြစ်လာတော့ မည်မဟုတ်ဟု ယုံကြည်လက်ခံနေကြသည်များနှင့် သံသရာမှ လွတ်မြောက်ရန်အတွက် ကိလေ သာကုန်ခမ်းစေရန် မိမိကိုယ်ကို အစွမ်းကုန်ညှင်းပန်းနှိပ်စက်ပြုသောအကျင့်ကို ကျင့်ကြံနေသည် များ ထွန်းကားလျက်ရှိနေသောကြောင့်ဟု ယူဆရပါသည်။ ထိုခေတ်ထိုအချိန်တွင် သစ္စာလေးပါးတရားတော်ကို ဆရာမကူ သယမ္ဘုဉာဏ်ဖြင့် ထိုးထွင်းသိမြင်တော်မူသော မြတ်စွာဘုရားသည် သံသရာမှလွတ်ကြောင်းကျင့် စဉ်အမှန်ဖြစ်သော အစွန်းတရား နှစ်ပါးမှ လွတ်သော မဇ္ဈိမ ပဋိပဒါ၊ အလယ်အလတ်လမ်းစဉ်၊ မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားတော်ကို ဟောကြားတော်မူခဲ့ပါ သည်။

၄။ မဂ္ဂင်ရှစ်ပါးတရားတော်သည် ကျင့်စဉ်လမ်းကြောင်းမျှ သာဖြစ်ပါသည်။ ဓမ္မစကြာတရားဦးဟောတော်မူရာ၌၊ ဒုက္ခသစ္စာ ကို ပထမဦးစွာ၊ ဇာတိပိ ဒုက္ခာ-ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲခြင်းဒုက္ခဖြစ်၏။ ဇရာပိ- မမြဲမတည် ပြောင်းလဲ၍ အိုမင်းရင့်ရော်ရခြင်းသည်လည်း ဆင်းရဲခြင်းဒုက္ခဖြစ်၏။ ဗျာဓိပိ- ပြောင်းလဲဖောက်ပြန် ဖျားနာဘေးရန်ကျရောက်ခြင်းသည်လည်း ဆင်းရဲခြင်း ဒုက္ခဖြစ်၏။ မရဏံ-မလွဲမသွေ သေဘေးနှင့်တွေ့ကြုံ

ရခြင်းသည်လည်း ဒုက္ခဆင်းရဲခြင်းဖြစ်၏။ မချစ်မနှစ်သက်သောသူတို့နှင့် သမ္ပယောဂေါ-အတူတကွ ပေါင်းသင်းရခြင်းသည်လည်း ဆင်းရဲခြင်းဒုက္ခဖြစ်၏။ ပိယေဟိ-ချစ်ခင်နှစ်သက်သောသူတို့နှင့် ဝိပ္ပယောဂေါ-ကွေကွင်းကင်းကွာ မပေါင်းဖော်ရခြင်းသည်လည်း ဆင်းရဲခြင်းဒုက္ခဖြစ်၏။ ယံ ပိစ္ဆံ-အကြင်ပဋိသန္ဓေနေရခြင်း၊ အိုမင်းရင့်ရော်ခြင်း၊ ရောဂါဘေးကျရောက်ခြင်း၊ သေဘေးကျရောက်ခြင်းစသည်တို့ ငါ့အားမဖြစ်ပါမူ ကောင်းလေစွစသည်ဖြင့် တောင့်တခြင်းကို၊ န လဗ္ဘတိ-မရအပ်၊ တံပိ-တောင့်တတိုင်းမရခြင်းသည်လည်း ဆင်းရဲဒုက္ခဖြစ်၏။ သံခိတ္တေန-အကျဉ်းအားဖြင့် ငါးပါး ကုန်သော၊ ဥပါဒါနက္ခန္ဓာပိ-ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာတို့သည်လည်း၊ ဆင်းရဲဒုက္ခဖြစ်၏။ ဣဒံခေါ ပန ဓမ္မဇာတံ-ဤဇာတိအစရှိသော တရားသည် ဒုက္ခံ-ဒုက္ခဖြစ်၏ဟု အရိယာသစ္စံ-အရိယာတို့သိအပ်သော သစ္စာမည်၏။ ဤဒုက္ခသစ္စာတရားအပြားတွင် ခန္ဓာတို့သည် (နာမ်ရုပ်)အရိယာတို့သိအပ်သော ဒုက္ခသစ္စာဟု ဟောကြားတော်မူခဲ့ပါသည်။

၅။ သမုဒယသစ္စာကို ဟောကြားတော်မူရာ၌ ယာယံတဏှာ-အကြင် လောဘစသော ကိလေသာတို့သည်၊ ပေါနောဘဝိကာ-ဘဝသစ်ကို ဖြစ်တတ် သောသတ္တိရှိ၏။ နန္ဒိရာဂ၊ သဟဂတာ၊ နှစ်သက်ခြင်း၊ တပ်မက် ခြင်းဖြစ်၏။ ထိုသို့ ဝတ္ထုအာရုံကာမဂုဏ်တို့၌လည်းကောင်း၊ ထိုထိုကိုယ်၏ အဖြစ်၊ ထိုထိုဘဝတို့၏ အဖြစ်ကို အဘိနန္ဒတိ၊ အလွန်နှစ်သက်တွယ်တာတတ်၏။ ဣဒံခေါပန ဓမ္မဇာတံ၊ ဤတဏှာဟူသော နှစ်သက်ခြင်း၊

တပ်မက်ခြင်းဟူသော သဘောတရားသည် ဒုက္ခသမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော သစ္စာ ဖြစ်သည်ဟု အရိယာတို့သိအပ်၏ဟု ဟောကြားတော်မူခဲ့ပါသည်။

၆။ နိရောဓသစ္စာကို ဟောကြားတော်မူရာ၌ တဿာယေဝ တဏှာယ၊ ထိုကာမတဏှာ စသည်ဖြင့် အပြားဟောကြားအပ်သော၊ တရားကိုယ်အားဖြင့် ကိလေသာတရားသည်သာလျှင် ယောအသေသဝိရာဂ နိရောဓော၊ အကြွင်း အကြွင်းမဲ့ တပ်မက်တွယ်တာခြင်း ကင်းကြောင်း နိဗ္ဗာန်သည် ယောစာဂေါ၊ အကြွင်းအကြွင်းမဲ့စွန့်ကြောင်းနိဗ္ဗာန်သည်၊ ယောပဋိနိဿဂ္ဂေါ၊ အကြွင်းဝေးကြောင်း စွန့်ကြောင်း၊ နိဗ္ဗာန်သည်၊ ယာသမုတ္တိ၊ အကြွင်းလွတ်ကြောင်း နိဗ္ဗာန်သည်၊ ယောအနာလယော၊ အကြွင်းတပ်မက်ခြင်းကင်းကြောင်း နိဗ္ဗာန်သည်၊ အတ္ထိရှိ၏။ ဣဒံခေါ ပနမဗ္ဗဇာတံ၊ ဤနိဗ္ဗာန် ဟူသော သဘာဝတရားကြီးသည်၊ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ကြောင်း ဖြစ်သော၊ အရိယသစ္စံ၊ အရိယာတို့သိအပ်သော သစ္စာမည်၏ဟု ဟောကြားတော်မူခဲ့ပါသည်။

၇။ မဂ္ဂသစ္စာကို ဟောကြားတော်မူရာ၌၊ အရိယော၊ မြတ်သော၊ အယမေဝမဂ္ဂေါ၊ ဤမဂ္ဂင်အကျင့်သည်လျှင်၊ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။ ဣဒံမဂ္ဂ၊ ဤမဂ္ဂင်အကျင့်တရား လမ်းကြောင်းသည် သေယျထာ-ကတမံ၊ အဘယ်တရားများနည်း ဟူမူ၊ သမ္မာဒိဋ္ဌိ၊ ကောင်းစွာ၊ မှန်စွာအယူရှိခြင်း၊ သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံစည်တွေးတောဝေဖန်ခြင်း၊ သမ္မာဝါစာ၊ ကောင်းသော

စကားကိုသာ ပြောဆိုခြင်း၊ သမ္မာကမ္မန္တော၊ ကောင်းသောအလုပ်ကိုသာ ပြုလုပ်ဆောင်ရွက်ခြင်း၊ သမ္မာအာဇီဝေါ၊ ကောင်းသောအသက်မွေးဝမ်းကျောင်းပြုခြင်း၊ သမ္မာဝါယမော၊ ကောင်းစွာအားထုတ်ခြင်း၊ သမ္မာသတိ၊ ကောင်းစွာမမေ့မလျော့ခြင်း၊ သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း၊ ဣဒံခေါ ပန-ဓမ္မဇာတံ၊ ဤမဂ္ဂင်ရှစ်ပါး အကျင့်တရား သည်သာလျှင်၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါ၊ ဒုက္ခ၏ချုပ်ကြောင်း နိဗ္ဗာန်တရားကို မျက်မှောက်ပြုကြောင်း အကျင့်လမ်းကြောင်းဖြစ်သော အရိယာသစ္စံ၊ အရိယာတို့သိအပ်သော သစ္စာမည်၏ဟု ဟောကြားတော်မူခဲ့ပါသည်။

၈။ ဤသစ္စာလေးပါးတရားကို နာကြားရသော ပဉ္စဝဂ္ဂီရဟန်းတို့တွင်၊ အရှင်ကောဏ္ဍညထေရ်သည်၊ ဒုက္ခသစ္စာ၏ အပြားသဘောတရား၊ ဒုက္ခဖြစ် ကြောင်း သမုဒယသစ္စာ၏ သဘောတရား၊ နိရောဓသစ္စာ၏ သဘောတရား၊ မဂ္ဂသစ္စာ၏ သဘောတရားများကို လေးနက်စွာ ဆင်ခြင်သုံးသပ်ခဲ့သောကြောင့် နက်နက်နဲနဲ သဘောပေါက်ကာ သစ္စာလေးပါးကို သိမြင်တတ်သော၊ သောတာပတ္တိမဂ်ဉာဏ် (နိဗ္ဗာန်ကို ပထမအကြိမ်မျက်မှောက်ပြုခြင်း) ထင်ရှား ဖြစ်ပေါ်လာခဲ့ပါသည်။ အရှင်ကောဏ္ဍညထေရ်သည် ဒဿနအရိယာအမျိုး အစားဖြစ်ပါသည်။ တရားတော်ကိုကြားဆဲ၊ နာဆဲမှာပင် တရားသဘောကို လေးနက်စွာ ဆင်ခြင်သုံးသပ်နိုင်စွမ်းသောကြောင့် တစ်မဂ်တစ်ဖိုလ်ရခဲ့ခြင်း ဖြစ်ပါသည်။ နေယျပုဂ္ဂိုလ်တို့၏ နည်းမှန်လမ်းမှန်ဖြင့် ကျင့်ယူမှ မဂ်ဖိုလ်ရသော ပုဂ္ဂိုလ်အမျိုးအစား အာစာရအရိယာမျိုးမဟုတ်ပါ။ ထိုသို့ မြတ်စွာ

ဘုရားဟော ကြားတော်မူသော သစ္စာလေးပါးတရားတော်သည် ဆင်ခြင်တွေးတောကျင့်ကြံ အားထုတ်ရသော ဝိပဿနာသမ္မာဒိဋ္ဌိ အဆင့်များဖြစ်၍၊ စတုသစ္စသမ္မာဒိဋ္ဌိ-သစ္စာလေးချက် တစ်ပြိုင်နက် ဖြစ်သော အရိယာသစ္စာများ မဟုတ်ဟု သဘော ပေါက်ပါသည်။

၉။ အရှင်ကောဏ္ဍညမထေရ် မဂ်စိတ်ဖြစ်ဆဲ၌ နိရောဓသစ္စာ တည်းဟူသော အသင်္ခတဓာတ်၊ နိဗ္ဗာနဓာတ်သဘာဝထဲသို့ စိတ်အာရုံသက်ရောက်သွားခြင်း၊ ဒုက္ခသစ္စာတည်းဟူသော ပဉ္စုပါဒါနက္ခန္ဓာ (နာမ်+ရုပ်)ပေါ်တွင် အလိုအလျောက် စိတ်အာရုံ မသက်ရောက်ခြင်း (စိတ်သည် တစ်ကြိမ်တွင် တစ်စိတ် သာဖြစ် သည်) သမုဒယသစ္စာတည်းဟူသော ကိလေသာအာရုံများ စိတ်အာရုံတွင် မကပ်ငြိဘဲ ပါယ်ကွာနေခြင်း၊ မဂ္ဂသစ္စာတည်း ဟူသော သက်ဆိုင်ရာ ကိလေသာများကို အနုသယနှင့်တကွ၊ မမှုနိယာမသဘောအရ ပယ်သတ်ခြင်း စသည်ဖြင့် သစ္စာလေး ချက်တစ်ပြိုင်နက် ဖြစ်ပေါ်ခဲ့ပေမည်။ သောတာပန်အဆင့် တွင် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးကိုသာ အနုသယနှင့်တကွ ပယ်သတ်ခဲ့ ပြီး ကျန်သောကိလေသာများမှာ အနုသယနှင့်တကွ စိတ်အာရုံတွင် ကပ်ငြိလျက် ရှိနေပေသေးသည်။ ဒိဋ္ဌိကိလေသာ ဖြစ်သော၊ သက္ကာယဒိဋ္ဌိ (သ=ထင်ရှားရှိသော၊ ကာယ၊ အပေါင်း အစု)ပေါ်တွင် ငါ၊ သူတပါး ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ခွေး၊ ဝက်၊ တိရစ္ဆာန်ဟု ယူမှားသော အစွဲပြုတ်သော ပရမတ္ထသစ္စာ အမြင်သည် ကြည်လင်ထင်ရှားလျက်ရှိပေမည်။ ဝိစိကိစ္ဆာ ကိလေသာဖြစ်သော မြတ်စွာဘုရားပေါ်၌ သို့လော၊ သို့လော

ယုံမှားခြင်း၊ တရားတော်ပေါ်၌ သို့လော သို့လော ယုံမှားခြင်း၊ ငါသေလျှင် ဖြစ်လာဦးမည်လော၊ မဖြစ်တော့ဘူးလောဟု သို့လော သို့လောဖြစ်သော ဝိစိကိစ္ဆာကိလေသာသည်၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမဟု မမြင်တော့သော သောတာပန်ပုဂ္ဂိုလ်တွင် အနုသယနှင့်တကွ ပယ်သတ် ပြီးဖြစ်လေသည်။

၁၀။ သစ္စာလေးချက်တစ်ပြိုက်နက်ဖြစ်သော သဘောသည် ခမ္မနိယာမသဘော(ဝါ)အနတ္တသဘောပင်ဖြစ်ပါသည်။ နိရောဓသစ္စာတည်းဟူသော နိဗ္ဗာနနခာတ်၊ အသင်္ခတခာတ် သဘာဝကြီးသည် အကြောင်းအကျိုးကို လွန်မြောက်၍ ကာလဒေသကို လွန်မြောက်၍ အလိုအလျောက်တည်ရှိနေ သော အနတ္တတရားကြီး ဖြစ်ပါသည်။ နာမ်+ရုပ်တရားသည် အကြောင်းအကျိုး ကြောင့် ဖွဲ့စည်းဖြစ်ပေါ်ပျက်စီးနေသော အနတ္တတရားဖြစ်ပါသည်။

နိဗ္ဗာန်တည်းဟူသော ပရမတ္တတရားကြီးသည် ထင်ရှား ရှိသော တရားဖြစ်ပါသည်။ သတ္တလောကတစ်ခုလုံးတွင် အမှန် တကယ်ထင်ရှားရှိသော တရားသည် စိတ်စေတသိက်၊ ရုပ်တရား များသာဖြစ်ပါသည်။ စိတ်စေတသိက်ရုပ် တရားများသည် သင်္ခတနယ်မှ ထင်ရှားရှိသော ပရမတ္တတရားဖြစ်၍ နိဗ္ဗာန်သည် အသင်္ခတနယ်မှ ထင်ရှားရှိသော ပရမတ္တတရားဖြစ်ပါသည်။ ထိုပရမတ္တတရားလေးပါးတွင် သင်္ခတနယ်မှ ပရမတ္တတရား ဖြစ်သော စိတ်၊ စေတသိက်ရုပ်တရား များသည် အကြောင်းအကျိုး ကြောင့် ဖွဲ့စည်းဖြစ်ပေါ်ပျက်စီးနေသော အနတ္တ တရားများဖြစ်၍ အသင်္ခတနယ်မှ နိဗ္ဗာန်တရားသည် အကြောင်းအကျိုးကို

လွန်မြောက်၍ အလိုအလျောက် အစဉ်အမြဲတည်ရှိနေသော အနတ္တတရားဖြစ်ပါသည်။ ဘယ်နေရာတွင်ရှိသည်၊ ဘယ်အခိုန်တွင်ရှိသည်ဟု ဖော်ပြ၍မရပေ။ သေတပတ္တိမဂ်ဉာဏ်ရမှာသာလျှင် အနတ္တတရားသဘောဖြစ်သော နိဗ္ဗာန်၏ သဘာဝကို သဘော ပေါက်နိုင်ပေလိမ့်မည်ဟု ထင်မြင်မိပါသည်။

(IT IS AN OMNI-PRESENCE PHENOMENON BEYOND TIME AND SPACE AND BEYOND REASONING)

သဗ္ဗေဓမ္မာ အနတ္တာ

## ကျွန်တော်သဘောပေါက်သော အနတ္တ(၆)

၁။ သဗ္ဗေဓမ္မာ အနတ္တာ၊ သဗ္ဗေဓမ္မာ၊ အလုံးစုံသော သင်္ခတ၊ အသင်္ခတ (နိယာမ) တရားများသည်၊ အနတ္တာ၊ သူသဘောသူဆောင်၍ အလိုမလိုက်ကြကုန်သော၊ အလိုသို့ လိုက်ခြင်းမရှိသောတရားများဖြစ်ကြပေသည်။ သင်္ခတတရားရော အသင်္ခတတရားပါ၊ နိယာမတရားများဖြစ်ကြ၍၊ သက်ဆိုင်ရာနိယာမ ဥပဒေသများရှိကြလေသည်။ သဗ္ဗေသင်္ခါရ အနိစ္စ၊ (သင်္ခတတရား)၊ သဗ္ဗေသင်္ခါရ၊ အလုံးစုံသော ပြုပြင်စီရင်မှုကြောင့် ဖွဲ့စည်းဖြစ်ပေါ်သော အရာအားလုံးသည် အနိစ္စ၊ မမြဲသောတရား၊ ပြောင်းလဲဖောက်ပြန်သောတရား၊ အတည်မရှိသောတရားဖြစ်ကြလေသည်။ သင်္ခတနယ်မှ တရား အားလုံး၏ နိယာမဥပဒေသများမှာ၊ အကြောင်းတရားများ အညီအညွတ် ပြုပြင်စီရင်အပ်သောအခါ၊ ဖွဲ့စည်းဖြစ်ပေါ်တတ်တဲ့ သဘောရှိပါတယ်။ သင်္ခတနိယာမ၏ အခြားဥပဒေသများမှာ၊ ဥပ္ပါဒ၊ ဌီတတ္တ၊ ဝယ ဆိုတဲ့ ဥပဒေသတွေလည်း ရှိပါသေး တယ်။ ဖွဲ့စည်းဖြစ်ပေါ်သော အရာအားလုံးသည် နဂိုအတိုင်းမြဲ မနေပဲ ပြောင်းလဲနေတယ်။ နောက်ဆုံး ပျက်သုဉ်းသွားတယ်။ (Formed into being, change and decay) သင်္ခတနယ်က အရာအားလုံးဟာ၊

ဒီသင်္ခတနိယာမ ဥပဒေသ ကမလွှန်မြောက်နိုင်ပါဘူး။ ဒီ သင်္ခတနိယာမ၏ ဥပဒေသကတော့ အကြောင်းအကျိုး ဥပဒေသ ဖြစ်ပါတယ်။ အကြောင်းရှိလျှင် အကျိုးဖြစ်မယ်။ အကြောင်း မကင်းသမျှ အကျိုးမကင်းနိုင်ပါဘူး။ အကြောင်း၊ အကျိုး အကြောင်းဖြစ်စဉ်သဘောဟာ သင်္ခတနိယာမရဲ့ အခြေခံ နိယာမ ဥပဒေသဖြစ်ပါတယ်။

၂။ သင်္ခတသင်္ခါရဒုက္ခ၊ သင်္ခတသင်္ခါရ အလုံးစုံသော ပြုပြင်စီရင်မှုကြောင့် ဖွဲ့စည်းဖြစ်ပေါ်အပ်သော အရာဒြပ်ဝတ္ထုလုံးသည် မမြဲသော သဘော၊ အလိုသို့ မလိုက်သော သဘောကြောင့် ဆင်းရဲကြောင်း မျှသာ၊ ဆင်းရဲမျှသာဖြစ်ပေသည်။ ဤသဘောတရားသည်လည်း သင်္ခတနိယာမ၏ ဥပဒေသတစ်ခုဖြစ်ပေသည်။ သင်္ခတနိယာမ၏ ဥပဒေသများနှင့် လက္ခဏာများ ပေါင်းစပ်လိုက်သောအခါ၊ ဥပ္ပါဒ အညတတ္တ၊ ဝယ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ တရားများဖြစ်ကြသည်။ အကြောင်းတရားများပေါင်းဆုံ၍ ဖွဲ့စည်းဖြစ်ပေါ်တယ်၊ ပြောင်းလဲတယ်၊ ပျက်စီးတယ်၊ ပြောင်းလဲ ပျက်စီးဖောက်ပြန်တတ်သော မမြဲသောသဘော၊ ပြောင်းလဲပျက်စီးသောသဘော၊ အလိုသို့မလိုက်သောသဘောကြောင့် ဆင်းရဲသောသဘော၊ သူ့သဘော သူဆောင်၍ အလိုမကင်းသော၊ အလိုသို့ မလိုက်သောသဘောများသည် သင်္ခတနိယာမ၏ လက္ခဏာများဖြစ်ကြလေသည်။ ဤဥပဒေသများ၊ လက္ခဏာများအားလုံးသည်လည်း တစ်စုံတစ်ယောက်သော တန်ခိုးရှင်က ဖန်တီးထားခြင်းမဟုတ်သော အနတ္တတရားများ ဖြစ်ကြလေသည်။ (Objective Factors)

၃။ သင်္ခတနယ်မှ သင်္ခတနိယာမဥပဒေသများနှင့် လက္ခဏာများကို ဖော်ပြပြီး၍ သင်္ခတနယ်မှအခြားသော သဘောသဘာဝများကိုဖော်ပြလိုပေသည်။ သင်္ခတနယ်၊ သင်္ခတသဘာဝအတွင်းမှ အရာခပ်သိမ်းအသီးသီးတွင် ဆန့်ကျင်ဘက် သဘောတရားများ တွဲလျက်ရှိနေကြသည်။ (ဝိဘာဂများ) အဖိုနှင့်အမ၊ အပူနှင့်အအေး၊ သိပ်သည်းမှုနှင့်ယိုစီးမှု၊ အထက်နှင့်အောက်၊ အလင်းနှင့်အမှောင်၊ အနီးနှင့်အဝေး၊ အနိမ့်နှင့်အမြင့်၊ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်၊ အကောင်းနှင့်အဆိုး၊ အသစ်နှင့်အဟောင်း၊ အကျိုးနှင့်အကြောင်း၊ အစုန်နှင့်အဆန်၊ အနှေးနှင့်အမြန်၊ အသေးနှင့်အကြီး၊ အဖြူနှင့်အမဲ၊ ရွှေ့လျားခြင်းနှင့်ရပ်တန့်ခြင်း၊ ချောမွေ့ခြင်းနှင့် ကြမ်းတမ်းခြင်း၊ ဖွဲ့စည်းခြင်းနှင့် ပြိုကွဲခြင်း၊ အတွင်းနှင့်အပြင်၊ ချစ်ခြင်းနှင့် မုန်းခြင်း၊ မေတ္တာနှင့်ဒေါသ၊ သနားကရုဏာနှင့်ရက်စက်ခြင်း၊ ပျော်ရွှင်ခြင်းနှင့်ဝမ်းနည်းကြေကွဲခြင်း၊ အတ္တနှင့်ပရ၊ နုပျိုခြင်းနှင့်အိုမင်းခြင်း၊ ကျန်းမာခြင်းနှင့်ဖျားနာခြင်း၊ တည်ကြည်ခြင်းနှင့်လျှပ်ပေါ်ခြင်း၊ သိမ်မွေ့ခြင်းနှင့် ခက်ထန်ခြင်း၊ တပ်မက်မှုနှင့်မနှစ်မြို့မှု၊ ရက်ရောခြင်းနှင့်တွန့်တိုခြင်း၊ ယဉ်ကျေးခြင်းနှင့် ရိုင်းစိုင်းခြင်း၊ မြင့်မြတ်မှုနှင့်ယုတ်ညံ့မှု၊ သိမြင်ခြင်းနှင့်မိုက်မဲခြင်း၊ စည်းလုံးမှုနှင့်ပြိုကွဲမှု၊ ဖွံ့စည်းခြင်းနှင့် ပျက်စီးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ခေတ်နောက်ကျမှု၊ စစ်နှင့်ငြိမ်းချမ်းရေး၊ အမှန်နှင့်အမှား၊ တရားနှင့်မတရား၊ အရှုံးနှင့်အမြတ် စသည့် သင်္ခတနယ်မှ အသီးသီးသော အရာခပ်သိမ်းသော သဘောသဘာဝများတွင် ဆန့်ကျင်ဘက်သဘောသဘာဝများ ရှိနေလေသည်။ ဤသည်တို့ကား သမုတိသစ္စာများဖြစ်ကြလေသည်။ (Relative truths within time and space).

၄။ သင်္ခတနယ်နှင့်သင်္ခတနိယာမအတွင်းမှ အသီးသီးတို့တွင် ဆန့်ကျင်ဘက်သဘောသဘာဝများရှိနေကြသလို၊ အလုံးစုံသော သင်္ခတသဘာဝကြီး၏ဆန့်ကျင်ဘက် အသင်္ခတသဘာဝ (Nature of not Being) တရားလည်းရှိနေပေသည်။ ဤအသင်္ခတတရားမှာလည်း အသင်္ခတသဘာဝနိယာမဥပဒေသများ ရှိနေလေသည်။ ဤနိယာမ ဥပဒေသများမှာ၊ အကြောင်းအကျိုးကို လွန်မြောက်သော ဥပဒေသ၊ အကြောင်းကြောင့် ဖွဲ့စည်းဖြစ်ပေါ်သော အသင်္ခတသဘာဝ မဟုတ်မူပဲ အစဉ်အမြဲတည်ရှိနေသော သဘာဝတရားကြီး ဖြစ်ပေ သည်။ နောက်နိယာမ ဥပဒေသမှာ ကာလဝိမုတ္တိ၊ အချိန်ကာလကို လွန်မြောက်သော နိယာမဥပဒေသ ဖြစ်လေသည်။ အချိန်ကာလ ကိုလွန်မြောက်သည့်သဘော နိယာမဥပဒေသ၊ အသင်္ခတသဘာဝ တရားကြီးသည်၊ အတိတ်ကလည်း ထင်ရှားရှိခဲ့သည်။ ပစ္စုပ္ပန်၌ လည်း ထင်ရှားရှိနေသည်။ အနာဂါတ်တွင်လည်း ထင်ရှားရှိနေ မည်။ ဤအသင်္ခတ သဘာဝတရားသည် အချိန်ကိုလိုက်၍ဖောက်ပြန်ပြောင်းလဲပျက်စီးတတ်ခြင်းမရှိသော အစဉ်အမြဲထင်ရှားတည် ရှိနေသော ပရမတ္ထတရားဖြစ်သည်။ ဤအသင်္ခတထင်ရှားရှိသော သဘာဝတရားကြီးကို ပွင့်တော်မူလေပြီးသော မြတ်စွာဘုရားအဆူဆူ၊ ပစ္စေကဗုဒ္ဓါအဆူဆူ၊ အရဟတ္တမဂ်ဉာဏ် ရရှိခဲ့ကြသော ရဟန္တာအဆူဆူ၊ သောတာပန်၊ သကဒါဂမ်။ အနာဂမ် အသီးသီးတို့ မျက်မှောက်ပြုခဲ့ကြ၍ သက်ဆိုင်ရာ ကိလေသာအသီးသီးကို မျက်မှောက် ပြုသော အကြိမ်အလိုက် ပါယ်သတ်နိုင်ခဲ့ကြလေသည်။ ဤသို့ ထင်ရှားရှိသော အသင်္ခတပရမတ္ထ သဘာဝတရားကြီး၏

အခြား နိယာမဥပဒေသများ ဒေသဝိမုတ္တိ၊ နေရာဒေသတည်း ဟူသော (Space) တည်နေရာကို လွန်မြောက်ခြင်းပင်ဖြစ်သည်။ အသင်္ခတ ပရမတ္ထ သဘာဝတရားကြီးသည် အရှေ့တွင်ရှိသည်၊ အနောက်တွင် ရှိသည်၊ တောင်တွင်ရှိသည်၊ မြောက်တွင်ရှိသည်၊ အာကာသတွင် ရှိသည်၊ အောက်တွင်ရှိသည်၊ အထက်တွင်ရှိသည်ဟု နေရာဒေသ သတ်မှတ်၍မရပဲ တည်ရှိနေသော ပရမတ္ထတရား သဘာဝတရား ကြီးဖြစ်ပေသည်။ ဤအသင်္ခတ ပရမတ္ထသဘာဝ တရားသည် ထင်ရှားရှိသော တရားဖြစ်သည်။ ကာလ၊ ဒေသကို လွန်မြောက်၍ တည်ရှိသော တရားဖြစ်ပေသည်။ (It is an omnipresence phenomen on beyond time and space).

၅။ အသင်္ခတ သဘာဝနိယာမတရားကြီးတွင် နိယာမ ဥပဒေသများ ရှိသကဲ့သို့ သဘာဝရဂုဏ်သတ္တိများလည်း ရှိနေပေ သည်။ အသင်္ခတသဘာဝ ပရမတ္ထတရားကြီးတွင် ဂုဏ်သတ္တိ (၂၇)မျိုးရှိ သည်ဟု စာပေကျမ်းဂန်များတွင် ဖော်ပြထားလေသည်။ ဤပရမတ္ထ ဓာတ်သဘာဝကြီးကို မျက်မှောက်ပြုရာ၌ တစ်စိတ်တွင် တစ်ကြိမ် သာ မျက်မှောက်ပြုနိုင်လေသည်။ တစ်စိတ်ဆိုသည်မှာ မည်မျှ လျှင်မြန်သည်ကို အားလုံးသဘောပေါက်ကြပြီးဖြစ်သည်။ ဤ အသင်္ခတဓာတ် သဘာဝကြီးကို မျက်မှောက်ပြုခြင်းနှင့် ပတ်သက်၍ တောင်ပုလုဆရာတော်ကြီးပေးသော ဥပမာမှာ လွန်စွာ သဘာဝကျလှပေသည်။ "မင်္ဂဆိုက်တယ်ဆိုတာ လျှပ်စီး လက်သလို လျှပ် တစ်ပြက်ပဲ"ဟု မိန့်ကြားတော်မူဖူးပါသည်။ အလွန်ဉာဏ်ပညာ ထက်မြက်လှသော ပုဂ္ဂိုလ်ထူးများသာလျှင် အသင်္ခတသဘာဝ ပရမတ္ထတရားကြီး၏ ဂုဏ်သတ္တိ(၂၇)မျိုးကို

သဘောပေါက်နိုင်ပေလိမ့်မည်။ သာမန်ဉာဏ်ပညာထက်မြက်သူများအဖို့ ထူးထူးကဲကဲ ထင်ရှားသော ဂုဏ်သတ္တိများကိုသာ သဘောပေါက်နိုင်ပေလိမ့်မည်။ အထင်ရှားဆုံးဂုဏ်သတ္တိမှာ သန္တိသုခဂုဏ်ဖြစ်သည်။ မည်သည့်လောကီချမ်းသာနှင့်မျှ နှိုင်းယှဉ်တင်စား၍ မဖော်ပြနိုင် သောဂုဏ်ဖြစ်သည်။ ဤဂုဏ်ကို အရှေ့ပရက္ကမ ဆရာတော်ဘုရားက အနီးစပ်ဆုံးလောကီ ဥပမာပေး၍ ရေအိုးအလုံးပေါင်း တစ်ထောင် တစ်ပြိုင်နက် လောင်းချခံလိုက်ရသလို ငြိမ်းအေးသွားသည်ဟု မိန့်ဆိုခဲ့ဖူးပါသည်။ အမှန်မှာ သန္တိသုခဂုဏ်သည် မည်သည့် လောကီချမ်းသာနှင့်မျှ တူနှိုင်း၍မရသော ငြိမ်းအေးချမ်းသာ ဖြစ်ပေသည်။ အနိမိတ္တဂုဏ်မှာ အသင်္ခတဓာတ်သဘာဝကြီး၏ နိမိတ် အပိုင်းအခြား မရှိသော ဂုဏ်တစ်ပါးဖြစ်ပေသည်။ ထို့ကြောင့် အသင်္ခတ သဘာဝကို အရှေ့တွင်ရှိသည်၊ အနောက်တွင်ရှိသည်၊ တောင်တွင်ရှိသည်၊ မြောက်တွင်ရှိသည်၊ အထက်တွင်ရှိသည်၊ အောက်တွင်ရှိသည်ဟု ဖော်ပြ၍မရပေ။ (ဒေသဝိမုတ္တိ) သဗ္ဗတောပဘာဂုဏ်၊ ဤဂုဏ်သတ္တိမှာ အသင်္ခတ ဓာတ်သဘာဝကြီး၏ အေးမြသန့်ရှင်းကြည်လင်နေသော ဂုဏ်ဖြစ်သည်။ ထက်ဝန်းကျင်ကြည်လင်နေသော၊ နိမိတ်အပိုင်းအခြားမရှိသော အသင်္ခတ ဓာတ်သဘာဝကြီး ဖြစ်ပေသည်။

ဤဂုဏ်သတ္တိများအပြင် အခြားဂုဏ်သတ္တိများ ရှိသေးသော်လည်း လျှပ်တစ်ပြက် မျက်မှောက်ပြုဆဲတွင် သဘောပေါက်ရန် ခဲယဉ်းပေလိမ့်မည်။ သဘောပေါက်နိုင်သောသူများလည်း ရှိနိုင်ပေသည်။ ဤသည်တို့ကား သင်္ခတ ဓာတ်သဘာဝ၏ဆန့်ကျင်ဘက်ဖြစ်သော

အသင်္ခတ ဓာတ်သဘာဝ၏ နိယာမဥပဒေသနှင့် ဂုဏ်သတ္တိများ ဖြစ်ကြလေသည်။

၆။ သင်္ခတနိယာမ သဘာဝအတွင်းမှ အသီးသီးသော အရာများတွင် ဆန့်ကျင်ဘက် သဘောသဘာဝများ ရှိသကဲ့သို့ သင်္ခတသဘာဝကြီးတစ်ခုလုံး (Nature as a whole) တွင် ဆန့်ကျင်ဘက် အသင်္ခတ ဓာတ်သဘာဝတရားကြီး ရှိနေလေသည်။ သင်္ခတသဘာဝတွင် သင်္ခတနိယာမဥပဒေသများနှင့် လက္ခဏာများရှိသလို အသင်္ခတသဘာဝတွင် အသင်္ခတ နိယာမ ဥပဒေသများနှင့် ဂုဏ်သတ္တိများ ရှိနေပေသည်။ ဤနိယာမဥပဒေသ၊ လက္ခဏာနှင့် ဂုဏ်သတ္တိများမှာ တစ်စုံတစ်ယောက်သော တန်ခိုးရှင်၏ ဆန္ဒမပါရှိသော သူ့သဘောသူဆောင်၍ ရှိနေသော အနတ္တတရားများသာ ဖြစ်ပေတော့သည်။

*သဗ္ဗေဓမ္မာ၊ အနတ္တာ*

# ကျွန်တော်သဘောပေါက်သော အနတ္တ (၇)

'ကမ္ဘာ့သာသနာပြုခမ္မကထိက ဆရာတော်ဘုရား ဟောကြားတော်မူသော နိယာမတရားငါးပါးနှင့် အနတ္တတရား တိတ်ခွေကို အထပ်ထပ်အခါခါ နာမိသော အခါ ဤစာကိုရေးရန် ဆန္ဒပြင်းပြစွာ ပေါ်လာပါသည်။ ဆရာတော်ဘုရားက တရား အစတွင် စကားပလ္လင်ခံရာ၌ နိယာမတရားငါးပါးကို အနတ္တ လက္ခဏာတင်၍ အချိန်တစ်နာရီအတွင်း ဟောကြားရမည် ဖြစ်သောကြောင့် အချိန်တို တောင်းလှ၍ အားလုံးခြုံငုံမိမည် မဟုတ်ကြောင်း၊ နိယာမတစ်ပါးစီကို အနည်းဆုံး အချိန် နှစ်နာရီယူ၍ ဟောမှသာ အားလုံးခြုံငုံမိမည်ဖြစ်ကြောင်း ပြောပြ သွားပါသည်။

နိယာမတရားငါးပါးကို အနတ္တလက္ခဏာတင်၍ ဟောကြားရာ၌ "သဗ္ဗေဓမ္မာအနတ္တာ" အလုံးစုံသော သခ်ိတတရား၊ အသခ်ိတတရားတို့သည်၊ အနတ္တ၊ အလိုသို့မလိုက်၊ အလိုမ ကင်းသောတရားများသာဖြစ် ကြောင်း အကျယ်တဝံ့ ရှင်းလင်း ဟောကြားသွားပါသည်။ ထို့အပြင် နိယာမ၏ အဓိပ္ပါယ်ကို ဖွင့်ဆိုရာ၌ "ဖြစ်မြဲသဘော" ဟု စာပေကျမ်းဂန် အကိုးအကား များပြ၍ ဟောကြားသွားပါသည်။ ကျွန်တော်သဘောပေါက်

နေသည်မှာ သင်္ခတနယ်မှ စိတ်၊ စေတသိက်၊ ရုပ်တည်း ဟူသော ပရမတ္ထတရားများသည် သင်္ခတနိယာမဖြစ်၍ အသင်္ခတနယ်မှ နိဗ္ဗာန်ပရမတ္ထတရားသည် အသင်္ခတနိယာမ ဖြစ်ပါသည်။ ဤနိယာမနှစ်မျိုးမှာ သဘာဝအားဖြင့် ဖြောင့်ဖြောင့်ဆန့်ကျင်သော နိယာမများ ဖြစ်ပါသည်။ သင်္ခတနယ်မှ နိယာမအားလုံးသည် ကာလ၊ ဒေသ၊ အကြောင်း၊ အကျိုးအားဖြင့်သာ ဖြစ်မြဲသဘောရှိ၍ (Conditional)၊ အသင်္ခတနိယာမမှာ ကာလ၊ ဒေသ၊ အကြောင်း၊ အကျိုးကိုလွန်မြောက်သော (Unconditional) ဟုသဘောပေါက်ပါသည်။ အသင်္ခတနိယာမမှာ ပင်ကိုယ်အရှိသဘော (Omnipresence) ဖြစ်ပါသည်။ ဤ အသင်္ခတနိယာမကို ဖြစ်မြဲသဘောဟု အဓိပ္ပါယ်ဖွင့်ဆိုလျှင် သဘာဝ ကျမည် မထင်ပါ။ 'ဖြစ်'ဟူသော ဝေါဟာရစကားလုံး အဓိပ္ပါယ်နှင့် ခွဲခွါမရသော 'ပျက်'ဟူသော ဝေါဟာရ စကားလုံး အဓိပ္ပါယ်သည် ထပ်ချပ်မကွာပါရှိနေပေသည်။ ပြုပြင်စီရင်ခြင်း ကင်းသော၊ ဖြစ်ခြင်း၊ ပျက်ခြင်းကင်းသော၊ အကြောင်းအကျိုးကင်းသော အသင်္ခတနိယာမကို ပင်ကိုယ်အရှိသဘောဟု အဓိပ္ပါယ်ဖွင့်ဆိုလျှင်ပို၍ လျော်ကန်သင့်မြတ်လေမည်လောဟု တွေးတောဆင်ခြင်မိပါသည်။ သင်္ခတနယ်မှ နိယာမတရားငါးပါးကို ဖြစ်မြဲသဘောဟု အဓိပ္ပါယ်ဖွင့်ဆိုလျှင်လည်း၊ ကာလ၊ ဒေသအားဖြင့်သာ ဖြစ်မြဲ သဘောဖြစ်သောကြောင့် မူသေကိန်းသေဖြစ်မြဲ သဘောဟု ယူဆ၍ရပါမည်လောဟု စောကြော၍ နေမိပါသည်။

**ဥပမာဥတုနိယာမ၊** မုတ်သုန်လေတိုက်ခတ်သော ရုပ်ဝန်းဒေသများတွင် နွေ၊ မိုး၊ ဆောင်းတည်းဟူသော ဥတုသုံးလီ

လည့်ပတ်ပြောင်းလဲနေသော်လည်း အမေရိုးသစ်တောဒေသတွင် (၁၂) လပတ်လုံး မိုးရွာသွန်းနေသောကြောင့် မိုးဥတုသာရှိ၍ နွေနှင့်ဆောင်း ဥတုဟူ၍မရှိပေ။ အလားတူပင် တောင်ဝန်ရိုးစွန်း ဒေသနှင့် မြောက်ဝန်ရိုးစွန်းဒေသများတွင် (၁၂)လ ပတ်လုံး ဆီးနှင်းများကျ၍ ရေခဲနေသောကြောင့် အေးမြသော ဆောင်းဥတု သာရှိ၍ နွေ၊ မိုး ဟူသော ဥတုများ မရှိပေ။ ဤသို့ ကာလ၊ ဒေသအားဖြင့် ဖြစ်မြဲ သဘောသည် မည် သည့် တန်ခိုးရှင်၊ ဖန် ဆင်းရှင်၏ ပယောဂမှ မပါဘဲ၊ အလိုလျောက် ဖြစ်ပေါ်နေ သောကြောင့် အလိုမှ ကင်းသော၊ အလိုသို့မလိုက်သော အနတ္တ သဘောပင် ဖြစ်တော့သည်။ ဥတုနိယာမတွင် မိုးဥတုအခါ၌ ကောင်းကင်တွင် လျှပ်စစ်အဖိုဓာတ် လွှန်ကဲသော တိမ်တိုက်များနှင့် လျှပ်စစ်အမဓာတ် လွှန်ကဲသော တိမ်တိုက်များ အရှိန်ပြင်းစွာ ပေါင်းစပ် ခြင်းမှ ဖြစ်ပေါ်လာသော အလင်းရောင်နှင့် အသံ (မိုးကြိုး)ကိုလည်း ဥတုနိယာမအဖြစ်သတ်မှတ်၍ ရပေသည်။ ဤ ဥတုနိယာမများသည် သဘာဝ၊ သဘာဝနိယာမ အောင်အတွင်း ဖြစ်ပေါ်ရသောကြောင့် အကြောင်းအကျိုးမကင်းကြပေ။ သို့သော် တစ်စုံ တစ် ယောက်သော သူ၏ဆန္ဒမပါပဲ၊ အလိုသို့ မလိုက်သော၊ အလိုမှ ကင်းသောကြောင့် အနတ္တတရားများဟု သတ်မှတ်ရပေ မည်။

**ဗီဇနိယာမ**၊ ဤနိယာမတွင် သတ္တလောကမှ ဗီဇနိယာမ နှင့် သြကာသလောကမှ ဗီဇနိယာမဟု နှစ်မျိုးခွဲနိုင်မည်ထင်ပါ သည်။ သတ္တလောကဗီဇ နိယာမမှာ၊ အလွန်ခက်ခဲနက်နဲ ရှုတ်ထွေးသောကြောင့် ကျွန်တော်လည်း သဘောမပေါက်ပါ။

မတို့ထိရဲပါ။ အထူးသဖြင့် သိပ္ပံပညာအထူးတိုးတက်လာ၍ (genetic engineering) မျိုးရိုးဗီဇကို ပြုပြင်ရွေးချယ်၍ရသော အခါသမယ၊ (cloning) ဆင်တူရုပ်ပွား သိုးထီးများကို ထုတ်လုပ်ပေးနိုင်သောအခါသမယတွင် သက်ရှိတို့၏ ဗီဇနိယာမကို ကျဉ်းမြောင်းသောအမြင်၊ ကျဉ်းမြောင်းသောအသိဖြင့် ကြံစည်တွေးတော ရေးသားလျှင် မှားသွားနိုင်ပါသည်။ မိမိတစ်ဦး တစ်ယောက် အနေဖြင့် မှားသော် မိမိ၏အမှားကို မိမိခံရန်အသင့်ရှိနေသော်လည်း မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်များကို မဖောက်မပြန်မှန်ကန်သည်ဟု အလေးအနက် ယုံကြည်သူတစ်ယောက်အနေဖြင့် သတ္တလောက၏ ဗီဇနိယာမကို မတို့မထိရဲခြင်းဖြစ်ပါသည်။ ဤတွင် အလျဉ်းသင့်၍ "အခါတပါး မြတ်စွာဘုရားသည် နောက်ပါတပည့်ရဟန်းများနှင့် တောအုပ်တစ်ခုအနီးသို့ရောက်သွားသောအခါ၊ အနီးရှိ သစ်ပင်တစ်ပင်မှ သစ်ရွက်များခူး၍ လက်ဝါးပေါ်တင်ပြီးလျှင်. . 'ရဟန်းတို့ ငါ၏ လက်ဖဝါးပေါ်တွင်ရှိသောသစ်ရွက်များနှင့် တောအုပ်အတွင်းရှိ သစ်ရွက်များ အဘယ်ကများသနည်းဟု မေးတော်ပါသည်။ ရဟန်းများက. . လက်ဖဝါးပေါ်မှ သစ်ရွက်များထက် တောအုပ်အတွင်းမှ သစ်ရွက်များက မနှိုင်းယှဉ်လောက်အောင် များပြားပါသည်ဘုရားဟု လျှောက်ထားကြလေသည်။ ထိုအခါ မြတ်စွာဘုရားက. . ငါ၏ သဗ္ဗညုတဉာဏ်တော်ဖြင့်သိသောတရားများသည် အလွန်များပြားကျယ်ဝန်း၍ ယခု ငါဟောကြားသောတရားများသည် အလွန်နည်းပါးလှကြောင်း" တောအုပ်အတွင်းမှ သစ်ရွက်များနှင့် လက်ဖဝါးပေါ်မှ သစ်ရွက်များတင်စား နှိုင်းယှဉ်၍ ဟောကြားတော်

မှုခဲ့ပါသည်။ မြတ်စွာဘုရားသည် သူ့ခေတ်သူ့အခါက လူသား များ၏ အသိဉာဏ်နှင့် လိုက်လျောညီထွေ သံသရာမှ လွတ်ကြောင်း အကျိုးရှိသော တရားများကိုသာ ဟောကြားတော်မူခဲ့၍ ဝေ တ် အခါသမယနှင့် မစပ်သောတရားများကို သိငြားသော်လည်း ဟောကြားတော်မမူဟု သဘောပေါက်မိပါသည်။ သံသရာမှ လွတ်ကြောင်းတရားများသည်ကား ကမ္ဘာအဆက်ဆက်မှန်ကန် နေသည်သာဖြစ်ပေသည်။ ဩကာသလောက၏ ဗီဇနိယာမမှာ လည်း သဉ်တနယ်မှ နိယာမသာဖြစ်သောကြောင့် (conditional) အကြောင်း အကျိုးမကင်းဟု သဘောပေါက်ပါသည်။ ယခုအခါ ဩကာသလောကမှ ဗီဇမျိုးစေ့များကို ပြုပြင်ပြောင်းလဲ၍ အောင်မြင်နေပေပြီ။ ဥပမာ. . တောနှင်းဆီရိုင်းကို နှင်းဆီမျိုး ကောင်းနှင့် ပေါင်းကူး၍(grafting)မျိုးကောင်းစေသောနည်း မျိုးမကောင်းသော အထွက်နည်းသောစပါးကို မျိုးကောင်း အထွက်တိုးအောင် မျိုးစပ်သောနည်း၊ ချဉ်သောအသီးကို ချိုအောင် မျိုးစပ်သောနည်းများ အောင်မြင်လျက်ရှိနေပေပြီ။ ဤအချက် များမှာ ယနေ့ခေတ် လူသားသည် ဩကာသလောကမှ ရုပ်လောက အတွင်းမှ နိယာမများကို စူးစမ်းလေ့လာ၍ ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများ အောင်မြင်သင့်သလောက် အောင်မြင်နေသည်ကို ဖော်ပြနေပေသည်။ ဤနေရာတွင် အထူးဖော်ပြလိုသောအချက်မှာ ရုပ် လောကမှ နိယာမများသည် ကာလ၊ ဒေသ၊ ပယောဂကို လိုက်၍ ပြုပြင်ပြောင်းလဲ၍ရကြောင်း၊ ကျော်လွန်၍ ရကြောင်းဖော်ပြလိုပေသည်။ အထူးထင်ရှားသော သာဓကမှာ ကမ္ဘာ့ဆွဲငင်အားနိယာမ (law of gravitation) ပင်ဖြစ်သည်။

ကမ္ဘာ့ဆွဲငင်အားနိယာမ၏ သဘော၊ အတွင်းသရုပ်၊ ကြောင်းရင်း၊ အရှိန်အဟုန် စသည့်အချက်အလက်များကို လေ့လာသိရှိပြီးသော အခါ၊ သိပ္ပံပညာရှင်များသည် ကမ္ဘာ့ဆွဲငင် အားနိယာမ ကို လွန်မြောက်သောအရှိန်နိယာမ (law of acceleration) ကို တွေ့ရှိခဲ့ကြလေသည်။ ဆွဲငင်အား၏အရှိန် 32Ft per sec/per sec) တစ်စက္ကန့်လျှင် (၃၂)ပေနှုန်းဆင့်ပွားအရှိန်ကို လွန်မြောက်နိုင်သော တွန်းအား (thrust)ကို တီထွင်၍ ကမ္ဘာ့ဆွဲငင်အားမှ လွန်မြောက်ကာ အာကာသအတွင်းသို့ ရော့ကတ်များလွှတ်၍ အာကာသယာဉ်များ လွှတ်တင်လျက်ရှိကြလေသည်။ ဤဆွဲငင်အားနိယာမ ၊ အလျှင် နိယာမများမှာ အကြောင်းအကျိုးကြောင့် ဖြစ်ပေါ်နေသော နိယာမများဖြစ်၍ တစ်စုံတစ်ယောက်က ပန်တီး မထားခြင်း၊ အလိုသို့မလိုက်ခြင်း၊ အလိုမှုကင်းခြင်း ကြောင့် အနတ္တတရားများ ဖြစ်ကြလေသည်။ သင်္ခတနိယာမဘောင်အတွင်းမှ နိယာမများ ဖြစ်သောကြောင့် အကြောင်းအကျိုးကား မကင်းပေ။ သင်္ခတ နိယာမဘောင်အတွင်းမှ အသီးသီးသော နိယာမများမှာလည်း အကြောင်းအကျိုးမကင်းကြပေ။

**စိတ္တနိယာမ၊** စိတ္တနိယာမကို စာပေတွင် အဓိက စိတ်သုံးမျိုးကို တွေ့ရပါသည်။ (၁) ဘဝင်စိတ် (၂) ဝီထိစိတ် (၃) ဝိထိမုတ်စိတ်ဟူ၍ဖြစ်သည်။ ကျွန်တော် သဘောမပေါက်ပါ။ ဘဝင်စိတ်ကို ပဋိသန္ဓေမှ သေသည်အထိ (စုတေစိတ်) ဘဝင်စိတ်များအစဉ်သည် တစ်လုံးပြီးတစ်လုံးဖြစ်နေသည်ဟု ဆိုပါသည်။ (ဤစိတ်ကို မသိစိတ် (Sub-conscious mind)ဟု လည်းခေါ်ပါသည်။ သိစိတ်(ဝိထိစိတ်) အစဉ်အတန်းသည် အကြောင်းအား

လျော်စွာ တလှည့်စီ ဖြစ်နေကြ သည်ဟုဆိုပါသည်။ ဝိထိစိတ် ဆိုသည်မှာ အာရုံကို သိသောစိတ် (conscious mind) ကိုခေါ်ပါ သည်။ မျက်စေ့နှင့်အဆင်း၊ နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့်အထိအတွေ့၊ စိတ်နှင့်ကြံစည် တွေးတော မှုတို့ကို ဝိထိစိတ်များဟုပြောပါသည်။

မြင်သိစိတ် (ဝိထိစိတ်) တစ်လုံးဖြစ်ဖို့ရာ

- အတိတ်ဘဝင် (အတိတဘဝင်)၊
- လှုပ်ဘဝင်(ဘဝင်္ဂစလန)၊
- ပြတ်ဘဝင် (ဘဝင်္ဂုပစ္ဆေဒ)၊
- အာရုံအဆင်းမြင်စိတ်(ပဥ္စဒွါရ ဝဇ္ဇာန်း)၊
- မြင်သိစိတ်(စက္ခုဝိညာဏ်)၊
- အာရုံလက်ခံစိတ်(သမ္ပဋိစ္ဆိုင်း)၊
- အာရုံဆုံးဖြတ်စိတ် (ဝုဋ္ဌော) ဇော (၇)ကြိမ် အာရုံ စူးစမ်းစိတ် တဒါရုံတစ်ခုခု(၂)ကြိမ်။ ဤစိတ် အစဉ်ပြီးမှ မြင်သိစိတ်တစ်လုံး ကိစ္စပြီးသည်ဟု ဆိုပါသည်။ လက်တစ်ဖျစ်အချိန်အတွင်း ကုဋေ တစ်သိန်းချုပ်သည်ဆိုသော စိတ္တနိယာမကို အဘယ်မှာလျှင် နားလည်သဘောပေါက်နိုင်ပါမည်နည်း။ ကျွန်တော်သဘော ပေါက်နေသော အရာတစ်ခုရှိသည်။ လူနှလုံးသား ပတ်လည်တွင် သံလိုက်စက်ကွင်း(magnetnic field) ကဲ့သို့ ဟဒယစက်ကွင်း ရှိနေသည်။ သံလိုက်သည် သံလိုက်စက်ကွင်းအတွင်း ကျရောက် လာသောသံများကို ဆွဲငင်သကဲ့သို့ ဟဒယစက်ကွင်းသည် အာရုံကို ဆွဲဆောင်တတ်သည်။ အာရုံနှင့် ထိတွေ့သောအခါ၊ ဟဒယ စက်ကွင်းသည် တုန်လှုပ်သွား၍ ပုံပျက်သွားသည်။ သံလိုက်

စက်ကွင်း ပုံပျက်သွားသကဲ့သို့ (like a magnetic field distorted when attracting an object) ပင်ဖြစ်သည်။ နောက် တစ်ချက်မှာ ဤဟဒယ စက်ကွင်းသည် အားကောင်းအောင် လေ့ကျင့်ပြုပြင်၍ ရသည်ဟူသောအချက် ဖြစ်သည်။ မြတ်စွာဘုရားကဲ့သို့ မဟာ ကရုဏာရှင်တို့၏ ဟဒယစက်ကွင်းမှာ အတိုင်းအဆမရှိ အား ကောင်း၍ ကြီးမားကျယ်ပြန့်ရကား၊ စကြာဝဠာတို့ တစ်သောင်း တိုင်အောင် ဟဒယစက်ကွင်း ကွန်ယက်ဖြန့်ကျက် နိုင်စွမ်းရှိနေ လေသည်။ ဤဟဒယစက်ကွင်းမှပင် မဟာကရုဏာနှင့် မေတ္တာ ဖြန့်လွှင့်နိုင်လေသည်။ စိတ်သည် သဉ္စိတ နိယာမ ဘောင်အတွင်းမှ နိယာမတစ်ခုဖြစ်၍ အကြောင်းအကျိုးမကင်းသောကြောင့် ပြုပြင်၍ရသည်။ ပြောင်းလဲ၍ရသည်။ စီရင်၍ရသည်ကို မြတ်စွာ ဘုရားသည် စိတ္တနိယာမကို သေချာစွာပိုင်းခြား၍ ထိုးထွင်းသိမြင် တော်မူပေသည်။ သခ်တနယ်မှ ပရမတ္ထတရား ဖြစ်သောကြောင့် ဖွဲ့စည်းဖြစ်ပေါ်၊ ပြောင်းလဲပျက်စီးသော နိယာမသဘောမှ မလွန်မြောက်နိုင်သော အနတ္တတရားပင် ဖြစ်သည်။

**ကမ္မနိယာမ**၊ ကမ္မနိယာမနှင့် ပတ်သတ်၍ ဟောပြော ရေးသားကြသည်မှာ များပြားလှပေသည်။ ကံဆိုသည်မှာ အလုပ်၊ ကောင်းတာလုပ်လျှင် ကောင်းကျိုးဖြစ်သည်။ မကောင်းတာ လုပ်လျှင် မကောင်းကျိုး ဖြစ်သည်။ ကံသည် စေတနာ၊ စေတနာ သည်ပင် ကံဖြစ်သည်။ စေတနာသည် ခန္ဓာငါးပါးတွင် သင်္ခါရက္ခန္ဓာ ဖြစ်သည်။ ကံသည် မျိုးစေ့ကို အပင်ပေါက်စေသော သတ္တိနှင့် တူသည်။ မျိုးစေ့တွင် အပင်ပေါက်စေသောသတ္တိကို မီးမြှိုက်သကဲ့သို့ စေတနာတွင်ကပ်ငြိနေသော ကိလေသာကို ဝိပဿနာဉာဏ်တည်း

ဟူသော မီးဖြင့်မြိုက်လိုက်သောအခါ ဘဝတစ်ဖန်ဖြစ်စေတတ်သော ကိလေသာ အစေးခမ်းခြောက်သွားသောကြောင့် ဘဝဇာတ်သိမ်း၍ သံသရာမီးငြိမ်းလေသည်ဟု ဟောပြောသည်ကိုလည်း ကြားနာမှတ်သားရပါသည်။

ကျွန်တော်သဘောပေါက်နေသော ကံမှာကိန်းနေသော သဘောသဘာဝဖြစ်သည်။ (latentproperty) ရူပဗေဒပညာတွင် ( latent heat of fusion of ice) ဟူ၍ရှိသည်။ ရေခဲတစ်ပေါင် သုညဒီဂရီစင်တီဂရိတ်အခဲအဖြစ်မှ အရည်၊ သုညဒီဂရီစင်တီဂရိတ်သို့ ပျော်အောင်လိုအပ်သော အပူရှိန်ပမာဏကို(latent heat)ဟု သတ်မှတ်ပါသည်။ ရေခဲအရည်ပျော်ရန်အတွက် ထိုသတ်မှတ်အပူရှိန်ပမာဏပေးမှသာ အရည်ပျော်ပါမည်။ သင့်မှတ်အပူရှိန်ပမာဏမရလျှင် အရည်မပျော်နိုင်ပေ။ ဤအပူရှိန်ပမာဏသည် ရေခဲအတွင်း၌ ရှိနေသည်မဟုတ်ပါ။ ရေခဲအရည်ပျော်အောင် အပူပေးရသော ပမာဏသာဖြစ်သည်။ ကံ၏သဘောမှာလည်း ဤအတိုင်း သာဖြစ်သည်။ ကောင်းတာလုပ်လည်း လိုအပ်သော ကောင်းမှုပမာဏရှိမှသာ ကောင်းကျိုးပေးမည်။ မကောင်းတာလုပ်လည်း လိုအပ်သော မကောင်းမှုပမာဏ ရှိမှသာ မကောင်းကျိုးပေးမည်ဟု သဘောပေါက်ပါသည်။ ဤသဘောကို စာပေတွင် သုခပဋိပဒါ ခိပ္ပာဘိညာ၊ ဒုက္ခပဋိပဒါ ခိပ္ပာဘိညာ သဘောတရားနှင့် ထင်ဟပ်လျှင် နီးစပ်မည်ထင်ပါသည်။ တစ်ယောက်က မပင်မပန်း ချမ်းချမ်းသာသာနှင့် အနည်းငယ်လုံ့လစိုက် ထုတ်ယုံနှင့် တရားထူးရသည်။ တစ်ယောက်က ပင်ပင်ပန်းပန်း ဒုက္ခခံ၍ လုံ့လစိုက်ထုတ်မှ တရားထူးရသည် လိုအပ်သော

(latent property) မတူသောကြောင့် ဖြစ်ပေသည်။ လုံ့လကတော့ စိုက်ကိုစိုက်ရပေမည်။ လုံ့လစိုက်ထုတ်ပြုလုပ်သော သဘောကို၊ အပူပေးသော သဘော၊ သဒ္ဓါရ၊ ပြုပြင် စီရင်ခြင်းသဘောဟု သဘောပေါက်ပါသည်။ ရေခဲသည် အပူပေးမှ ပျော်သကဲ့သို့ ကံသည် သင်္ခါရ၏ ပြုပြင်စီရင်ခြင်းခံရမှသာ အကျိုး ပေးနိုင်သည်။ သင်္ခါရ၏ ပြုပြင်စီရင်မှုမှ လွန်မြောက်သောအခါ အကျိုးမပေးတော့ပေ။ ကံ၏ ကိန်းနေသော သဘော၊ သင်္ခါရ၏ ပြုပြင်စီရင်ခြင်း ခံရမှသာ အကျိုးပေးသည့်သဘောသည် တစ်စုံတစ်ယောက်၏ အလိုမပါသော၊ ပယောဂကင်းသော ကမ္မနိယာမဖြစ်၍ အနတ္တ တရားပင် ဖြစ်တော့သည်။

**စမ္မနိယာမ၊** ဓမ္မနိယာမ၏ သဘောသဘာဝ မှာ ကာလ၊ ဒေသ၊ ပယောဂမှ လွန်မြောက်သော သဘောရှိပေသည်။ ဖြစ်လျှင်ပျက်မည်၊ အကြောင်းရှိလျှင် အကျိုးဖြစ်မည်၊ ပဋိသန္ဓေ နေရလျှင် အို၊ နာ၊ သေရမည်။ ကိလေသာဆယ်ပါးလုံး အနုသယ နှင့် မပါယ်သတ် နိုင်သေးသမျှ ပဋိသန္ဓေနေရမည်။ မဂ်စိတ်ဖြစ် လျှင် သက်ဆိုင်ရာ ကိလေသာကို အနုသယနှင့်တကွ ပါယ်သတ် မည်။ မဂ်ဆိုက်လျှင် ဖိုလ်ဇောလိုက်မည်။ မဂ်စိတ်နှင့်ဖိုလ်ဇောကို အနည်းငယ်ရှင်းပြလိုပေသည်။ ကြေးစည်ကို တစ်ချက်ထုလိုက် သောအခါ "နောင်" ဟု အသံတစ်ချက်ထွက်ပြီးလျှင် နောက်မှ "ဝေဝေ" ဟူသော အသံဆက်၍ ဖြစ်ပေါ်လေသည်။ တီးခတ်လိုက် သော တစ်ချက်မှ ထွက်သောအသံမှာ မဂ်စိတ်နှင့် အလားတူ၍ 'ဝေဝေ' ဟူသောအသံမှာ ဖိုလ်ဇောအဟုန်နှင့် အလားတူလေသည်။ သစ္စာလေးချက် တပြိုင်နက်ဖြစ်သည့်သဘော၊ ဒုက္ခသစ္စာကို

ပိုင်းခြားထားခဲ့ခြင်း၊ သမုဒ္ဒယ သစ္စာကိလေသာ အညစ်အကြေး စိတ်တွင် ကင်းစင်ခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ ဓမ္မနိယာမ အရ သက်ဆိုင်ရာ ကိလေသာကို သမုဒယနှင့်တကွ ပယ်သတ်ခြင်း စသည်ဖြင့် သစ္စာလေးချက် တစ်ပြိုင်နက်ဖြစ်ခြင်း၊ သခ်တ နိယာမရှိနေ၍ အသခ်တ နိယာမရှိနေခြင်း စသည်တို့မှာ ဓမ္မ နိယာမများ ဖြစ်ကြလေသည်။ အလိုမှကင်းသော၊ အလိုသို့ မလိုက်သော၊ ပိတ်ပင်တားဆီး၍ မရသော၊ ပြုပြင်ပြောင်းလဲ၍ မရသော အနတ္တတရားများသာ ဖြစ်လေတော့သည်။

*သဗ္ဗေဓမ္မာ၊ အနတ္တာ*
*(၁၁. ၁၀. ၉၉)*

## ကျွန်တော်သဘောပေါက်သောအနတ္တ(၈)

ကျွန်တော်သဘောပေါက်သော အနတ္တ(၇)တွင် နိယာမတရားငါးပါးနှင့် အနတ္တလက္ခဏာကို ဆရာတော်တစ်ပါး ဟောကြားချက်အပေါ် အခြေခံ၍ ရေးသားခဲ့ပါသည်။ ထိုသို့ ရေးသားခဲ့ရာ၌ အလွန်အရေးကြီးသော ဗုဒ္ဓဘာသာအတွက် အလွန် တန်ဖိုးရှိသော ဗုဒ္ဓ၏သိပ္ပံနယ်လွန်သဗ္ဗညုတဉာဏ်အကြောင်း အရာတစ်ရပ် ကျန်ရှိခဲ့ပါသည်။ ဆရာတော်ဘုရားဟောကြားသော ကမ္မနိယာမတွင် သရက်စေ့ကိုဥပမာပေး၍ အပင်ပေါက်စေသော သတ္တိကို၊ သရက်စေ့ကို မီးမြှိုက်လိုက်သောအခါ ကုန်ဆုံးသွားသကဲ့သို့၊ စေတနာ (ကံ)တွင် ကပ်ငြိနေသော ကိလေသာ အစေးခမ်းခြောက်သွားသောကြောင့် နိဗ္ဗုတိဖြစ်သွားတော့သည်။ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော၊ ဝဏ္ဏာ၊ ဂန္ဓ၊ ရသာ၊ ဩဇာတည်းဟူသော အဋ္ဌကလပ်ရုပ်ရှစ်ပါး ပါဝင်နေကြောင်း၊ သရက်စေ့ကို ကိုင်ကြည့်လျှင် မာတာတွေ့ရမည်ဖြစ်ကြောင်း၊ အဲဒါ ပထဝီဓာတ်ပဲ၊

ဖိလျှင်သရက်စေ့မှ ပြန်တွန်းသည်ကို တွေ့ရကြောင်း၊ အဲဒါ ဝါယော ဓာတ်ပဲ၊ သရက်စေ့ကို ထုထောင်းလိုက်လျှင် အရည်ထွက်လာမည်။ အဲဒါအာပေါဓာတ်ပဲ၊ သရက်စေ့တွင် အဆင်းရှိသည်၊ အဲဒါ ဝဏ္ဏာဓာတ်ပဲ၊ လျှက်ကြည့်လျှင် အရသာရှိသည်။ အဲဒါ ရသဓာတ်ပဲ၊ သရက်စေ့တွင် သြဇာဓာတ်လည်းရှိသည် အခေါ်အဝေါ် အမြင် အားဖြင့်သရက်စေ့၊ ပရမတ်သဘောအားဖြင့် အဋ္ဌကလပ်ရုပ်ရှစ်ပါး အစုသာ ဖြစ်ကြောင်း ဟောကြားသွားပါသည်။

ကျွန်တော်၏ ဓမ္မမိတ်ဆွေအစ်ကိုကြီးတစ်ယောက် တစ်ခါ က ပြောဘူးပါသည်။ ဓာတုဗေဒပါမောက္ခဆရာတစ်ဦးက၊ လူတွင် ဓာတ်တွေအများကြီးရှိကြောင်း၊ ဓာတ်လေးပါးအစုအဝေး မဟုတ် ကြောင်း၊ ဗုဒ္ဓဘာသာကို ပျက်ရယ်ပြု၍ ပြောကြားသွားသည်ဆို ပါသည်။ မှန်ပေသည်။ ဆေးသိပ္ပံအလိုအရ လူတွင်ဓာတ်တွေ အများကြီးရှိနေပါသည်။ ဗုဒ္ဓအလိုတော်အရ ဩကာသလောက တစ်ခုလုံး၊ ရေ၊ မြေ၊ တော၊ တောင် အားလုံး ရုပ်တရား၏ အသေး ငယ်ဆုံးသော အက်တွန် (Atom)သည်လည်း ဓာတ်လေးပါး သတ္တိ ကြောင့် ဖြစ်ပေါ်နေရလေသည်။ အဆင်း၊ အနံ့၊ အရသာ၊ သြဇာ တည်းဟူသော ဓာတ်(သတ္တိ)သည်လည်း ဩကာသလောကကို လွှမ်း ခြုံနေပေသည်။ ဤသတ္တိများ (ဓာတ်)များသည် မည်သည့်အရာ တွင်မျှ ပေါင်းစပ်ပါဝင်နေခြင်းမရှိပဲ၊ ပြယုဂ်များအဖြစ်သာ ထင်ရှား ကြလေသည်။ အမှန်မှာ ဓာတ်ရှစ်ပါးဖြစ်သော ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော၊ ဝဏ္ဏာ၊ ဂန္ဓ၊ ရသ၊ သြဇာဓာတ်ရှစ်ပါးသည် သတ္တိ များဖြစ်၍ အဋ္ဌကလပ်ရုပ်ရှစ်ပါးသည် ပြယုဂ်များသာဖြစ်ကြလေ သည်။

ဥပမာ ပထဝီဓာတ်၊ ပထဝီဓာတ်၏ သတ္တိမှာ၊ ခက်မာ၊ တောင့်တင်းမာကြောစေသော သတ္တိဖြစ်သည်။ (densifying power) ခက်မာနေသော၊ တောင့်တင်းနေသော၊ မာကြောနေသော အချင်းအရာမှာ ပထဝီဓာတ်၏ ပြယုဂ်သာဖြစ်ပေသည်။ (Manifestation of pathavi dahtu)ပထဝီဓာတ်၏ သတ္တိကို၊ ရုပ်လောက၏ အသေးငယ်ဆုံးသော အက်တွမ်(atom)တွင်ပင် တွေ့နိုင်ပေသည်။ အက်တွန်များ၏ ဖွဲ့စည်းပုံသည် ဒြပ်စင်တစ်ခုနှင့်တစ်ခု မတူကြပေ။ အပေ့ါပါးဆုံးသော ဟိုက်ဒြိုဂျင်ဓာတ်၏ အက်တမ်တွင် ဝတ်ဆံ (neucleous) ၌ ပရိုတွန်တစ်ခုနှင့် ၎င်းဝတ်ဆံကို လှည့်ပတ်နေသော အီလကထရွန်းတစ်ခုသာရှိသည်။ ဟီလီယမ်ဓာတ်တွင် ဝတ်ဆံ၌ ပရိုတွန်နှစ်ခုရှိ၍ အီလက်ထရွန် နှစ်ခုရှိသည်။ အောက်စီဂျင်ဓာတ်အက်တွမ်တွင် ပရိုတွမ်(၆)လုံးရှိ၍ အီလက်ထရွန်(၆)လုံးရှိသည်။ ထိုထက်ပို၍လေးသောဒြပ်စင်များတွင် ပို၍များသော ပရိုတွမ်အရေအတွက်နှင့် အီလက်ထရွန်အရေအတွက် ရှိကြလေသည်။ ယူရေနီယံဒြပ်စင်အက်တွမ်တွင်လည်း ပရိုတွမ် (၉၂)လုံးရှိ၍ ချူထရွမ်း(၁၄၃)လုံးနှင့် အီလက်ထရွန်အလုံး (၉၂)လုံးရှိနေသည်။ ထို့ကြောင့် ဒြပ်စင် အသီးသီး၏ အက်တွမ်များသည် အက်တွမ်အလေးချိန် (atomic weight) မတူကြ၍ အက်တွမ်နံပါတ် (atomic number) အားဖြင့် ခွဲခြားသတ်မှတ်ထားလေသည်။ ရုပ်၏အသေးငယ်ဆုံးသော အက်တွမ်တွင်ပင် သိပ်သည်းဆခြင်းမတူသောအကြောင်းရင်းမှာ (densifying power) ပထဝီဓာတ်၏ သတ္တိအနည်းအများကြောင့် ဖြစ်သည်။ ဟိုက်ဒြိုဂျင်၊ ဟီလီယမ်၊ အောက်ဆီဂျင်ဓာတ်များ၏ အက်တွမ်များသည် ပထဝီဓာတ်မဟုတ်၊

ပထဝီဓာတ်၏ ပြယုဂ်များသာ ဖြစ်ကြလေသည်။

အက်တွမ်တစ်ခုတွင် ပါဝင်နေသော ပရိုတွမ်များ၊ အီလက်ထရွန်များ ကွဲကွာမသွားစေရန် ဆွဲဆောင်ဖွဲ့စည်းထားသော သတ္တိမှာ အာပေါဓာတ် (choesive power) ဖြစ်သည်။ ပရိုတွမ်နှင့် အီလက်ထရွန်များ ဖွဲ့စည်းနေသောအကြောင်းအရာမှာ အာပေါဓာတ်၏ ပြယုဂ်မျှသာဖြစ်သည်။ ဓာတ် (သတ္တိ)နှင့်ပြယုဂ် (ကလပ်ရုပ်)များကို တသဘောထဲ သတ်မှတ်နေကြသောကြောင့် ဗုဒ္ဓဘာသာတရားကို ပြယ်ရယ်ပြုခံရသည်။ အက်တွမ်တစ်ခု၏ အီလက်ထရွန်များသည် တည်ငြိမ်မနေပဲ၊ ဝတ်ဆံ (nucleous) ကို အရှိန်ပြင်းစွာ လှည့်ပတ်နေကြသည်။ ထိုသို့ လှည့်ပတ်နေခြင်းမှာ ဝါယောဓာတ်၏သတ္တိ (kinetic power) ကြောင့်ဖြစ်သည်။ လှည့်ပတ်လှုပ်ရှားနေသော အချင်းအရာသည် ဝါယောဓာတ်မဟုတ်၊ ဝါယောဓာတ်သတ္တိ၏ ပြယုဂ်မျှသာဖြစ်လေသည်။ အက်တွမ်တစ်ခုတွင် အပူဓာတ်သည် ကိန်းလျက်ရှိသည်။ ဤသို့ အပူဓာတ်ကိန်းနေသည်မှာ တေဇောဓာတ်၏သတ္တိ (fusioning power) ကြောင့်ဖြစ်သည်။ အပူဓာတ်ကိန်းနေသော အချင်းအရာသည် တေဇောဓာတ်မဟုတ်၊ တေဇောဓာတ်၏ ပြယုဂ်မျှသာဖြစ်သည်။ နေမှအဆက်မပြတ်ထွက်နေသော အပူရှိန်နှင့်အလင်းရောင်သည် (hydrogen and helium fusion process) ကြောင့်ဟု ဆိုပါသည်။ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဓာတ်များ၏ သတ္တိအားလုံးသည် အက်တွမ်တစ်ခုတွင် ပြယုဂ်များအဖြစ် ပါဝင်နေလေသည်။ ဩကာသလောကတစ်ခုလုံး ရေ၊ မြေ၊ တော၊ တောင်၊ လူကိုယ်ကာယအားလုံးသည် အသေးငယ်ဆုံးသော အက်တွမ်များဖြင့် ဖွဲ့စည်းထားသော အရာ

များဖြစ်ကြလေသည်။ အက်တွမ်များတွင် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောတည်းဟူသော ဓာတ်ကြီးလေးပါး၏ သတ္တိပြယုဂ်များ ပါရှိနေသောကြောင့် ဩကာသလောကတစ်ခုလုံးသည် ဓာတ်ကြီး လေးပါး၏ သတ္တိကြောင့် ဖွဲ့စည်းဖြစ်ပေါ်နေသည်ဟု ဆိုလျှင် မှားမည်မထင်ပါ။ ဤဓာတ်ကြီးလေးပါး၏ သတ္တိများသည်ပင် အရာဝတ္ထုအားလုံးကို ထိန်းချုပ်ပြုပြင်စီရင်ဖန်တီးနေသည်ဆိုလျှင် လည်း မှားမည်မထင်ပါ။ ဤတွင် ဓာတုဗေဒပါမောက္ခဆရာ ပြက်ရယ်ပြုခဲ့သော လူတွင် ဓာတ်လေးပါးဘယ်ကမလဲ၊ ဓာတ်တွေ အများကြီး ရှိတာပဲဟူသော အချက်ကို ဆွေးနွေးလိုပေသည်။ ဆေးသိပ္ပံအလိုအရ လူ့တွင် ပရိုတိန်းဓာတ်၊ ကယ်လ်စီယမ်ဓာတ်၊ ကာဗွန်ဓာတ်၊ အက်ဆစ်ဓာတ်စသည်ဖြင့် ဓာတ်တွေအများကြီး ရှိသည်မှာ မှန်ပေသည်။ သို့ရာတွင် ၎င်းဓာတ်များအားလုံးသည် အက်တွမ်များဖြင့် ဖွဲ့စည်းထားသော ဓာတ်များသာ ဖြစ်ကြလေ သည်။ အက်တွမ်များဖြင့် ဖွဲ့စည်းထားသောကြောင့် ပထဝီဓာတ်၏ သတ္တိ၊ အာပေါဓာတ်၏သတ္တိ၊ ဝါယောဓာတ်၏သတ္တိ၊ တေဇောဓာတ် ၏ သတ္တိများမကင်းကြသည်မှာ သေချာပေသည်။ ဗုဒ္ဓအလိုတော် အရ လူသည် (၃၂)ပါးသော ကောဋ္ဌာသရုပ်ဝတ္ထုအစိတ်အပိုင်းများ ဖြင့် ဖွဲ့စည်းထားသည်ဟု ဆိုပါသည်။ (၃၂)ပါးသော ကောဋ္ဌာသမှ တစ်ပါး တစ်ခြားသော ရုပ်ဝတ္ထုအစိတ်အပိုင်းသည်လည်း အသေး ငယ်ဆုံးသော အက်တွမ်များဖြင့် ဖွဲ့စည်းထားသောကြောင့် ပထဝီဓာတ်၏ သတ္တိ၊ အာပေါဓာတ်၏သတ္တိ၊ ဝါယောဓာတ်၏သတ္တိ၊ တေဇောဓာတ် ၏သတ္တိ မကင်းကြပေ။ ဤသို့ဆိုလျှင် လူသည် ဓာတ်ကြီးလေးပါး သတ္တိ၏ ပြယုဂ်မျှသာဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာ

ဟောကြားတော်မူ ခဲ့သည်မှာ မည်မျှ သိပ္ပံနည်းကျ မှန်ကန်နေသည်ကို မည်သူငြင်းဆို နိုင်ပါမည်နည်း။ ရုပ်လောကကို ထိန်းချုပ်ထားသော ပြုပြင်စီရင် ဖန်တီးထားသော ဓာတ်ကြီးလေးပါး၏ သတ္တိကို သဗ္ဗညုတဉာဏ်တော်ဖြင့် ရှာဖွေတွေ့ရှိခဲ့သော မြတ်စွာဘုရား၏ တရားတော်များကို သိပ္ပံနယ်လွန်တရား (Buddhism is a Supreme Science) ဟု သတ်မှတ်ထိုက်တော့သည်။

အဋ္ဌကလပ်ရုပ်ရှစ်ပါး (ဓာတ်ရှစ်ပါး)တွင်၊ ပထဝီဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်နှင့် တေဇောဓာတ်များ၏ သတ္တိအသီးသီးကို ဆွေးနွေးပြီးနောက် ဝဏ္ဏဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဩဇာဓာတ်များ၏ အကြောင်းကို ဆွေးနွေးရန် ကျန်ရှိနေပါသည်။ ဓာတ်ကြီးလေးပါးကို တင်ပြရာ၌ ဓာတ်(သတ္တိ)နှင့်ပြယုဂ်ကို ဆွေးနွေးတင်ပြခဲ့ပါသည်။ ဝဏ္ဏဓာတ် (သတ္တိ)သည် အမျိုးမျိုးသော အဆင်းကို ဖြစ်ပေါ်စေသော သတ္တိဖြစ်သည်။ ဖြူသောအဆင်း၊ မဲသောအဆင်း၊ နီသောအဆင်း၊ ဝါသောအဆင်း စသည်ဖြင့် ဖြစ်ပေါ်နေသည်မှာ ဝဏ္ဏဓာတ်သတ္တိ၏ ပြယုဂ်များ ဖြစ်ကြလေသည်။ ဖြူသောအဆင်း၊ မဲသောအဆင်း၊ နီသောအဆင်း၊ ဝါသောအဆင်းများတွင် ဝဏ္ဏဓာတ်မပါဝင်တော့ပေ။ ဝဏ္ဏဓာတ် (သတ္တိ) သည် ဩကာသလောကတွင် အလိုအလျောက်တည်ရှိနေသော သတ္တိတစ်မျိုးဖြစ်ပေသည်။ ဂန္ဓဓာတ် (သတ္တိသည် မွှေးသောအနံ့၊ သင်းသောအနံ့၊ နံသောအနံ့၊ ခံပြင်းစေသောအနံ့ (Pungent) ညှီသောအနံ့၊ ပုပ်သောအနံ့ စသည်ဖြင့် အနံ့များဖြစ်ပေါ်စေသော သတ္တိဖြစ်သည်။ မွှေးသောအနံ့၊ သင်းသောအနံ့၊ နံသောအနံ့၊ ခံပြင်းစေသောအနံ့ (Pungent) ညှီသောအနံ့၊ ပုပ်သောအနံ့ စသည်တို့တွင်

ဂန္ဓဓာတ်မပါဝင်တော့ပေ။ ဤအသီးသီးသော အနံ့များသည် ဂန္ဓဓာတ်၏ ပြယုဂ်များသာ ဖြစ်ကြလေသည်။ ဤဂန္ဓဓာတ်သတ္တိမှာလည်း ဩကာသလောကတွင် အလိုအလျောက်တည်ရှိနေသော ဓာတ် (သတ္တိ)တစ်မျိုးဖြစ်ပေသည်။ ရသဓာတ်(သတ္တိ)သည် အရသာအမျိုးမျိုးဖြစ်ပေါ်စေသော သတ္တိဖြစ်သည်။ ချိုသောအရသာ၊ ချဉ်သောအရသာ၊ ခါးသောအရသာ၊ ငံသောအရသာ၊ စပ်သောအရသာ၊ ဆိမ့်သောအရသာ စသည်ဖြင့် အရသာအမျိုးမျိုးသည် ရသဓာတ် (သတ္တိ)ကြောင့် ဖြစ်ပေါ်၍ ရသဓာတ်၏ ပြယုဂ်များဖြစ်ကြလေသည်။ ဤချိုသော၊ ချဉ်သော၊ ခါးသော၊ ငံသော၊ စပ်သော၊ ဆိမ့်သော၊ အရသာများတွင် ရသဓာတ် (သတ္တိ) မပါဝင်တော့ပေ၊ ဤရသဓာတ် (သတ္တိ)သည်လည်း ဩကာသလောကတွင် အလိုအလျောက် တည်ရှိနေသော ဓာတ်တစ်မျိုး(သတ္တိ)ဖြစ်လေသည်။ ဩဇာဓာတ် (သတ္တိ) (nutritious power) သည် သက်ရှိရော၊ သက်မဲ့ရော၊ အရာအားလုံးကို ကြီးထွားစေသော၊ ဖွံ့ဖြိုးစေသော၊ သန်မာစေသော၊ အဟာရဖြစ်စေသော နှစ်သိမ့်စေသော သတ္တိဖြစ်သည်။ ကြီးထွားနေသော ဖွံ့ဖြိုးနေသော၊ သန်မာနေသော၊ အဟာရဖြစ်နေသော အချင်းအရာဝယ် ဩဇာဓာတ်မပါဝင်တော့ချေ။ ဩဇာဓာတ် (သတ္တိ)သည်လည်း ဩကာသလောကအတွင်း အလိုအလျောက်တည်ရှိနေသော ဓာတ်တစ်ပါး (သတ္တိ)ဖြစ်လေသည်။

ဤဓာတ်ရှစ်ပါး (သတ္တိရှစ်ပါး)သည် စကြဝဠာအနှံ့ ပြန့်နှံ့တည်ရှိနေသော သတ္တိများဖြစ်ကြလေသည်။ အရာဝတ္ထုများ အားလုံးတွင် ပါဝင်ဖွဲ့စည်းနေသော သဘောမဟုတ်ပေ။ အက်တွမ်

တစ်ခုကို ခွာတ်ခွဲကြည့်လျှင် ဓာတ်ရှစ်ပါး (အဋ္ဌကလပ်ရှစ်ပါး) တွေ့ရမည်ဟူသော အယူအဆမှာ သဘာဝမကျပေ။ အက်တွမ် တစ်ခုတွင် မည်သည့် ဝဏ္ဏဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဩဇာဓာတ် မျှမပါရှိပဲ ၎င်းဓာတ်များ၏ ပြယုဂ်များလည်း ပါရှိမနေပေ။ ဓာတ် (သတ္တိ)များသည် မည်သည့်အရာဝတ္ထုများတွင်မှ ပေါင်းစပ်ပါဝင် ခြင်းမရှိပဲ ပြယုဂ်အဖြစ်သာ ထင်ရှားပေါ်လွင်စေသည်။

ဤဓာတ်ကြီးရှစ်ပါး (သတ္တိရှစ်မျိုး)သည် ဩကာသလောက တစ်ခုလုံးကို ပြုပြင်စီရင် ဖန်တီးနေသော သတ္တိများ ဖြစ်ကြလေ သည်။ ဩကာသလောကကို မည်သည့် တန်ခိုးရှင်၊ ဖန်ဆင်းရှင် ကမျှ ဖန်ဆင်းခြင်းမဟုတ်ပဲ၊ ဤဓာတ်ရှစ်ပါးကသာ ပြုပြင်ဖန်တီး နေခြင်းဖြစ်သည်။ ဤဓာတ်ရှစ်ပါး (သတ္တိရှစ်မျိုး)ကို အချို့သော ဘာသာများက လွဲမှားစွာ ယူဆ၍ ပုဂ္ဂိုလ်အနေ၊ ဖန်ဆင်းရှင် အနေဖြင့် (personify) လုပ်ကာ ကိုးကွယ်နေကြလေသည်။ မြတ်စွာ ဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် ဩကာသလောက တစ်ခုလုံးကို ပြုပြင်စီရင်၊ ဖန်တီးနေသော သဘောသဘာဝကို ထိုးထွင်းသိမြင်တော်မူပေသည်။ ဤသို့ ထိုးထွင်းသိမြင်မှုသည်လည်း ရုပ်လောက သိပ္ပံပညာထက်သာလွန်သော သိမြင်မှု ဖြစ်သော ကြောင့် ဗုဒ္ဓဘာသာကို သိပ္ပံနယ်လွန် သိပ္ပံပညာဟု ခေါ်ဝေါ်သမုတ် လျှင် (Buddhism is a Supreme Science) အထူးသင့်လျော်မည်ဟု ထင်မြင်သဘောပေါက်ပါသည်။

**သဗ္ဗေဓမ္မာ၊ အနတ္တာ**

⁂

# ကျွန်တော်သဘောပေါက်သော အနတ္တ(၉)

ကျွန်တော်သဘော ပေါက်သော အနတ္တ(၈)တွင် ဓာတ်ရှစ်ပါး (သတ္တိ)ရှစ်ပါးအကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါသည်။ အက်တမ် တစ်ခု(Atom)ဖြစ်ပေါ်တည်ရှိဖို့ အတွက် ပထဝီဓာတ် (densifying power)၊ အာပေါဓာတ်(cohensive power)၊ ဝါယောဓာတ်(kinetic power)နှင့် တေဇောဓာတ်(fusion ing power)များ ပေါင်းဆုံမိမှ အက်တမ်တစ်ခု ဖြစ်ပေါ်လာပုံကို တင်ပြခဲ့ပါသည်။ ဤဓာတ်လေးပါး(သတ္တိများ)သည် ရုပ်ဝတ္ထု ၏ အသေးငယ်ဆုံးသော အက်တမ်(Atom)တွင် ပြယုဂ်အဖြစ် ပါဝင်နေသောကြောင့် ဘူတရုပ်များ (အခြေခံရုပ်များ)ဟု သတ်မှတ်လေသည်။ ပထဝီဓာတ်(သတ္တိ)ကို ကိုင် ကြည့်၊ မာတာတွေ့လိမ့်မည်၊ အဲဒါ ပထဝီဓာတ်ပဲဟု ပြောပြောနေကြသည်။ မာနေသော အချင်းအရာသည် ပထဝီဓာတ် မဟုတ်တော့၊ ပထဝီဓာတ်၏ ပြယုဂ်မျှသာဖြစ်သည်။ ယိုစီးနေတာတွေရရင် အဲဒါ ၄ရဓာတ် အာပေါဓာတ်ပဲဟု ပြောနေကြသည်။ ရေသည် ဓာတ်တစ်ခုမဟုတ် ဓာတ်ပေါင်းတစ်ခုသာဖြစ်သည်။ လှုပ်ရှား တွန်းကန်တာတွေ့ရင် အဲဒါ ဝါယောဓာတ်ပဲဟု ပြောနေကြသည်။ လေသည် ဓာတ်တစ်ခု မဟုတ်၊ ဓာတ်များ စုဝေးပေါင်းစုနေသော အရာသာဖြစ်သည်။

(Air is mixture of gases) ဤအခြေခံ ဓာတ်များ (သတ္တိများ) ကြောင့် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သော အက်တမ်များ ပေါင်းစပ် ပါဝင်မှုသော ဒြပ်စင်တစ်ခု ဖြစ်ပေါ်လာသည်။ ဖွဲ့စည်းဖြစ်ပေါ်ပြီးသော ဒြပ်စင်ကို အမှီပြု၍ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဓာတ်များ(သတ္တိများကို) ဥပ္ပါဒဓာတ်များဟု သတ်မှတ်လေသည်။ ဥပမာ - ဝဏ္ဏဓာတ်(သတ္တိ)၏ ပြယုဂ်အဖြစ် နီသောအဆင်း၊ ဝါသောအဆင်း၊ ပြာသော အဆင်း၊ မဲသောအဆင်း၊ ဖြူသော အဆင်း၊ ညိုသောအဆင်း စသည်တို့ကို သစ်ပင်၊ ပန်းမာလ်၊ ရေ၊ မြေ၊ ဟော၊ တောင် စသည့်အရာဝတ္ထုများတွင် ပြယုဂ်အဖြစ် တွေ့မြင်ရလေသည်။ ဥပမာ - ပန်းတစ်ပွင့်၏ နီသော အဆင်းကို သုံးသပ်ပါက ပန်းပွင့်သည် အရာဝတ္ထုတစ်ခုဖြစ်သည်။ အရာဝတ္ထု တစ်ခုဖြစ်သောကြောင့် အက်တမ်များနှင့် ပေါင်းစပ်ဖွဲ့ စည်းထားရသည်။ အက်တမ်သည် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော၊ ဓာတ်လေးပါးသတ္တိကြောင့် ဖွဲ့စည်းဖြစ်ပေါ်တည်ရှိ သည်။ ပန်းတစ်ပွင့်၏ နီသောအဆင်းသည် ဝဏ္ဏဓာတ် အပါအဝင် ဓာတ်ငါးပါး(သတ္တိငါးပါး)၏ ပြယုဂ်များသာ ဖြစ်သည်။ အလားတူ သစ်ရွက်တစ်ခု၏ စိမ်းသောအဆင်းသည် ဓာတ်ငါးပါး၏ ပြယုဂ်သာဖြစ်သည်။ သစ်ရွက်တစ်ရွက်ကို ဓာတုဗေဒနည်းအရ ခွဲကြည့်လျှင် ဓာတ်တွေအများကြီး တွေ့ရမည်ဖြစ်သော်လည်း အခြေခံအားဖြင့် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဓာတ် (သတ္တိ) လေးမျိုး၏ ပြယုဂ်အက်တမ် (Atom)များ အဖြစ်သာ ဖွဲ့စည်းထားကြောင်း တွေ့ရပေမည်။ ထိုဓာတ်လေးပါး(သတ္တိ)များနှင့် ဝဏ္ဏဓာတ် (သတ္တိ)ပါ ပေါင်းသောအခါ သစ်ရွက်စိမ်းပြယုဂ်သစ်ရွက် တစ်ရွက်

အဖြစ် တွေ့မြင်ရလေသည်။

ဂန္ဓဓာတ်(သတ္တိ)အနံ့သည်လည်း ဤဓာတ်၏ (သတ္တိ) ပြယုဂ်သာဖြစ်သည်။ ဤဂန္ဓဓာတ်သည်လည်း ဖွဲ့စည်းဖြစ်ပေါ်ပြီးသော အရာဝတ္ထုကို အမှီပြု၍သာ ပြယုဂ်အဖြစ်ပါဝင်ရလေသည်။ ဥပမာ - နှင်းဆီပန်း တစ်ပွင့်၏ မွှေးသောအနံ့သည် ဖွဲ့စည်းဖြစ်ပေါ်ပြီးသော အရာဝတ္ထုနှင်းဆီပန်းကိုသာ အမှီပြု၍ ဖြစ်ပေါ်လာသည်။ နှင်းဆီပန်းသည် အက်တမ်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ အက်တမ်သည် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဓာတ်များ(သတ္တိများ)ကြောင့် ဖွဲ့စည်းဖြစ်ပေါ်နေသည်။ ထို့ကြောင့် နှင်းဆီပန်းတစ်ပွင့်၏ မွှေးသောအနံ့သည် ဓာတ်လေးပါးသတ္တိဖြင့် ပေါင်းစပ် ဖွဲ့စည်းဖြစ်ပေါ်နေသော အက်တမ်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော နှင်းဆီပန်း ဂန္ဓဓာတ်(သတ္တိ)၏ ပြယုဂ်အနံ့စသည်ဖြင့် ဓာတ်ငါးပါး၏(သတ္တိများ၏) ပြယုဂ်သာဖြစ်တော့သည်။

ရသဓာတ်(သတ္တိ)အရသာသည်လည်းရသ ဓာတ်(သတ္တိ)၏ ပြယုဂ်သာဖြစ်သည်။ ဤရသဓာတ် (သတ္တိ)သည်လည်း ဖွဲ့စည်းဖြစ်ပေါ်ပြီးသော အရာဝတ္ထု ကိုမှီ၍သာ ပြယုဂ်အဖြစ် ထင်ရှားလေသည်။ ဥပမာ - ဆား၏ငန်သောအရသာသည် ဖွဲ့စည်းဖြစ်ပေါ်ပြီးသော အရာဝတ္ထုဆားကို အမှီပြု၍သာ ပြယုဂ်အဖြစ် ထင်ရှားရလေသည်။ ဆားတစ်ပွင့်သည်အက်တမ်များစွာဖြင့် ဖွဲ့စည်းထားသည်။ အက်တမ်တစ်ခုသည် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဓာတ်များ၏ သတ္တိကြောင့် ဖွဲ့စည်းဖြစ်ပေါ်သည်။ ဆားတစ်ပွင့်၏ ငန်သောအရသာသည် ဘူတဓာတ်လေးပါးနှင့် ရသဓာတ်၊ ဓာတ်ငါးပါး(သတ္တိငါးပါး)၏ ပြယုဂ်မျှ

သာဖြစ်သည်။ ဆားတစ်ပွင့်သည် ဓာတ်ငါးပါးအပေါင်း တစ်ခု၏ သတ္တိကြောင့် ငန်နေခြင်းဖြစ်သည်။

သြဇာဓာတ်(သတ္တိ)၊ သြဇာသည်၊ သြဇာဓာတ် (သတ္တိ)ပြယုဂ်သာဖြစ်သည်။ ဥပမာ - မြေဆီသြဇာ၊ အဟာရသြဇာ စသည့်သြဇာများသည် သစ်ပင်နှင့် သက်ရှိလောကကို ရှင်သန်စေသည်။ သြဇာဓာတ်သည် (သတ္တိ)ဖြစ်ပေါ်ပြီးသော အရာဝတ္ထုများကို အမှီပြု၍သာ ပြယုဂ်အဖြစ် ထင်ရှားလေသည်။ မြေဆီသြဇာသည် သစ်ပင်ကို ကြီးထွားစေသည်။ သစ်ပင်ကြီးထွားမှုသည် မြေသြဇာကြောင့်ဖြစ်သည်။ မြေသြဇာတွင် နိုက်ထရိုဂျင်ဓာတ်၊ ပိုတက်ဓာတ်၊ ယူရီးယားဓာတ် စသည် ဖြင့် များစွာပါဝင်လေသည်။ နိုက်ထရိုဂျင်မြေသြဇာသည် အက်တမ်များဖြင့် ဖွဲ့စည်းထားသည်။ အက်တမ်တစ်ခုသည် ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော ဓာတ်လေးပါး (သတ္တိများ)ကြောင့် ဖွဲ့စည်းဖြစ်ပေါ်နေသည်။ ထို့ကြောင့် နိုက်ထရိုဂျင်မြေသြဇာသည် ဘူတဓာတ်လေးပါးနှင့် သြဇာဓာတ်(သတ္တိ)၏ ပြယုဂ်အဖြစ် ထင်ရှားလေသည်။

အဋ္ဌကလရုပ်ရှစ်ပါး၊ ရုပ်ဝတ္ထု၏ အသေးငယ်ဆုံးသော အနုမြူ (Atom)တွင် အဋ္ဌကလပ်ရုပ်ရှစ်ပါး ပါဝင်နေသည်ဟု ဟောပြောရေးသားနေကြသည်မှာ မြတ်စွာဘုရား၏ ဆိုလိုတော်မူသော သဘောသဘာဝနှင့် မကိုက်ညီဟု ယူဆပါသည်။ အဋ္ဌကလပ်ရုပ်ရှစ်ပါး သည် ဓာတ်ရှစ်ပါး(သတ္တိရှစ်ပါး)၏ ပြယုဂ်များသာ ဖြစ်ပေသည်။ ဓာတ်ရှစ်ပါးသည် မည်သည့်ရုပ်ဝတ္ထုတွင်မှ ပေါင်းစပ်ပါဝင်နေခြင်းမရှိသော သတ္တိများသာဖြစ် ကြလေသည်။ ရုပ်ဝတ္ထုတိုင်းတွင် အဋ္ဌကလပ် ရုပ်ရှစ်ပါး ပါဝင်နေသည်ဆိုလျှင် လူတွင်

လည်း ပါဝင်ရပေမည်။ မြတ်စွာဘုရား၏အလိုတော်အရ လူ၏ ကိုယ်ကာယ သည် "၃၂"ကောဋ္ဌာသသော ရုပ်ဝတ္ထုများဖြင့် ဖွဲ့စည်း ထားခြင်းဖြစ်သည်။ "၃၂"ကောဋ္ဌာသသော ရုပ်ဝတ္ထုများတွင် အဋ္ဌကလပ်ရုပ်ရှစ်ပါး ပါဝင်ရပေမည်။ ပဋ္ဌာသာတိမင်းကြီးအား ဟောကြားတော်မူသော ဓာတုဝိဘင်္ဂသုတ်တွင် "အယံ ပုရိသောဆ ဓာတုယော" ဟု ဟောကြားတော်မူခဲ့လေသည်။ လူဆိုသည်မှာ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော၊ အကာသ၊ ဝိညာဏဓာတ် ခြောက်ပါး၏ ပြယုဂ်သာဖြစ်ကြောင်း ဟောကြားခဲ့လေသည်။ အကယ်၍ အသေးငယ်ဆုံးရုပ်တွင်ပင် အဋ္ဌကလပ် ရုပ်ရှစ်ပါး ပါဝင်နေသည်ဆိုလျှင် အသေးငယ် ဆုံးသောရုပ်များဖြင့် ဖွဲ့စည်း ထားသော "၃၂"ကောဋ္ဌာ သ၊ "၃၂"ပါးသော ကောဋ္ဌာသများဖြင့် ဖွဲ့စည်းထားသောလူကို "အယံပုရိသောဒသဓာတုယော"ဟု ဟောကြားတော်မူခဲ့ပေမည်။ လူဆိုသည်မှာ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော၊ ဝဏ္ဏာ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ အကာသ၊ ဝိညာဏ ဓာတ်ဆယ်ပါး၏ ပြယုဂ်မျှသာဟု ဟောကြားတော်မမူခဲ့ပါ။ ထိုသို့မဟောပဲ "အယံ ပုရိ သောဆ ဓာတုဟော"ဟု ဟောကြား တော်မူခဲ့သည်ကို လေးလေးနက်နက် စဉ်းစားသင့်ပေသည်။ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော ဓာတ်လေးပါးသည် ရုပ်ဝတ္ထု ၏ အသေးငယ်ဆုံး အနုမြူ (Atom)တစ်ခုကို ဖွဲ့စည်း ဖြစ်ပေါ်စေ သော ဓာတ်လေးပါး(သတ္တိလေးပါး)ဖြစ်ပေ သည်။ အနုမြူတစ်ခု တွင် အာကာသဓာတ်(space) လည်း ပါဝင်လေသည်။ အကာသ ဓာတ်(space)ကို ခေတ်သစ်သိပ္ပံပညာက (Ever expending)ဟု အသိအမှတ်ပြုကြသည်။ အနုမြူတစ်ခုတွင်ပါဝင်သော အာကာ

သဓာတ်ကို အနုမြူသိပ္ပံပညာရှင်များက အကယ်၍ (Atom) တစ်ခုကို ဘောလုံးကွင်းတင်ကွင်း ပမာဏခန့်ပုံကြီးချဲ့လိုက်လျှင် အက်တမ်တွင်ပါဝင်သော အီလက်ထရွန်သည် ပင်ပေါင်ဘောလုံး ပမာဏသာရှိ၍ (Atom)၏ အလယ်ဗဟိုတွင်ရှိသော ဝတ်ဆံ (Nucleous)ကို ကွင်းစပ်မှ လှည့်ပတ်နေသည်ဟု ဆိုပါသည်။ ဤပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော ဓာတ်လေးပါးသတ္တိသည် (Atom)တစ်ခုဖွဲ့စည်းဖြစ်ပေါ် စေ၍ ရုပ်ဝတ္ထုအားလုံးသည် (Atom)ဖြင့်သာ ဖွဲ့စည်းထားသောကြောင့် ဩကာသလောက တစ်ခုလုံး ရုပ်ဝတ္ထု အားလုံးသည် ဓာတ်လေးပါး(ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော)၏ ပြယုဂ်များသာဖြစ်ကြလေသည်။ လူ၏ ကိုယ်ကာယသည် ရုပ်ဝတ္ထုများဖြင့် ဖွဲ့စည်းထားသော ကြောင့် ဓာတ်လေးပါး၏ ပြယုဂ်မျှသာဖြစ်ပေသည်။ အသက်ရှင်နေသော လူတွင် ဝိသေသအားဖြင့် ဝိညာဏ(အကြည်ဓာတ်)များ ပါဝင် လေသည်။ ဤအကြည်ဓာတ် (ဝိညာဏဓာတ်)သည် မျက်စေ့ တွင်ရှိသည်။ နားတွင်ရှိသည်။ နှာခေါင်းတွင်ရှိသည်။ လျှာတွင် ရှိသည်။ ကိုယ်ကာယတွင်ရှိသည်။ မနော (ဟဒယ စက်ကွင်း) တွင်ရှိသည်။ ဤအကြည်ဓာတ်များ (ဝိညာဏဓာတ်များ) အသက်ရှင်နေသောလူတွင်ရှိနေသောကြောင့် ဓာတ်ခြောက်ပါး အစုအဝေး၏ ပြယုဂ်ဟု မြတ်စွာဘုရားဟောကြားတော် မူခဲ့လေ သည်။ လူသေသွားသောအခါ (ဝိညာဏဓာတ်ချုပ် ဆုံးသွားသော အခါ) လူ၏ကိုယ်ကာယသည် ဩကာသလောက၏ ရုပ်ဝတ္ထု များနှင့်မခြား ဓာတ်ငါးပါး၏ပြယုဂ်မျှသာ ဖြစ်တော့သည်။ (ဓာတ်ကိုးပါး၏ ပြယုဂ်မဟုတ်ပေ)။

သိပ္ပံပညာသည် ရုပ်လောက၏ ဖွဲ့စည်းဖြစ် ပေါ်ပြီးသော အခြေအနေပေါ်တွင် ရုပ်၏ နိယာမများ သဘောသဘာဝများကို လေ့လာစူးစမ်းဖော်ထုတ် အသုံးချလျက်ရှိလေသည်။ ရုပ်၏ဖွဲ့စည်း ဖြစ်ပေါ်စေသော အခြေခံအကြောင်းတရား (သတ္တိ)များကိုကား ရှာဖွေတွေ့ရှိဖော်ထုတ်နိုင်စွမ်းမရှိပေ။ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်က ပွင့်တော်မူခဲ့သော မြတ်စွာဘုရား၏ သဗ္ဗညုတ ရွှေဉာဏ်တော်သည်သာ ရုပ်၏ ဖွဲ့စည်းဖြစ်ပေါ်စေသော အခြေခံ အကြောင်းတရားများ(သတ္တိ)များကို ရှာဖွေတွေ့ရှိတော်မူ ခဲ့လေ သည်။ ထို့ကြောင့် ဗုဒ္ဓ၏ တရားစစ် တရားမှန်များကို သိပ္ပံ နယ်လွန်သိပ္ပံပညာ၊ (Supreme Science)ဟု သတ်မှတ် ရပေမည်။

ဤအခြေခံအကြောင်းတရားများဖြစ်သော ပထဝီဓာတ် (သတ္တိ)၊ အာပေါဓာတ်(သတ္တိ)၊ ဝါယောဓာတ် (သတ္တိ)၊ တေဇော ဓာတ်(သတ္တိ)၊ ဂန္ဓဓာတ်(သတ္တိ)၊ ရသာဓာတ် (သတ္တိ) ဩဇာဓာတ် (သတ္တိ)များသည် ဩကာသလောကကို ပြုပြင်စီရင်ဖန်တီး နေသောသတ္တိများ ဖြစ်ကြလေသည်။ ဩကာသ လောကကို တစ်စုံ တစ်ယောက်သော ဖန်ဆင်းရှင်၊ တန်ခိုးရှင်ကမျှ ဖန်ဆင်းခြင်း မဟုတ်သလို၊ ဤသတ္တိ များသည်လည်း တစ်စုံတစ်ယောက်သော တန်ခိုးရှင်၊ ဖန်ဆင်းရှင်၏ ဖန်တီးမှုမဟုတ်မူဘဲ၊ စကြာဝဠာအနှံ့ အလိုအလျောက်တည်ရှိ နေသော သတ္တိများ၊ အနတ္တ တရားများ သာ ဖြစ်တော့သည်။

သဗ္ဗေဓမ္မာ၊ အနတ္တာ